
www.burmeseclassic.com




# ပိကိုဇူးဇင်

အချစ်မိုးတွေ သွန်းဖြိုးဝေ

ပန်းချီ ယိန်းရွှေကြည်

www.burmeseclassic.com

www.burmeseclassic.com

# မိကိုဖူးဇင်

[illegible]

စာမူခွင့်ပြုချက်အမှတ် - [illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [illegible]

ပထမအကြိမ်

[illegible]

အုပ်ရေ - [illegible]

ထုတ်ဝေသူ - [illegible]

ပုံနှိပ်သူ - [illegible] OFFSET

[illegible]

## နိုင်ငံတော်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





# မိကိုရှုးရင်

## အချစ်မိုးတွေ သွန်းဖြိုးဝေ

စိစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

ကိုကို့ကို လက်ထပ်ရမည်ဟု မာမီက ပြောသောအခါ ခင်သော်က စိတ်ထဲ မလိုလား မနှစ်သက်နိုင်အောင်ဖြစ်သွားမိလေသည်။

"မာမီတို့ ရန်ကုန်သွားကြမယ်၊ မြမြတို့နဲ့ တွေ့ပြီး လက်ထပ်ပွဲကိစ္စတွေ ညှိနှိုင်းဆွေးနွေးရမှာပဲ"

"မာမီ"

"ပြော"

"ကိုကိုနဲ့ သမီးက မောင်နှမတွေလို နေကြတာပါ၊ ခင့်ပွန်းယောက်ျားအဖြစ် သော်က ကိုကို့ကို ချစ်နိုင်မှာ မဟုတ်ပါဘူး"

သူမ ငြင်းဆန်လိုက်မိသည်။

ကိုကို့ကို လက်မထပ်ချင်ပါဘူး။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူမထက် အသက်အရွယ်ကြီးရင့်သော ယောကျ်ား တစ်ယောက်ကို လက်မထပ်လိုပေ။

"သမီးက အိမ်မှုကိစ္စတွေလည်း ဘာမှ နားလည်တာ မဟုတ်ပါဘူး၊ ကိုကိုက အရမ်းတိကျတာ၊ သော်ကကို လည်း အိမ်ရှင်မတစ်ယောက်ပုံစံခွက်ထဲ ရိုက်သွင်းမှာပါ"

"သော်က ညည်း ဘာမှ ငြင်းမနေနဲ့တော့ မာမီတို့ စီစဉ်တာကိုပဲ လက်ခံရမယ်၊ သမီးရဲ့ ဘဝရှေ့ရေးအတွက် မာမီ စီစဉ်တာပါ၊ ပြီးတော့ မာမီ နေမကောင်းတော့ဘူး၊ ရောဂါတွေစုံနေပြီ၊ မာမီ စိတ်ချချင်တယ်၊ မောင် ချစ်စမ်းမောင်ကိုပဲ စိတ်ချတယ်၊ သမီး ကိုကိုက ငွေရော၊ အသိပညာရော လုပ်ငန်းတွေ အောင်မြင်မှုတွေရော အရာ အားလုံး ပြည့်စုံနေတာပဲ"

ကိုကို ...

သူမတို့နှင့် အိမ်ချင်းကပ်နေသွားပြီး ပြောင်းသွား ကြတာ ငါးနှစ်လောက်ပဲ ရှိသေးသည်။

စည်းစနစ်ကြီးကြီး တိကျလွန်းတဲ့ ကိုကို့စည်းကမ်း ပုံစံခွက်ထဲမှာ သော်က နေနိုင်မှာ မဟုတ်ပေ။

ဟွန်း ...

သူမနှင့် ကိုကိုက မတည့် ...





နေချင်သလိုနေ၊ သွားချင်ရာသွားတတ်တဲ့ သော်က ကို သူက အရမ်းအထင်သေးတာပဲ။

သော်က အိမ်မှုကိစ္စတွေ ဘာမှ မတတ်ပေ။

မလုပ်ချင်။

ငယ်စဉ်လေးတည်းက မာမီ အလိုလိုက် အကြိုက် ဆောင်ထားခြင်းခံရ၍ သော်က ဆိုးချင်သည်။

နေရာတကာ အနိုင်ရယူလို၏။

အစားစားတာက အစ အခန့်သင့်ပဲ စားသောက် တတ်သည်။

အိမ်ဖော်တွေ အလုပ်သမားတွေနှင့် နေခဲ့ရတဲ့ဘဝ။

ကိုကိုက စည်းစနစ်ကြီးသူ ...

အသန့်အပြန့်လည်း အရမ်းကြိုက် ...

ဆရာလည်း လုပ်တတ်သေးတဲ့ ကိုကိုနှင့် သော်က မတည့်ပေ။

"မင်းက တော်တော် မိန်းကလေးမပီသတဲ့ မိန်းကလေးတစ် ယောက်ပဲ သော်က၊ လူ့တန်ဖိုး ဆိုတာ မင်းနားလည်လား"

ဘာလူ့တန်ဖိုးလဲ ...

ရှင်ကြီးသာ လူ့လောကစည်းစနစ်ပုံစံခွက်ကြီးထဲမှာ ပဲ နေပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သော်ကကို အမြဲတမ်း ကဲ့ရဲ့ရှုတ်ချ အထင်သေးနေတတ်သည်။

"ကိုကိုက သော်ကကို အထင်မကြီးပါဘူး၊ ချစ်လည်း ချစ်မှာမဟုတ်ပါဘူး မာမီရာ၊ သော်က နေချင်သလိုနေတတ်တာ မာမီ အသိပဲ"

"မောင်ချစ်စမ်းမောင်ရဲ့ စည်းစနစ်တွေကို မာမီ သဘောကျတယ်၊ သမီးကို ထိန်းချုပ်မှ ဖြစ်တော့မယ်"

"မာမီ"

"အရင်က မာမီ အလိုလိုက်ခဲ့တာတွေ များပြီလို့ မာမီ နောင်တတွေ ရလာမိတယ်"

"ဟွန်း မာမီကလည်း"

တစ်သက်လုံး အလိုလိုက်လာပြီးမှ မာမီက နောင်တ ရနေပြန်ပါပြီ။

"မာမီ့ကျန်းမာရေး မကောင်းမှ သမီးကို စိတ်မချဖြစ်လာရတယ်"

မာမီ့ ကျန်းမာရေးက အမျိုးမျိုး ဖောက်လာတာတော့ အမှန်ပဲဖြစ်သည်။

ဒါပေမဲ့ ...

ကိုကို့ကိုတော့ လက်မထပ်ချင်ပါဘူး ...





သောကထက် ခုနစ်နှစ်လောက်ကြီးတဲ့ ကိုကို့ကို လက်ထပ်ရမှာ သော်က မလိုလားမိအောင် ဖြစ်နေရသည်။

နာမည်က ချစ်စမ်းမောင်တဲ့ ...

လူကတော့ တစ်စက်လေးမှ ချစ်စရာမကောင်းဘူး။

သူ့လောက် ဘယ်သူမှ မတော်ဘူး၊ စည်းစနစ်မရှိဘူးလို့ ထင်နေတဲ့ လူတစ်ယောက်ပဲ။

အနေအထိုင် အစားအသောက်ကအစ စည်းစနစ်ရှိမှ ...

"မာမီ"

"ပြော"

"ကိုကိုကရော သော်ကကို လက်ထပ်မှာလား"

"မာမီနဲ့ မြမြ တိုင်ပင်ထားတာပါ၊ သားက မြမြ စကားကို တစ်သဝေမတိမ်း နာခံမှာပါတဲ့"

ဒုက္ခပါပဲ ...

ကိုကိုက သော်ကကို လက်ထပ်ပါမယ်လို့ မပြောဘဲနဲ့။

ယောက်ျား တစ်ယောက်ကို အောက်ကျခံပြီး လက်မထပ်ချင်ပါဘူး ...

သော်က နှုတ်ခမ်းလေးတွေက စူတင်းတင်းလေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီကို ပြောမရ ...

"သမီး"

"ရှင်"

"ဘာမှ ဆင်ခြေပေးမနေနဲ့တော့၊ မာမီ ဆေးကုရင်း ရန်ကုန်သွားမယ်၊ ဟိုမှာ သမီးကျောင်းဆက်တက်ရမယ်၊ မောင်ချစ်စမ်းမောင်နဲ့ လက်ထပ်ရမယ်"

သမီး လက်မထပ်ချင်ပါဘူးလို့ ပြောမလို့ဟာ မာမီ့ကိုကြည့်ပြီး သနား၍ပြောမထွက်တော့။

မာမီ နေမှ မကောင်းတာပဲ ...

ရောဂါဝေဒနာတွေ ဖိစီးပြီး မာမီ ပိန်ချုံးကျနေသည်။

"သော်ကက ကိုယ့်ကို အထင်သေးနေတဲ့ ယောက်ျားတစ်ယောက်ကို လက်မထပ်ချင်ဘူး မာမီ"

"မောင်ချစ်စမ်းမောင်ဘက်ကလည်း မငြင်းပါဘူး"

ကိုကိုက သူ့အမေ အန်တီမြမြရဲ့ စကားကို နားထောင်ရသည်။

ငယ်စဉ်လေးတည်းက အန်တီမြ ပုံစံသွင်းထားခြင်း ဖြစ်၏။

မိခင်စကားကို မြေဝယ်မကျ နားထောင်ရသည်။

ကိုကိုရော သော်ကပါ ငယ်ငယ်လေးနှင့် ဖတဆိုးတွေ ဖြစ်ကြရ၏။





ဒယ်ဒီရော ကိုကို့ဖခင်ပါ သင်္ဘောကပ္ပတိန်တွေဖြစ်ပြီး မရှေးမနှောင်းမှာပင် သင်္ဘောလိုက်ရင်း ပင်လယ်ထဲမှာပဲ အသက်ကို ပေးဆပ်လိုက်ကြရသည်။

ကိုကိုနဲ့ သော်ကတို့က ဘဝတူတွေပါပဲ။

အိမ်ချင်းကပ်နေကြပြီး ဆွေမျိုးတွေလို နေလာခဲ့ကြသည်။

သမီး မရှိတဲ့ ကိုကို့အမေ အန်တီမြက သော်ကကို ချစ်သလို၊ သားမရှိတဲ့ မာမီကလည်း ကိုကို့ကို ချစ်သည်။

ကိုကိုနဲ့ သော်ကသာ မတည့်ကြတာ။

ဆရာလုပ်လွန်းပြီး စည်းစနစ်ကြီးသော ကိုကိုနှင့် သော်ကက ခပ်ကင်းကင်းပဲ အမြဲနေခဲ့သည်။

သူ့စကားကို သော်က ဘယ်တော့မှ နားမထောင်ခဲ့။

လုပ်ချင်ရာ လုပ်သည်။

သွားချင်ရာသွား၏ ။

နေချင်သလို နေခဲ့မိသည်။

ဘာဖြစ်လဲ ...

ရှင်နဲ့ ဘာဆိုင်လဲ ...

ကိုကို ဘယ်လောက်ပဲ ပညာတတ်ပါစေ ချမ်းသာပါစေ သူမကတော့ လုံးဝ မနှစ်သက်မိပေ။

မုန်းလိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



သော်က မနှစ်သက် ...

လွတ်လပ်ပျော်ရွှင်စွာနေတတ်တဲ့ သူမအကျင့်တွေက ကိုကို့ စည်းကမ်းဘောင်နဲ့ တည့်မတ်မှာ မဟုတ်။

သေချင်လိုက်တာ ...

လူ့ဘဝကြီးက ရခဲတာတဲ့ ...

သော်ကတော့ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်တယ် ...

"သော်က"

"ရှင် မာမီ"

"မာမို့ စကားကို နားထောင်ပြီး မောင်ချစ်စမ်းမောင်ကို လက်ထပ်ပါ"

သူမ ...

ငြိမ်သက်နေလိုက်သည်။

စိတ်ညစ်တယ် ...

ကိုကို့ကို သော်က မချစ်ပါဘူး ...

မာမို့စကားတွေကိုလည်း မဆန့်ကျင်ရက်ဘဲ ဖြစ်နေရသည်။

"မာမီ မောတယ်၊ ရန်ကုန်သွားပြီး ဆေးလည်းကုရမယ်၊ မာမီ သမီးလေးကို စောင့်ရှောက်နိုင်မှာ မဟုတ်တော့ဘူး"

"မာမီကလည်း"





သော်က တစ်ယောက်တည်း လူ့လောကကြီးထဲမှာ နေခဲ့ရမှာကို မာမီ စိတ်မချဖြစ်နေသည်။

"သမီးကို မာမီ အမြဲတမ်း အလိုလိုက်ထားခဲ့တာပဲ၊ မာမို့ ကျန်းမာရေးကြောင့် မောင်ချစ်စမ်းမောင်လက်ထဲ အပ်ရမှာပါ"

"သော်က တစ်ယောက်တည်းလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းပြီး နေတတ်ပါတယ် မာမီရယ်၊ စိတ်ချပါ"

"စိတ်မချပါဘူး၊ သော်က မာမို့စကားကို နားထောင်စမ်းပါ၊ သမီးလေးဘဝရှေ့ရေးအတွက် မာမီ စီစဉ်တာလေ"

မာမီကတော့ ဘယ်နည်းနဲ့မှ နောက်ဆုတ်မှာ မဟုတ်တာ သိနေသည်။

ကိုကို့ကို လက်ထပ်ရတော့မယ် ...

စိတ်ညစ်တာပဲ ...

သေချင်လိုက်တာ ...

သော်က စိတ်ထဲမှာ ကိုကိုနှင့် လက်ထပ်ရမှာ အကြောက်ဆုံးပဲ ဖြစ်နေရသည်။

မချစ်ပါဘူး ...

သော်ကမှာ ချစ်သူဆိုတာ ဘယ်တော့မှ ထားဖို့ မစဉ်းစားပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ပျော်ရွှင်စွာပဲ သူငယ်ချင်းတွေနှင့် နေခဲ့သည်။

ကိုကိုနဲ့ လက်ထပ်ပြီးရင် မလွယ်ဘူး ...

အန်တီမြကိုယ်တိုင်က မိန်းမ ပီသစွာနဲ့ အိမ်မှုကိစ္စတွေအားလုံး ကိုယ်တိုင် လုပ်နေတတ်သည်။

"ကဲ ... ပန်းကန်တွေကို သိမ်းတော့ သော်က၊ ဒီခြံနဲ့ တိုက်ကိုတော့ မာမီ ရောင်းဖို့ စီစဉ်လိုက်ပြီ"

"ဟင်"

"ကိစ္စပြတ်ပဲလေ၊ မာမီ့ကိုယ်မာမီ မယုံတော့ဘူး၊ မာမီ့စကားကို သမီးလေး နားထောင်ပါ"

မာမီကတော့ ပြောပြီး အခန်းထဲ ဝင်သွားသည်။

မနက်ဖြန် သွားမှာဆိုတော့ သော်က ပန်းကန်တွေသိမ်းဖို့အတွက် မအုကို ခေါ်လိုက်သည်။

"မမလေး"

"ပြော"

"မအု အလုပ်ပြုတ်တော့မယ်"

"ဘာ"

"မေမေကြီးက မအု ရွာပြန်တော့တဲ့၊ မမလေးက ဟိုမှာပဲ နေတော့မှာတဲ့"

ဟွန်း ...





ရှင့်အကြိုက် မဟုတ်လား ...

ကျွန်မကို ကျွန်လို သဘောထားတော့မယ် မဟုတ်လား။

ယောက္ခမလောင်းကြီး ကိုယ်တိုင်က အိမ်မှုကိစ္စတွေကို ကိုယ်တိုင်ပဲ လုပ်တာပါ။

သေပြီ ...။

"မအု"

"ရှင်"

"ပန်းကန်တွေ သိမ်းထားစမ်းပါ"

"မမလေးကိုတော့ သနားပါတယ်၊ အိမ်မှုကိစ္စတွေ လုပ်ရတော့မှာပဲ၊ မမလေး လက်လေးတွေက အရမ်းနုပပ်နေတာပဲ"

သော်က ချစ်သူတစ်ယောက်လောက် ရှာမထားမိတာများတာပဲ။

ကိုကို့ကိုတော့ လက်မထပ်ချင်ပါဘူးနော် ...

ငယ်ငယ်လေးတည်းက အတူတူ နေလာခဲ့ရ၍ ကိုကိုဟု ခေါ်ရသည်။

"ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်စေချင်တယ်၊ သော်က ... မင်း ကြိုးစားစမ်းပါ"

ကိုကို ပြောတဲ့ စကားတွေကို သော်က မနာခံခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပို၍ သည်။

"မင်း မိန်းကလေးဖြစ်ပြီး ဘာဖြစ်လို့ နေချင်သလိုနေရတာလဲ"

နေမယ် ...

ဘာဖြစ်လဲ ...

ကိုကိုက ဆုံးမလေ ကျွန်မက ရွဲ့လေပဲ။

မတည့်တော့ ...

ကိုကိုနှင့် ကင်းအောင် သော်က နေခဲ့တော့သည်။

မတွေ့တာ ကြာပြီ။

စိတ်ထဲမှာ မကျေနပ်မှုတွေပဲ ခံစားနေရတော့သည်။

❖ ❍ ❖





## အခန်း(၂)

"ခင်သော်ကလေးကို သား လက်ထပ်ရမယ်၊ မေမေ့စကားတွေကို နားထောင်ပါ သားရယ်"

သော်ကဆိုတဲ့ ကောင်မလေးကို ချစ်စရာ အထင်ကြီးစရာ ဘာမှ မရှိပေမဲ့ မေမေ့ စကားကိုတော့ မငြင်းဆန်ချင်ဘဲ ဖြစ်နေရသည်။

အမြဲတမ်း နာခံရတာပါ။

"သော်ကကလေး မနက်ဖြန် ရောက်မယ် သား၊ ခင်မာမာလည်း နေမကောင်းဘူး၊ ဆေးကုမယ်၊ မေမေကတော့ ဘဝတူတွေ ဖြစ်နေလို့ အားလုံး ထိန်းသိမ်းစောင့်ရှောက်ရမှာပဲ သား"

သော်ကက အလွန်အပြင်းထုတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သူ အမြင်ကတ်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စည်းစနစ်ကြီးသူ ...

မဖြစ်ပါဘူး ...

အတူတူ နေစဉ်ကတော့ ခင်သော်က ခေါင်းမာလွန်း၍ အမြင်ကတ်နေမိသည်။

မတွေ့ရတာတောင် ကြာပြီ။

သူ့စီးပွားရေးလုပ်ငန်းကြောင့် ရန်ကုန်ကို ပြောင်းလာခဲ့သည်။

မေမေနဲ့တော့ အဆက်အသွယ်က မပြတ်ခဲ့ပေ။

"သား"

"မေမေ"

"ခင်သော်ကကို သား သည်းခံပြီး ပြုပြင်ပေးပါ"

"ခင်သော်ကက ခေါင်းမာတယ် မေမေ၊ နေချင်သလိုနေတဲ့ဟာမလေး"

သူ ...

စိတ်ပျက်မိသည်။

စည်းစနစ်ကြီးတဲ့ သူ့အတွက် ခင်သော်ကလို မိန်းကလေးမျိုးက ဘဝလက်တွဲဖော် မဖြစ်နိုင်ပေ။

"ခင်သော်ကကို သား လက်ထပ်ပါ"

မေမေ့ စကားတွေကို သူ ဘယ်တော့မှ မငြင်းဆန်ခဲ့ပေ။





"ဒီတိုက်မှာ မေမေနဲ့ ခင်မာမာတို့ နေမယ်၊ သားတို့အတွက် ခြံနဲ့ တိုက်တစ်လုံး ဝယ်ပေးမယ်"

"ကောင်းပါတယ် မေမေ၊ သားလည်း အိမ်ထောင်ပြုပြီးရင် သီးသန့်ပဲ နေချင်တယ်"

မေမေက ခင်သော်ကကို အလိုလိုက်မှာစိုးနေ၍ သူ သီးသန့်ပဲ နေချင်နေမိသည်။

ခင်သော်ကကိုတော့ မလွဲမသွေ လက်ထပ်ရတော့မည်။

လက်ထပ်ပြီးရင်တော့ မင်း နေချင်သလိုမနေရဘူး ခင်သော်က ...

ကိုကိုကတော့ စည်းစနစ်ရှိသည်။

မင်းကို ပုံစံသွင်းရမယ် ...

သူ့မှာ ချစ်သူဆိုတာ မရှိခဲ့ ...

မိန်းကလေးတွေကို စိတ်မဝင်စားခဲ့ပေ ...

ခင်သော်ကကတော့ ချောမောလှပနေတဲ့ မိန်းကလေးပဲ ...

ပျော့ပျောင်းမလေး ...

အိမ်ဖော်တွေအားကိုးနဲ့ အမြဲတမ်း နေခဲ့သူ ...

မကြိုက် ...



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက မိန်းကလေးအလုပ်ပဲ လုပ်စေချင်သည်။

ယောကျ်ားတစ်ယောက်နဲ့ ရင်ဘောင်တန်းပြီး နေချင်သလိုနေမဲ့ မိန်းကလေးမျိုးကို မနှစ်သက်မိပေ။

ခင်သော်ကကို မကြိုက် ...

လက်ထပ်ရမယ် ဆိုတော့လည်း သူ လက်ခံဖို့ပဲရှိသည်။

မေမေ့ကို စိတ်သောကမရောက်စေချင်၍ပဲဖြစ်၏။

"သား"

"ဗျာ"

"ခင်သော်ကနဲ့ သားက ဘဝတူတွေ၊ အဖမဲ့တွေ၊ ဘာပဲဖြစ်ဖြစ် မေမေတို့မှာ ဆောင့်ရှောက်ရမဲ့ ဝတ္တရားတွေ ရှိနေတယ် သား"

သူကတော့ ခင်သော်ကကို သံယောဇဉ် ရှိပါတယ်။

ငယ်စဉ်လေးတည်းက အတူတူနေလာခဲ့ကြတာပဲ။

ဒါပေမဲ့ ...

တော်တော်ခေါင်းမာပြီး ပေါ့ပေါ့နေသည်။

"မနက်ဖြန် မေမေတို့ သွားကြိုရမယ်"

"ဟုတ်ကဲ့"





"သားအနေနဲ့ နွေးနွေးထွေးထွေး ဆီးကြိုစေချင်တယ်ကွယ်"

သူ ...

မကြိုဆိုချင် ...

ခေါင်းမာတဲ့ ကောင်မလေးတစ်ယောက်ကို အောက်ကျို့ပြီး မဆက်ဆံလို ...

မေမေက ရှိနေသည်။

အန်တီမာရဲ့ မျက်နှာလည်း ထောက်ထားနေရ၏။

သူ့ကို အရမ်းချစ်တာပဲ ...

ငယ်စဉ်လေးတည်းက ထိန်းကျောင်းလာသူဖြစ်သည်။

"မောင်ချစ်စမ်းမောင်က အန်တီမာ့သားပါပဲ၊ သားလေးတစ်ယောက်လို ချစ်တာပါ"

ခင်သော်ကနဲ့ကတော့ အတူတူနေပေမဲ့ သံယောဇဉ်မတွယ်ခဲ့။

နေချင်သလိုနေတတ်တဲ့ ခင်သော်ကရဲ့ အကျင့်စရိုက်တွေကို သူ လုံးဝ မနှစ်သက်မိပေ။

"မာမာတို့ ရောက်လာတာနဲ့ တစ်လအတွင်း မင်းတို့ လက်ထပ်ပွဲကို ကျင်းပမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဒီလော့က်မြန်မြန်ကြီးတော့ ..."

"လုပ်သင့်တာပဲ၊ အချိန်ဆွဲနေဖို့ မလိုပါဘူးကွယ်"

ဒေါ်မြမြကတော့ သားကို ခင်သော်ကနဲ့ လက်ထပ်ပေးရမှာပဲဖြစ်သည်။

အချိန်မဆွဲလိုတော့ ...

ခင်သော်ကလေးကို စောင့်ရှောက်ရမဲ့တာဝန် ရှိနေသည်။

"မာ့ကျန်းမာရေးက သိပ်မကောင်းတော့ဘူး၊ လူ့လောကကြီးထဲက ထွက်ခွာသွားတော့မယ်၊ မောင်ချစ်စမ်းမောင်လက်ထဲပဲ အပ်သွားပါရစေ"

မာ့ရဲ့ တောင်းဆိုမှုတွေကို မိမိ လိုက်လျောရမည်။

ဘဝတူတွေပဲ ...

အိမ်နီးနားချင်းတွေအဖြစ် နှစ်ပေါင်းများစွာ နေလာခဲ့ကြသည်။

"မေမေလည်း သော်ကလေးကို ချစ်တယ်၊ အိမ်မှုကိစ္စတွေလည်း သင်ပေးရမှာပေါ့၊ နောက်ဆုံးကွယ် မေမေတို့က အလျှော့ပေးသင့်လည်း ပေးရမှာပဲ"

"ဘာကိုလဲ မေမေ"

"သော်က အိမ်မှုကိစ္စတွေ စိတ်မဝင်စားရင်လည်း အိမ်ဖော်လေးတစ်ယောက်လောက်တော့ ခေါ်ထားပေးရမယ်"





"မေမေ"

"ဒီကလေးမကိုတော့ မင်း ပုံစံခွက်ထဲ မသွင်းပါနဲ့ သားရယ်၊ မေမေက သော်ကလေးကို ထိန်းသိမ်းစောင့်ရှောက်ရမဲ့ တာဝန်ရှိပါတယ်"

မေမေ့ဘက်က ဒီဟာမလေးကို အလျှော့ပေးချင်နေတာ သူ သဘောမကျမိပေ။

သူ့ဇနီးမယားက ပေါ့ပေါ့နေ ပေါ့ပေါ့စား နေသွားမှာ စိုးမိသည်။

မရဘူး ...

သီးသန့်နေရမယ် ...

ခင်သော်ကကို အလိုမလိုက်ဘူး ...

အိမ်မှုကိစ္စတွေလည်း လုပ်ရမှာပဲလေ ...

ဘာဖြစ်လို့လဲဆိုတော့ သူ့သားစဉ်မြေးဆက် ရှိသေးသည်။

သားစဉ်မြေးဆက်ပါ ပေါ့ပေါ့နေ ပေါ့ပေါ့စား မဖြစ်စေလိုပေ။

"မင်း စိတ်ထဲမှာ သော်ကလေးအတွက် မလေးလံပါနဲ့ကွယ်၊ စောင့်ရှောက်ရမဲ့တာဝန် ရှိတယ်လေ"

ဒုက္ခပါပဲကွာ ...

မင်းလို မိန်းကလေးတစ်ယောက်ကို ငါ ဘယ်တော့မှ လက်ထပ်ဖို့ စိတ်ကူးမရှိခဲ့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ငါက စံထားရတဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်ချင်တာပါ။

ဘာမှ အထင်ကြီးစရာ မရှိတဲ့ ခင်သော်က ...

ပညာရေးလည်း မကောင်း ...

ဘာမှ အသုံးမကျဘူးကွာ ...

"ခင်သော်ကလေး ရောက်လာရင် သား လိုလိုလားလား ဆီးကြိုပါ"

သူ ...

စိတ်ရှုပ်နေမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

သူ့အိမ်ထောင်ရေးကတော့ သွားပြီ။

မျှော်လင့်ချက်တွေ ဘာမှ ရှိမနေတော့ပါဘူး ...

"ခင်သော်ကလေးကို သား ချစ်ပါ၊ မြတ်နိုးပါ၊ လိုလေသေးမရှိအောင် စောင့်ရှောက်ပါ"

မေမေ့ စကားတွေကို သူ ဆန့်ကျင်၍မဖြစ်ပေ။

ငယ်စဉ်လေးတည်းက မြေဝယ်မကျ နားထောင်ရသည်။

"ခင်သော်ကနဲ့ မင်း လက်ထပ်ရမှာပဲ၊ မင်း လက်ထဲကို အပ်လိုက်တာပဲ သား"

ခင်သော်ကကို သူ လက်ထပ်ရတော့မှာပဲဖြစ်သည်။





ငြင်းဆန်၍မရတော့ ...

သူ့ထက်ငယ်တဲ့ ကောင်မလေးတစ်ယောက်ကို လက်ထပ်ဖို့ သူ လုံးဝ ဆန္ဒမရှိပေ။

ပြီးတော့ ...

ခင်သော်ကတဲ့ ...

ငယ်စဉ်လေးတည်းက ဒီကောင်မလေးကို သူ သဘောမကျမိပေ။

"သော်က ဘယ်လိုပဲ နေနေ ကိုကိုနဲ့ မဆိုင်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးမနေနဲ့၊ မိန်းမရရင် ကိုကို့ပုံစံခွက်ထဲမှာ ဘယ်သူမှ နေမှာမဟုတ်ဘူး၊ အပြောကြီးရင် သွားခေါကြီးနဲ့ ညားတတ်တယ်"

ခင်သော်ကနှင့် သူ ငယ်စဉ်လေးတည်းက လုံးဝမသင့်မြတ်။

သူက ဆုံးမသွန်သင်တာကို တစ်ခွန်းမကျန် ပြန်ပြောတတ်တဲ့ ကောင်မလေးတစ်ယောက်ပဲ။

ဘယ်လို ပုံစံသွင်းမလဲ ...

မရဘူး ...

ပေါ့ပေါ့နေ ပေါ့ပေါ့စားတတ်တဲ့ ကောင်မလေး။

"ကျွန်မ အသက်ကြီးလာရင် ကိုကို့လို လူမျိုးကို ဝေးဝေးက ရှောင်မှာပဲ၊ လူ့ဘဝက ရခဲတယ်လေ၊ စည်းတွေ ဘောင်တွေ ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်း သော်က၊ နင့်လိုကောင်မလေးမျိုးကလည်း ခပ်ဆိုးဆိုးယောကျ်ားနဲ့ပဲရမှာ၊ ဘာအသုံးမှ မကျဘူး"

"ကိုကို မပူပါနဲ့၊ သော်ကတို့က ဘုန်းကံရှိပြီးသားပါနော်၊ ကိုကို စောင့်ကြည့်နေ"

သူ ...

ဒီကောင်မလေးနှင့် လက်ထပ်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားခဲ့။

အထင်လည်း မကြီးပေ ...

သူ ...

ဒီကောင်မလေးကို လက်ထပ်ရတော့မည်ပဲဖြစ်သည်။

"သိပ်လည်း ကြီးကျယ်ခမ်းနားမနေပါနဲ့ ကိုကို၊ ကျွန်မကတော့ လူ့လောကကြီးမှာ ပျော်ပျော်ပဲနေမယ်၊ လူဖြစ်ကျိုးနပ်အောင်လေ ကိုကို"

ဒီကောင်မလေးကို အမြင်ကတ်ကတ်နှင့် သူ ကင်းအောင်နေသည်။

အရောမဝင်တော့ ...

အိမ်ပြောင်းသွားပြီးတည်းက အဆက်အသွယ် မလုပ်တော့။

ကံကြမ္မာက မကုန်သေးဘူး ...

အမြင်ကတ်စရာကောင်းတဲ့ ကောင်မလေးက သူ့ဇနီး ဖြစ်ရတော့မယ် ...





မေမေက စီစဉ်မှာပဲ ...

ငြင်းလို့ရမှာမဟုတ် ...

"ကိုကိုကိုတော့ သော်က လုံးဝ အထင်မကြီးဘူးနော်၊ ဟိတ်ကြီး ဟန်ကြီး လုပ်တဲ့လူတွေကို သော်က တကယ်ပဲ အထင်မကြီးတာ"

သူ့ကို အရွဲ့တိုက်ပြီး ပြောတတ်တဲ့ ကောင်မလေးတစ်ယောက်ပဲဖြစ်သည်။

မေမေက စိတ်တွေ လေးလံမနေပါနဲ့လို့ ပြောပေမဲ့ သူ့ခြေဖဝါးတွေကတော့ လေးလံနေ၏။

ဘဝတစ်လျှောက်လုံး လက်တွဲရမဲ့ မိန်းကလေးက ခပ်ပေါ့ပေါ့လေးနေတတ်တဲ့ မိန်းကလေး ဖြစ်နေသည်။

ဟာကွာ ...

ခင်သော်က ...

မင်းကို ငါ မချစ်ဘူး ...

ငါလက်ထပ်ယူမဲ့ မိန်းမက မင်းလို မိန်းမမျိုး မဟုတ်ဘူး ...

ဒေါသတွေက သူ့ရင်ထဲမှာ ပေါက်ကွဲနေချင်မိသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

သူကိုယ်တိုင် မေမေနှင့်အတူ ခင်သော်ကကို ကြိုရသည်။

အန်တီမာ အတော်လေး ပိန်ချုံးကျနေ၏။

“အန်တီမာ ပိန်လိုက်တာ၊ နေမကောင်းဘူးလား”

“ဟုတ်တယ် မောင်ချစ်စမ်းမောင်၊ အန်တီမာ သိပ်နေမကောင်းဘူးကွယ်”

“အန်တီမာ ဘာမှ အားနာစရာမလိုဘူးနော်၊ အေးအေးဆေးဆေးနေပါ”

သူ့ကို ထိန်းကျောင်းလာတဲ့ အန်တီမာ့ကိုတော့ သနားမိသည်။

ခင်သော်ကကို သူ လုံးဝ မကြည့်ပေ။





“သမီးလေးလည်း လှလာလိုက်တာ၊ သားရယ် ကြည့်ပါဦး၊ တကယ့်ကို ချစ်စရာကောင်းတဲ့ သမီးလေးပါပဲ”

ကိုကို့ကို သော်က မကြည့် ...

ကျွန်မကို အဖက်မတန်သလို ရှင် လုပ်နေတာ မဟုတ်လို့လား ...

မုန်းလိုက်တာ ...

ကျွန်မကို ဘယ်လောက်ပဲ အထင်သေးပါစေ ကျွန်မ ဂရုမစိုက်ဘူး ...

မာမီက အတင်းပေးစားလို့ ကျွန်မ လက်ထပ်မှာ နော် ...

“သမီးလေး”

“ရှင်”

“ကိုကိုလေ၊ သမီးလေး ဘာမှ အားမငယ်ပါနဲ့၊ အန်တီတို့ အိမ်မှာ ပျော်သလိုနေနော်၊ အားနာစရာ မရှိပါဘူး”

“ဟုတ်ကဲ့”

ကိုကိုက သူမဘက် လှည့်လာသည်။

“သော်က”

“ဟင်”

“မင်းတောင် အပျိုကြီး ဖြစ်နေပြီပဲ”



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဆရာကြီးလေသံနှင့် အထက်စီးကနေ လာပြောနေသည်။

ကျွန်မမှာလည်း မာနနဲ့ပါနော် ...

ရှင့်ကိုမှ မချစ်တာ ...

ကိုကို့အကြည့်တွေက တင်းမာခက်ထန်နေသည်။

ရှင့် မျက်လုံးတွေက ကျွန်မကို အထင်သေးနေတာ မဟုတ်လား ...

"လာလေ ခေါ်က၊ သမီးလေးကို မတွေ့ရတာ ကြာပြီကွယ်၊ တကယ်ကို ထွားကျိုင်းပြီး ချစ်စရာကောင်းလိုက်တာ"

ခင်ဆော်က ချစ်စရာကောင်းလာတာတော့ အမှန်ပင်။

လှပချော့မွတ်နေတဲ့ ကောင်မလေးကို သူပင် မကြည့်ဘဲ မနေနိုင်အောင် ဖြစ်သွားရသည်။

သူမကလည်း ခေါင်းမာ၏။

သူ့ကို မကြည့် ...

နှုတ်ခမ်းသားလေးကို တင်းကျပ်စွာစေ့ကပ်ထားမိသည်။

"မောင်ချစ်စမ်းမောင်"

"ဗျာ"

"သားရဲ့ စီးပွားရေး လုပ်ငန်းတွေရော အောင်မြင်ရဲ့လား ကွယ်"





"ဟုတ်ကဲ့ အောင်မြင်ပါတယ် အန်တီမာ၊ ကျွန်တော် အန်တီ့မာကို ဒီလို ပုံစံနဲ့ တွေ့လိုက်တော့ အရမ်းကို စိတ်မကောင်းဘူး"

"ရပါတယ်ကွယ်၊ အန်တီမာ့မှာ အားကိုးစရာမှ မရှိတာဘဲ"

"အန်တီမာ ဘာမှ မစဉ်းစားနဲ့၊ ကျွန်တော် အားလုံး တာဝန်ယူပါတယ်"

"သားရယ်"

ခင်ဆော်က ...

မင်းကို လက်ထပ်ရမှာပါ ...

အန်တီမာ့ကို သနားပါတယ် ...

မေမေရော အန်တီမာ့စကားတွေကို သူ နားထောင်နေမိသည်။

အိမ်ရောက်လာ၏။

မေမေကတော့ ခင်ဆော်ကကို သည်းသည်းလှုပ်နေသည်။

စားသောက်ဖွယ်ရာတွေကို ဧည့်ခံနေသည်။

"သားနဲ့ သမီးကို ပေါ်တင်ပဲ မေမေ ပြောတော့မယ်၊ သားနဲ့ သမီးကို လက်ထပ်ပေးရမယ်"

သူ ...

ငြိမ်သက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်သော်ကလည်း မလှုပ် ...

ပျော်ရွှင်သွက်လက်သွားတဲ့ ပုံစံ မရှိ ...

မင်းကလည်း မာနနဲ့ပဲ ...

"တစ်လအတွင်း လက်ထပ်ဖို့ စီစဉ်ရမယ်၊ သားနဲ့ သမီး တိုက်နဲ့ခြံ ဝယ်ဖို့ စီစဉ်ပါ"

"ဟင်"

အန်တီမြက အတင်းအကျပ်ကြီး လက်ခံလာတော့ သူမ ဘယ်လိုမှ ငြင်းမရ။

မာမီ နေမကောင်းဘူး ...

အင်အားတွေ ချည့်နဲ့နေတဲ့ မာမီ၊ စိတ်ချမ်းသာပါစေ။

"သား ... မချိုပြတဲ့ ဝင်ဒါမီယာက ခြံနဲ့တိုက် သွားကြည့်လေ"

"သော်က အေးအေးဆေးဆေး အနားယူပါစေ မေမေ"

ရှင် ...

မသွားချင်လို့ မဟုတ်လား ...

ကျွန်မကလည်း ရှင်နဲ့ တွဲပြီး မသွားချင်ပါဘူး။

ဖြစ်နိုင်ရင် ...

ရှင်နဲ့ လက်ထပ်ဖို့ ငြင်းပစ်ချင်တယ် ...

လက်မထပ်ချင်ပါဘူး ...





"သွားကြပါ၊ သော်ကလေး ဘာမှ ပင်ပန်းတာမှ မဟုတ်တာပဲ၊ ဒီခြံနဲ့ တိုက်ကို မာမီလည်း ကြိုက်တယ်၊ သူများ လက်မဦးခင် စရန်ပေးထားရအောင်"

မေမေက အတင်းလွှတ်နေ၍ သော်ကကို ခေါ်ပြီး သူ ထွက်လာခဲ့သည်။

ပွဲစား ခေါ်ချို ပြတဲ့ ခြံနဲ့တိုက်ကို ပြ၏။

"မင်း သဘောကျရဲ့လား သော်က"

"ရှင့် ပိုက်ဆံနဲ့ ရှင် ဝယ်တာပဲ၊ ရှင့်သဘောပေါ့"

ကြည့် ...

ခွတိုက်တဲ့ ကောင်မလေး ...

မာရေကျောရေနဲ့ ...

"မေမေက မင်းကို ကြိုက်စေချင်တာပါ၊ ငါကတော့ မင်းလို ကောင်မလေးအတွက် ငွေမဖြုန်းချင်တာပဲ"

"ဒီမှာ သော်ကကို လက်မထပ်ချင်ရင် ရှင် ငြင်းလေ"

ယဉ်ကျေးသိမ်မွေ့ခြင်းမရှိတဲ့ သော်ကကို လက်ထပ်ရမှာ စိတ်ပျက်မိသည်။

မတတ်နိုင် ...

မင်းကို ပုံစံသွင်းရမယ် ...

အိမ်ရှင်မကောင်းပီသလာအောင် ငါ ဘယ်လို လုပ်ရမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ သော်ကမှ သော်က ...

အရေးပေးလွန်းနေသည်။

ဒီကောင်မလေး အရမ်းမြောက်တော့မှာပဲ ...

"သော်က"

"ပြော"

"မင်းဘက်ကရော ငါနဲ့ လက်ထပ်ဖို့ မင်း သဘောမတူဘူးလား"

"မာမီကြောင့် ရှင့်ကို ကျွန်မ လက်ထပ်ရမှာပဲ"

ကိုကိုဟုပင် မခေါ် ...

ဒီကောင်မလေး အရမ်းကို မာရေကျောရေ ဖြစ်နေသည်။

သူ ...

ဒေါသဖြစ်ရသည်။

မတတ်နိုင် ...

ခြံနှင့်တိုက်ကို စရန်ပေးဖို့ စိစဉ်သည်။

တစ်ပတ်အတွင်း ငွေချေရမည် ...

ခြံနဲ့တိုက်က လှပနေပြီး ဘာမှ ပြင်ဆင်စရာမလိုပေ။

"ကိုကို"

"ဘာလဲ"

ကိုကိုတဲ့ ...





ဒီကောင်မလေးစိတ်က မမှန်ဘဲ လေသံက ပျော့သွားသည်။

"ဒီတိုက်ကြီးထဲမှာ ကိုကိုနဲ့ ကျွန်မ နှစ်ယောက်တည်းနေရမှာလား"

"ဟုတ်တယ်"

"ကျွန်မ အိမ်မှုကိစ္စတွေ မလုပ်တတ်ဘူးနော်"

"သင်ရမှာပဲ"

"ကျွန်မတို့အိမ်က မအုကို ခေါ်ထားမယ်"

မအု ရွာပြန်သွားသည်။

မာမီက မလိုအပ်တော့ဘူးဆိုပြီး ငွေကြေးအပြည့်အစုံ ပေးကာ ရွာကို ပြန်လွှတ်လိုက်၏။

သော်က ပြန်ခေါ်ချင်တယ်။

"မအုက ကျွန်မအဖော်ပဲ၊ အိမ်မှုကိစ္စတွေလည်း ကျွန်မ သင်လို့ရတာပေါ့ ကိုကို"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"မင်း အပျင်းထူနေမှာ စိုးလို့"

"ဘာရှင့်"

"မင်း အိမ်ရှင်မဖြစ်သွားပြီဆိုရင် အပျင်းထူလို့မရတော့ဘူး သော်က၊ ကိုကိုက အိမ်ရှင်မ ပီသတာပဲ ကြိုက်တယ်၊ မွေးဖွားလာမဲ့ မျိုးဆက်တွေကအစ စည်းစနစ် ရှိနေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



သော်က မလိုက်နာနိုင်ပေ။

ရှင် တမင်သက်သက် သော်ကကို နှိမ်ချဆက်ဆံချင်တာပါ။

အိမ်ရှင်မ အလုပ်တွေကို စိတ်မဝင်စားတဲ့ သော်ကကို လက်ထပ်ဖို့ ရှင့်ဘက်က ငြင်းလိုက်ပါလားလို့ ...

"သော်က"

"ဘာလဲ"

"ကိုကိုတို့နှစ်ယောက်က မလွဲမသွေ လက်ထပ်ရတော့မှာနော်"

"အင်း"

"မင်း ကိုကို့စကားတွေကို နားထောင်ရမယ်"

"ကျွန်မကို အတင်းအကျပ် ပုံစံခွက်ထဲ မထည့်ပါနဲ့ ကိုကို"

"မိသားစုရှေ့ရေးအတွက်ပါ သော်က"

"သော်ကက ကိုကိုနဲ့ ကလေးမှ မယူချင်တာ"

"ဘာ"

"လူကြီးတွေကြောင့် လက်ထပ်ရမှာပါ၊ အချစ်မပါဘူးလေ၊ ဒါကြောင့် ကလေးမယူကြတာ အကောင်းဆုံးပါပဲ"

သူမ ...

ကားပေါ် တက်ထိုင်လိုက်သည်။





ကျွန်မကို ပုံစံခွက်ထဲ သွင်းလို့မရဘူးဆိုတာ သက်သေပြရမယ် ...

"ကိုကို"

"ဘာလဲ သော်က"

"ကျွန်မနဲ့ လက်ထပ်ဖို့ ငြင်းလိုက်ပါ"

"မေမေ့ စကားကို ငါ မလွန်ဆန်နိုင်လို့နော် သော်က၊ မင်းဘက်က ငြင်းပါလား"

"ကျွန်မ မာမီက နေမကောင်းဘူး၊ လူ့လောကကြီးထဲက ထွက်ခွာသွားရတော့မယ်လေ၊ မာမီ စိတ်ချမ်းသာဖို့ ကျွန်မဘက်က မငြင်းဘူး"

နှစ်ယောက်တော့ ထိပ်တိုက်တိုးတော့မယ်ဆိုတာ ချစ်စမ်းမောင် သိလိုက်ပြီဖြစ်သည်။

သော်က ကောင်မဆိုးလေးကို သူ ဘယ်လို ကိုင်တွယ်ရမလဲ ...

ခေါင်းတွေတောင် ခြောက်လာမိလေသည်။

သူ့အိမ်ထောင်ရေးက ...

မလွယ်တော့ဘူး။

"ကျွန်မကို လက်ထပ်ရင်တော့ ကိုကို အရမ်းစိတ်ဆင်းရဲမှာနော်၊ ကျွန်မက ကိုကို့ပုံစံခွက်ထဲ ဝင်ချင်မှ ဝင်မှာပါ"

ဟုတ်တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com

သော်ကကို မနိမ်အောင် ကြိုတင် ပြောထားတာပဲ။

ရှင့်ကို အောက်ကျခံပြီး ကျွန်မ အနိမ်ခံမယ်ထင်လို့လား ...

ဝေးသေးတယ် ...

ရှင့်စည်းစနစ်တွေထဲမှာ ကျွန်မ စိတ်ကျဉ်းကျပ်ပြီး မနေချင်ပါဘူး ...

မာမို့ရောဂါဝေဒနာတွေက အတော်လေး ကျွမ်းနေသည်။

သမီး မသိစေရန် ကြိတ်မှိတ်ခံစားနေခဲ့၏။

ကိုကိုကတော့ မကျေမနပ်နှင့် နှုတ်ခမ်းကြီး စူတင်းနေသည်။

သော်ကပဲ ...

ရှင် နှိပ်စက်တာကို ခံမဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးနော် ...

နှစ်ယောက်သား စကားမပြောကြတော့ဘဲ ကားနှင့် ပြန်လာခဲ့ကြသည်။

❖ ⭘ ❖





## အခန်း(၄)

မင်္ဂလာကိစ္စတွေအတွက် မာမီနှင့် အန်တီမြ စီစဉ်နေသည်။

သော်ကကိုလည်း မာမီက တတွတ်တွတ် ဆုံးမနေ၏။

"မောင်ချစ်စမ်းမောင်က တကယ့်ကို အားကိုးထိုက်တဲ့ ယောကျ်ားတစ်ယောက်ပဲ သမီးလေး၊ ပြီးတော့ သမီးထက်လည်း အသက်ကြီးတယ်၊ ရိုသေလေးစားရမယ်နော်"

"ဟုတ်ကဲ့ပါ မာမီ၊ သော်ကက မာမို့စကားတွေကို နာခံမှာပါ၊ စိတ်ချ ကိုကို့စိတ်ကြိုက် သော်က နေပေးမှာပါ"

"လိမ္မာလိုက်တာ သမီးလေးရယ်၊ မာမီ စိတ်အေးပါပြီ၊ မောင်ချစ်စမ်းမောင် လက်ထဲ အပ်ရတာ မာမီ စိတ်ချမ်းသာပြီ"


www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီးက သော်ကကို စည်းစနစ်တွေနဲ့ ဆောင်ခတ်ပြီး ချုပ်ချယ်နှိပ်ကွပ်တော့မှာ ထည့်မစဉ်းစားတော့ဘူးလားဟင်။

သော်က စိတ်ညစ်နေမိသည်။

လွတ်လပ်ပေါ့ပါးစွာနှင့် နေလာခဲ့တဲ့ သော်ကအတွက် အိမ်ထောင်ရေးက စိတ်ပျက်စရာပင်။

"သော်က"

"ရှင် မာမိ"

"မာမိ နေမကောင်းတော့ဘူးနော်"

"မာမိကလည်း"

"အစာအိမ်ကင်ဆာဖြစ်နေပြီ"

"မာမိ"

"သမီးလေးကို မာမိ အမှန်အတိုင်းပဲ သိစေချင်တယ်ကွယ်၊ အဓိက မောင်ချစ်စမ်းမောင် စကားကို နားထောင်ပါ၊ သမီး အိမ်ရှင်မကောင်း ပီသအောင်နေပါ"

"ဟုတ်ကဲ့ပါ မာမိ၊ စိတ်ချပါ၊ သော်က ကိုကို့စိတ်ကြိုက် နေမှာပါ"

"မာမိ လူ့လောကကြီးထဲမှာ ခြောက်လလောက်ပဲ နေမှာပါ၊ သမီးလေး လက်ထပ်ပွဲ မြန်မြန်ကျင်းပပြီးရင် မာမိ စိတ်ချမ်းသာပါပြီ"

"ဟုတ်ကဲ့ပါ မာမိ"





"လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ မာမိ စိတ်ချမ်းသာလိုက်တာကွယ်"

မာမို့ရောဂါ ဝေဒနာအခြေအနေကို သိလိုက်ပြီဖြစ်သည်။

နောက်ထပ် ခြောက်လပင် လူ့လောကကြီးထဲမှာ နေထိုင်ခွင့် ရတော့မှာမဟုတ် ...

စိတ်ချမ်းသာအောင် နေပြလိုက်မယ် ...

"သော်ကလေးရေ"

အခန်းထဲသို့ အန်တီမြ ဝင်လာသည်။

"အန်တီမြ လာတာနဲ့ အတော်ပဲ၊ သော်က အန်တီမြဆီမှာ အိမ်မှုကိစ္စတွေ သင်မလို့လေ"

"ဟင် ... ဟုတ်လား၊ သမီးလေး ပျော်သလိုနေပါဦး၊ အိမ်မှုကိစ္စတွေ သင်ဖို့က ဒီလောက်ကြီး အရေးမကြီးပါဘူး"

ဒေါ်မြမြကတော့ သော်ကလေးအကြောင်းသိနေ၍ ရုတ်တရက်ကြီးတော့ မပြုပြင်ချင်သေးပေ ...

သားကိုလည်း ပြောထားသည်။

သော်ကလေးကို စည်းကမ်းတွေ အတင်းအကျပ် မပေးဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



"သော်က ကိုယ်တိုင် သင်ယူချင်တာပါ အန်တီမြ၊ ဘာပဲဖြစ်ဖြစ် သော်က အိမ်ထောင်ရှင်မဖြစ်တော့မှာမို့ ကိုကို့သဘောကျပဲ နေချင်ပါတယ်"

"လိမ္မာလိုက်တဲ့ သမီးလေးရယ်၊ အရမ်းလိမ္မာတာပဲ"

အန်တီမြက သူမ ကိုယ်လုံးလေးကို ဖက်ထားသည်။

မာမီက ကျေနပ်စွာပြုံးနေ၏။

ကျွန်မ အမေကြောင့်နော် ...

ရှင့် အစေအပါး ဖြစ်နေမှာ ကျွန်မအကြောက်ဆုံးပဲ။

မာမီ အသက်ရှင်စဉ်မှာပဲ ကျွန်မ ရှင့်အမိန့်သြဇာတွေကို နာခံမှာပါ။

သော်က မကြိုက် ...

အိမ်မှုကိစ္စတွေကို ငွေကြေးရှိပါလျက်နဲ့ သက်သက်ကပ်တာပဲ ...

ကိုကို့ကို သော်က မချစ် ...

တင်းမာခက်ထန်တဲ့ ကိုကို့အကြည့်တွေက အထင်သေးနေသည်။

သော်ကကို အကြင်နာတွေ အယုအယတွေ ပေးမဲ့ယောကျ်ားတစ်ယောက် မဖြစ်နိုင်ပါဘူး ...

စည်းစနစ်တွေ ရှင် ဖြစ်စေချင်တာတွေနဲ့ ပုံစံခွက်ထဲ ထည့်ထားမဲ့ ယောကျ်ားပဲ ...





"ဒီနေ့ သမီး ကိုကိုနဲ့ ဗိုတ်စာကိစ္စ လုပ်ရမယ်လေ"

ကိုကိုနှင့် သော်က မသင့်မြတ်တာ လူကြီးတွေက မသိပေ။

နှစ်ယောက်သား ရင်းနှီးအောင် တပူးပူးတွဲတွဲ သွားလာနေသည်။

ခြံနှင့်တိုက်ကိုလည်း ပြင်ဆင်နေ၏။

"သော်ကလေး စိတ်ကြိုက်ပဲ ပြင်နော် သား၊ ဘာပဲဖြစ်ဖြစ် သော်ကလေး ဆန္ဒပဲ ဖြစ်ပါစေ"

အန်တီမာကတော့ ဘယ်အရာမဆို သော်ကလေး ဆန္ဒပဲ ဖြစ်စေရမည်။

ကိုကိုက မကြိုက် ...

"ကိုကို့အိမ်ထောင်ရေးမှာ မိန်းမတစ်ယောက်က ဦးဆောင်နေတာမျိုး မကြိုက်ဘူး"

ကိုကိုကလည်း အပြင်ရောက်တာနဲ့ သူ့စိတ်ကြိုက်လုပ်တာပဲ ...

"မင်းက ငယ်တယ်၊ ဘာအတွေ့အကြုံမှ မရှိဘူး၊ မင်းစိတ်တိုင်းကျ လုပ်ဖို့ဆိုတာ မလွယ်ဘူး"

"ကျွန်မကလည်း ကျွန်မ စိတ်တိုင်းကျ လုပ်ပါလို့ မပြောပါဘူးနော်၊ ရှင် ကုန်ရတာပဲ ကျွန်မ အနေသာကြီး"



www.burmeseclassic.com

www.burmeseclassic.com



သော်က အမြင်ကတ်ကတ်နှင့် ပြောပစ်လိုက်မိသည်။

အပြင်ထွက်လာကြ၏။

ဖိတ်စာတဲ့ ...

သူ့စိတ်ကြိုက်ပဲ ရွေးနေစေပြီး သူမ အားထွက်ရပ်နေမိသည်။

"သော်က မင်းအကြိုက်လည်း ရွေးလေ"

"အရေးကြီးတာက လက်ထပ်ဖို့ပဲ၊ ဖိတ်စာလှပခမ်းနားဖို့က အရေးမကြီးပါဘူး"

"မင်း"

သူ ...

ဒေါသဖြစ်ရသည်။

ပေကပ်ကပ် ကောင်မလေးရဲ့ အကျင့်စရိုက်တွေကို မနှစ်သက်မိ။

ဒေါသတွေကို ထိန်းချုပ်လိုက်ပြီး သည်းခံနေလိုက်သည်။

ဒီကောင်မလေးကို ဘာမှ ပြောမနေတော့ဘဲ သူ့စိတ်တိုင်းကျပဲအားလုံး လုပ်ဖြစ်မိသည်။

သော်က အလကားကောင်မလေး ...





အိမ်ထောင်ရေးမှာ သူပဲ ဦးဆောင်ရမည်ဖြစ်သည်။

သော်ကကလည်း မေမေ့ကို ဘာမှ ပြန်မပြောပေ။

စတည်းကသူတို့အိမ်ထောင်ရေးက စိတ်ပျက်စရာကြီး ဖြစ်နေရတော့သည်။

❖ ◎ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

မာမီ့ စိတ်ကြိုက် သူမ အိမ်မှုကိစ္စတွေ သင်ရသည်။

စိတ်ပျက်လိုက်တာ ...

သော်ကကို နှိမ်ချင်တာပဲဟု ထင်မိနေသည်။

အိမ်ဖော်တွေ ထားနိုင်ပါလျက်နဲ့ သူမအား အိမ်မှုကိစ္စတွေ လုပ်စေ၏။

ရှင်က တမင် လုပ်တာပဲ ...

မာမီ့ အခြေအနေကလည်း အတော်လေးဆိုးဝါးလာသဖြင့် သူမ မာမီ့ဆန္ဒအတိုင်း လိုက်လျောနေရသည်။

မင်္ဂလာဧည့်ခံပွဲကြီးပြီးဆုံးသွားတဲ့ အချိန်တွင် မာမီ ကွယ်လွန်သွား၏။

ခြောက်လပင် မနေရတော့။

"မာမီရယ် သော်ကကို စိတ်ချသွားပြီလား"





သော်က မာမီ့ကို ဖက်ပြီး ငိုမိသည်။

"သမီးလေး မောင်ချစ်စမ်းမောင် စကားကို နားထောင်ပါ၊ အိမ်ထောင်ရေးကို အဆင်ပြေအောင် ကြိုးစားပါ"

မာမီက မှာသွားသည်။

သော်က,ကတော့ အိမ်မှုကိစ္စတွေကို အိမ်မှုကိစ္စတွေကိုအိမ်မှာ လုပ်ပြီး ယောကျ်ားထားရာနေ စေရာသွားရမည့် မိန်းမတစ်ယောက်ဘ၀ကို မနှစ်သက်မိပေ။

နှစ်ယောက်တည်း နေပြီး တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီး ချစ်ချင်ခင်ခင်မရှိကြ။

"မမလေး အိမ်ထောင်ကျတာ ကံဆိုးတာပဲ"

မအုံ ပြောတဲ့စကားတွေကို သူ ကြားယောင်လာမိသည်။

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိ၏။

ဟုတ်တယ် ...

မမလေး ကံဆိုးတယ် ...

ကြည့်လေ ...

ယောကျ်ားက စီးပွားရေးကလွဲပြီး အိမ်ထောင်ရေးမှာ အေးစက်နေသည်။

အိမ်မှုကိစ္စတွေကို သော်က လုပ်တဲ့ ...

ဘာလို့ လုပ်ရမှာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြုစုပေးဖို့ သူ့အစေအပါးမှ မဟုတ်တာပဲ။

ဘယ်ရမလဲ ...

သော်ကပဲ ...

ဆိုင်ကနေ ချိုင့်ဆွဲမှာပြီး ထမင်းစားတဲ့ ကိစ္စကို စီစဉ်သည်။

ကိုကိုက မကြိုက် ...

"မင်း ဟင်းကို ဘာဖြစ်လို့ မချက်ဘဲ ဆိုင်က မှာရတာလဲ သော်က"

"ဆိုင်က ဟင်းမှ စားလို့ကောင်းမှာပေါ့၊ ကျွန်မ ချက်တဲ့ ဟင်းက ကောင်းမှာ မဟုတ်လို့လေ"

သော်က လုပ်ရပ်တွေကို သူ နည်းနည်းမှ မနှစ်သက်မိပေ။

ပျောင်းမလေး ...

အပြင်ထွက်ပြီး ဈေးဝယ်ထွက်ဖို့ပဲ စဉ်းစားနေသည်။

တစ်တိုက်တည်း အတူနေပေမဲ့ သူနှင့် သူမက တစ်ခန်းစီ ...

"ကျွန်မက ရှင့်ကျွန် မဟုတ်ဘူးနော်၊ ကျွန်မ လွတ်လပ်ပျော်ရွှင်မှုတွေကိုပဲ လိုလားတာပါ၊ လိုက်ချုပ်ချယ်တာမျိုးတွေ မလုပ်ပါနဲ့"





အနံ့တီမှာ ဆုံးသွားပြီးတည်းက အချိုးပြောင်းသွားသည်။

"ရှင် ကျွန်မကို မကျေနပ်ရင် ကွာရှင်းပြတ်စဲလို့ ရတယ်နော်"

"တော်စမ်း သော်က၊ အိမ်ထောင်တစ်ခုကို တည်ဆောက်ထားတာ မင်းက ပေါ့ပျက်ပျက်လုပ်နေတာလား"

"သော်ကလို ခပ်ညံ့ညံ့ မိန်းမတစ်ယောက်နဲ့ မပေါင်းချင်ဘူးဆိုရင်လေ"

ဒီကောင်မလေး ပြောတဲ့ စကားတွေ ဘယ်လောက်အထိ မာကျောလဲ ...

သူ ...

ဒုက္ခရောက်နေရသည်။

အခန်းထဲမှာ တစ်ယောက်တည်း ...

မိန်းမတစ်ယောက်ကို လက်ထပ်ထားပြီး လူလွတ်တစ်ယောက်လို ဖြစ်နေသည်။

ဆိုင်က ထမင်းဟင်းကို မကြိုက် ...

မေမေ့ဆီ ပြန်စားဖို့ကလည်း သော်ကနှင့် အိမ်ထောင်ရေးအဆင်မပြေမှာစိုးမိသည်။

မေမေလည်း အသက်ကြီးပြီမို့ စိတ်ချမ်းသာစေချင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုဖြစ်ရင်လည်း မေမေက သော်ကဘက်

လိုက်မှာပါ။

သော်က ...

မင်း တော်တော်ဆိုးတာပဲ ...

မိန်းကလေး မပီသပေ ...

မိခင် ရှိတုန်းကသာ အိမ်မှုကိစ္စတွေ သင်သလို

ဘာမှ မလုပ် ...

သန့်ရှင်းသပ်ရပ်စွာ နေတတ်တဲ့သူပဲ လုပ်နေရသည်

လုပ်ပေးမဲ့ တပည့်တွေ ရှိပေမဲ့ ကိုယ့်မိန်းမ ညံ့

တာ သိမှာစိုး၍ ကိုယ်တိုင်ပဲ လုပ်၏။

ထမင်းဟင်းလည်း ကိုယ်တိုင်ပဲ ချက်သည်။

အိမ်က မိန်းမ ချက်ပြုတ်ထည့်ပေးလိုက်သလို

ချိုင့်ထဲ ထည့်ယူလာရ၏။

ဒီလို အိမ်ထောင်ရေးကို ဘယ်လို တည်မြဲအော

လုပ်ရမလဲ ...

မေမေ့ကို ပြောပြီး ကွာရှင်းပြတ်စဲလိုက်ရမလာ

သော်က ...

မင်းကို ငါ စွဲလမ်းနှစ်သက်နေမိပြီကွာ ...

ကွာရှင်းပြတ်စဲရမှာတောင် ကိုကို ဝန်လေးနေမိတယ်

မင်းကို ဘာဖြစ်လို့ ချစ်သွားရတာလဲ ...





ဒုက္ခပါပဲကွာ ...

မင်းအပေါ် သံယောဇဉ်တွေ တွယ်တာနေမိပြီ။

သူ ...

ဘယ်လို လုပ်ရမလဲ ...

ချောမောလှပနုထွတ်နေတဲ့ သော်ကကို မြင်တွေ့ဖန်

များတော့လည်း သူ တဖြည်းဖြည်း ချစ်ခင်နှစ်သက်လာရသည်။

ခက်တာက ...

ယောက်ျားမာနနှင့် အလျှော့မပေးလိုပေ။

သော်ကကလည်း မာနနှင့် သီးသန့်နေသည်။

သူက စားစရာတွေ ချက်ပြုတ်ထားပေမဲ့ မစားပေ။

ထမင်းချိုင့် မှာစားသည်။

"မင်း ကိုယ် ချက်တဲ့ ထမင်းကို စားပါလား သော်က၊ ထမင်းချိုင့် ဆွဲစားနေတော့ ကောင်းမလား"

"ဘာဖြစ်လို့ မကောင်းရမှာလဲ၊ ကျွန်မကိစ္စပဲ၊ အထင်သေးရင် ကျွန်မကိုပဲ အထင်သေးမှာလေ"

"မင်းက ကိုကို့ မိန်းမလေ သော်က"

"ကျွန်မ ပြောထားပြီးပြီပဲ၊ ကျွန်မက ရှင့်ဂုဏ်သိက္ခာတွေကို မဲ့စေတယ်ဆိုရင် ကွာရှင်းလိုက်ပါ"

သော်ကကို ဘယ်လို စည်းရုံးသိမ်းသွင်းရမှန်း

မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းဖို့ စကားတွေကို သော်ကကပဲ စပြောနေတတ်သည်။

သော်ကကို သူ ချစ်မိနေ၏။

ဘယ်လို ပြောရမလဲ ...

မာနတကြီးနှင့် သူ့ကို ခပ်ကင်းကင်းလေး နေလို့လား ...

တဖြည်းဖြည်းနှင့် သော်ကသည် ချစ်စရာကောင်းလောက်အောင် ညို့ယူနိုင်စွမ်းရှိတဲ့ မိန်းကလေးဖြစ်နေသည်။

သူမ မျက်နှာ ချောချောမွတ်မွတ်လေးပေါ်တွင် မျက်လုံးဝိုင်းဝိုင်းနက်နက်လေးများက စွဲမက်စရာ အလွန်ကောင်းနေ၏။

မင်းကို ဘယ်လို ကွာရှင်းရမလဲ ...

စည်းစနစ်တွေ ကြီးတဲ့ ကိုယ်တောင် မင်းကို အလျှော့ပေးချင်လာပြီ သော်က ...

သူ ...

အိမ်ပြန်ရောက်လာသည်။

သော်က မရှိပေ ...

မိန်းကလေးတစ်ယောက် ဒီအချိန် အိမ်မှာပဲ ရှိနေသင့်သည်။





သူ စိတ်ပူသွားရ၏။

သော်က ဘယ်ရောက်နေလဲ ...

သူ့အိမ်ရှင်မက သူ အိမ်ပြန်ရောက်တာနှင့် ဆီးကြိုပြီး ပြုစုစေချင်မိသည်။

အိမ်ရှင်မ ပီသလွန်းတဲ့ မိန်းမတစ်ယောက်ကိုပဲ လက်ထပ်လို၏။

အခုတော့ ...

သော်က မရှိ ...

ဘယ်သွားနေတာလဲ ...

သော်ကမှာ လက်ကိုင်ဖုန်း ရှိပေမဲ့ သူ့ဘက်ကစပြီး ဆက်ရမှာ ဝန်လေးနေမိသည်။

ယောကျ်ားမာနဲ ...

မင်းကို ငါ ဘယ်လို အလျှော့ပေးရမလဲ ...

ဘာလုပ်ပေးရမလဲ ...

သော်ကနှင့် ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်လိုလာခဲ့သည်။

ကိုကို့ဘက်က ဘယ်လို လျှော့ရမလဲ ...

သူ့ဘက်က မာန်မာနတွေနဲ့ ခပ်ကင်းကင်းနေလာပြီးမှ သော်ကလို ထောင့်မကျိုးတဲ့ ကောင်မလေးကို အောက်ကျခံမဆက်ဆံလိုပေ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရှင်တဲ့ ...

မိန်းမက မရှိ ...

သူနှင့် တစ်ယောက် တစ်ခန်းစီ ခွဲအိပ်နေသည်။

မင်္ဂလာဦးညတည်းက သော်က အခန်းခွဲအိပ်၏။

"လူကြီးတွေ အတင်းပေးစားလို့သာ လက်ထပ်လိုက်ရတာပဲ၊ ကိုကိုနဲ့ သော်က ကြားမှာ အချစ်မရှိသေးတော့ ခပ်ခွာခွာ နေကြတာပဲ ကောင်းပါတယ်"

သော်ကဘက်ကပဲ စတင်ပြောပြီး အခန်းခွဲသွားသည်။

သူ့ဘက်က ဘာမှ တားဆီးပြောဆိုနိုင်ခြင်းမရှိခဲ့။

"ကျွန်မတို့နှစ်ယောက် အချစ်တွေ ရှိလာမှ အိမ်ထောင်တစ်ခုကို တည်ဆောက်လို့ရမှာနော်"

သော်က ...

မင်းကို ချစ်နေမိပြီ။

သံယောဇဉ်တွယ်မိနေတာတော့ ငါ မငြင်းချင်ပါဘူးကွာ။

သူ ...

ညစာအတွက် ပြင်ဆင်နေသည်။

မေမေကတော့ သော်ကရဲ့ အိမ်ဖော်မလေး မအုကို ပြန်ခေါ်ထားပေးလိုက်ပါတဲ့ ...





မအု ရှိနေရင် သော်က အိမ်မှာ နေမလားပဲ့ ...

ထမင်းဟင်းကို ချိုင့်ဆွဲစားနေတဲ့ သော်က လုပ်ရပ်က ပတ်ဝန်းကျင်မှာ အရှက်ရစေခဲ့သည်။

ပြောမရ ...

ကိုကို ချက်တဲ့ ဟင်းကို စားပါလို့ ပြောတော့လည်း သူမက လက်မခံပေ။

"သော်က မင်းဘယ်ရောက်နေလဲကွာ"

သော်က လက်ကိုင်ဖုန်းကို ဆက်ဖို့ ဝန်လေးနေမိသည်။

နေရာတကာ ချုပ်ချယ်တယ်ဆိုပြီး မုန်းနေမလားပဲ။

သူ ...

ဘယ်လို ဖြစ်ရတာလဲ ...

သော်က အမုန်းတွေကို ခံယူဖို့လည်း ဝန်လေးလာရသည်။

ချစ်စမ်းမောင် ...

မင်း ...

ပြောင်းလဲသွားပြီလား ...

ထူးဆန်းအံ့သြဖွယ်ရာ ဒီကောင်မလေးကို ချစ်သွားပြီလား ...


www.burmeseclassic.com

www.burmeseclassic.com

ညစာ ချက်ပြုတ်ပြင်ဆင်ပြီးတဲ့အချိန်တွင် သော်က ကားနှင့် ပြန်ရောက်လာသည်။

ဧည့်ခန်းမှာ သူနှင့် ဆုံ၏။

"မင်း ဘယ်သွားနေတာလဲ သော်က"

"နယ်က သူငယ်ချင်းတစ်ယောက် ရောက်လာလို့ ကျွန်မ ညစာလိုက်စားတာလေ"

သူမ ...

ထွက်သွားဖို့ပြင်သည်။

သူ သော်ကို တင်းတင်းမာမာ ပြောဖို့ပင် ဝန်လေးနေရ၏။

သော်က ပြောပြောဆိုဆိုနှင့် အပေါ်ထပ် တက်သွားသည်။

"ကျွန်မအတွက် မပူပါနဲ့၊ ညစာထွက်စားတာတောင် မျိုမကျဘူး၊ အိမ်ကို အရောက်ပြန်ရတာ စိတ်ပျက်စရာပဲ"

သော်က ပြောပြီး အပေါ်ထပ်သို့ တက်သွားလေသည်။

သူ ကျန်ခဲ့၏။

ညစာကို ကိုယ့်ဘာသာပြင်ဆင်ပြီး စားသောက်လိုက်ရသည်။





သူ မျှော်မှန်းထားတဲ့ အိမ်ထောင်ရေးနဲ့က လုံးဝ ဆန့်ကျင်ဘက်ပဲ။

အချိန်တွေက အေးစက်စက်ဖြင့် ဖြတ်သန်းကျော်လွန်ပြီးဆုံးသွားရလေသည်။

❖ ○ ❖


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ကိုကို ...

ရှင့်ကို ကျွန်မ ဘယ်တော့မှ အောက်ကျို့ဆက်ဆံမှာ မဟုတ်ဘူးနော် ...

သော်ကကို အထင်သေးနေတဲ့ ရှင့်ကို မုန်းတယ်။

အိမ်ရှင်မ ပီသစေချင်တာထက် ကျွန်မကို အိမ်ထဲမှာပဲ ခိုင်းစေချင်နေတာ မဟုတ်လား ...

ကျွန်မ သိပါတယ် ...

ကိုကိုက ကျွန်မကို အရင်တည်းက အထင်မကြီးတာပဲ ...

သော်ကကတော့ ကိုကို့ကို ကွာရှင်းပြတ်စဲဖို့ပဲ ပြောနေမိသည်။

ဟွန်း ...



ရှင်လည်း ရှင့်ဟာရှင် ဘာပဲဖြစ်ဖြစ် ကျွန်မ အထင်မကြီးပါဘူး ...

သော်က သူငယ်ချင်း ချစ်စု ရောက်လာသည်။

အပြင်မှာ ညစာ စားကြ၏။

ဘာဖြစ်လဲ ...

ရှင့်ရဲ့ ပုံစံခွက်ထဲမှာ ကျွန်မ နေနိုင်မှာ မဟုတ်ဘူးနော် ...

ဒီလောက်ငွေကြေးတွေ ချမ်းသာပြီး သော်ကက အိမ်မှုကိစ္စတွေ လုပ်ရမလား ...

"သော်က နင့်ယောကျ်ားက သက်သက် စီးပိုးတာပဲ၊ ဘာအိမ်ရှင်မလဲ၊ ဒီလောက်ချမ်းသာတဲ့ဟာ"

ချစ်စုကလည်း မကျေနပ်ပေ ...

"နင့်မှာ ပိုက်ဆံရှိတာပဲ၊ အလုပ်သမားငှား"

ချစ်စုက မြှောက်ပေးနေသည်။

မအုကို ပြန်ခေါ်ချင်တယ် ...

အိမ်သန့်ရှင်းရေးအစ သူကိုယ်တိုင် လုပ်နေသည်။

သော်က မလုပ်ပါဘူး ...

အိမ်မှာ အမေနဲ့ အလုပ်သမားတွေပဲ ချက်ကြတာပါ။

သော်က အိပ်လို့မရ...

www.burmeseclassic.com

www.burmeseclassic.com

အိမ်ထောင်ရေးက စိတ်ပျက်စရာကောင်းလောက်အောင် ဖြစ်နေသည်။

အပျော်ဆိုတာ မရှိဘူး ...

ကိုကိုက မာနနဲ့ ...

သော်ကကို အလျှော့မပေးတော့ သော်ကလည်း ဘယ်တော့မှ အလျှော့မပေးပါဘူး ...

"သော်က နင်က အရမ်းလှတယ်၊ ယောကျာ်းတစ်ယောက်ကို တစ်ခုလပ်မဘဝနဲ့တောင် ယူလို့ရတယ်ဟာ"

ချစ်စုက မြှောက်ပေးနေသည်။

ဟုတ်တယ် ...

သော်က လှသည်။

ချောမောအိစက်နေတဲ့ မိန်းကလေးတစ်ယောက်ကို ရှင် လက်ထပ်ထားပြီး ကျွန်မအပေါ် ဘာဖြစ်လို့ ဒီလောက် အဖက်မတန်သလို လုပ်နေရတာလဲ ...

မှန်းလိုက်တာ ...

နှုတ်ခမ်းလေးကို စုထော်ထားလိုက်မိသည်။

မှန်ရှေ့မှာ သူမ ထိုင်နေမိသည်။

မကျေနပ် ...

ရှင့်ကို မုန်းတယ် ...





ကျွန်မ တစ်ခုလပ်ဖြစ်သွားပါစေ ရှင့်ကို ဘယ်တော့မှ မချစ်ဘူး ...

အောက်ကျို့လည်း မခံဘူး ...

"ဒေါက်"

"ဒေါက်"

"သော်က"

ကိုကို့အသံ ...

"ဒေါက်"

"ဒေါက်"

"သော်က တံခါးဖွင့်ပါဦး"

သူမ ...

တံခါးဖွင့်ပေးလိုက်မိသည်။

"အပြင်ခဏထွက်ခဲ့ဦး၊ ကိုကို ဧည့်ခန်းကနေ စောင့်နေမယ်"

ဟွန်း ...

ရှင့်မိန်းမပဲ ...

အဖက်မတန်သလိုနဲ့ အခန်းထဲ မဝင်တာ မဟုတ်လား ...

အပြင်ကို လာခဲ့တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ အောက်ကို ဆင်းသွားသည်။

သူမလည်း နှုတ်ခမ်းလေးတွေကို စုထော်ပြီး မကျေမနပ်နှင့် အောက်ထပ်ဆင်းလာရ၏။

ဧည့်ခန်းမှာ ကိုကို စောင့်နေသည်။

"သော်က"

"ဟင်"

"ထိုင်ပါဦး"

သူမ ...

ဝင်ထိုင်လိုက်သည်။

"သော်က"

"ပြောပါ"

"မင်း ဘယ်သွားနေတာလဲ၊"

"ကိုကို့ကို ဖြေပြီးပြီပဲ"

သူမက အေးစက်စက်နှင့် မဖြေချင်သလို ဖြေလိုက်သည်။

ကိုကို့အကြည့်တွေက ဆတ်ခနဲ မော့လာ၏။

"မင်းအဖြေကို ငါ မကြိုက်လို့မေးတာ"

"ကျွန်မ ဒီထက်ပိုပြီး ဘာဖြေရမှာလဲ၊ ချစ်စု ရောက်လာလို့ ညစာ ထွက်စားတာလေ"





"မင်း အပြုအမူတွေကို ငါ သဘောမကျဘူး သော်က၊ မင်းဟာ အိမ်ထောင်ရှင်မ ဖြစ်နေပြီ၊ ယောက်ျား ပြန်လာတာတောင် အိမ်မှာ မရှိဘူးဆိုတော့"

ဘာယောက်ျားလဲ ...

ရှင်က ကျွန်မကို အဖက်မတန်သလို လုပ်နေတာ မဟုတ်လား ...

အိမ်မှာ နေပြီး ရှင့်အစေအပါးဘဝ ထားချင်တာပဲ။

ကျွန်မ လက်မခံနိုင်ပါဘူး ...

"ကျွန်မ အကျင့်စရိုက်တွေကို သိထားပြီးသားပဲဟာ"

"သော်က"

"ကျွန်မ အိပ်တော့မယ်"

"အိပ်ချိန်မှ မဟုတ်တာ"

"ကျွန်မ စောစောအိပ်တတ်တယ်"

"သော်ကနော်၊ မင်း ငါ့ကို မရွဲ့နဲ့"

သူမ ...

တမင်အရွဲ့တိုက်နေသည်ဟု သူ ထင်မိနေသည်။

ငယ်ငယ်လေးတည်းက ခေါင်းမာပြီး ကြည်ဆတ်ဆတ် ကောင်မလေး ...



www.burmeseclassic.com

www.burmeseclassic.com



ညဝတ်အင်္ကျီ အဖြူဆွတ်ဆွတ်လေးကို ဝတ်ထားပြီး တောင့်တင်း ဖြောင့်စင်းနေတဲ့ ကိုယ်လုံးလေးက ထင်းခနဲ ပေါ်လွင်နေသည်။

သူ ကြည့်မိသွား၏။

သော်ကက သူ့မိန်းမ ...

လက်ထပ်ပြီးတည်းက ကျွန်မတို့ နှစ်ယောက်က ဘယ်လိုမှ ပေါင်းစပ်လို့ရမှာ မဟုတ်ဘူး၊ တစ်နေ့ ကွဲချင်ကွဲမှာဆိုပြီး အခန်းခွဲအိပ်သည်။

"ကိုကို"

"ပြော"

"ကျွန်မ နေချင်သလိုနေပါရစေ၊ ကိုကို့ ပုံစံခွက်ထဲ ဝင်ချင်မှ ဝင်မှာနော်"

"သော်က"

"ကိုကိုလည်း နေချင်သလိုနေပါ သော်ကကိုလည်း သိပ်မချုပ်ချယ်ပါနဲ့"

"ငါ့ဂုဏ်သိက္ခာတွေကို မင်း ထည့်တွက်ပါဦး သော်က"

"ကျွန်မ ဘာလုပ်နေလို့လဲ၊ ရှင့် ဂုဏ်သိက္ခာကျအောင် ဘာမှ မလုပ်ဘူးနော်"

"မင်း အိမ်မှာပဲနေပါ သော်က"





"သူငယ်ချင်းလာလို့ သော်က ညစာ သွားစားတာပဲ၊ ယောကျာ်းလေး သူငယ်ချင်းနဲ့ သွားတာလာတာ မဟုတ်ဘူးနော်"

သူ ...

ဘယ်လို ပြောရမလဲ ...

သော်ကကိုပဲ ချော့ချော့မော့မော့လေး ဆက်ဆံရမလား ...

ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်တစ်ခုကို တည်ဆောက်လိုပေမဲ့ သော်ကနှင့်က အရာအားလုံး ဆန့်ကျင်ဘက်တွေ ဖြစ်နေရသည်။

ညှိနှိုင်း၍မရ ...

သူက သော်ကကို အိမ်ရှင်မ ပီသစေချင်သည်။

ဝတ်စားပြင်ဆင်တာကအစ မြန်မာဆန်စေချင်၏။

သော်က အကျင့်စရိုက်တွေက သူ့ဆန္ဒတွေနဲ့ အားလုံးဆန့်ကျင်ဘက်ပဲ ...

ကြည့်လေ ...

ပါးလွှာတဲ့ ညဝတ်အင်္ကျီကို သူမက ဝတ်ထားသည်။

သော်က ...

မင်းကို ချစ်မိနေပြီကွာ ...

ဘယ်လို လုပ်ရမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်ကလည်း အလျှော့ပေးပြီး သော်ကကို မချော့ချင်။

ချစ်စရာကောင်းပြီး ချောမောနုထွတ်နေတဲ့ ကောင်မလေးကို သူ့ရင်ခွင်ထဲမှာ တွေးပွေ့ထားလိုသည်။

အဆင်ပြေအောင် ဘယ်လို ပြောရမလဲ ...

သော်ကကို အောက်ကျို့ပြီး ပြောဆိုဆက်ဆံဖို့ကလည်း သူ့ဘက်က ဂုဏ်သိက္ခာတွေ ရှိသေးသည်။

"သော်က"

"ပြော"

"တို့နှစ်ယောက် ညှိရအောင်"

"ဘာကိုလဲ"

"အိမ်ထောင်တစ်ခု တည်ဆောက်ထားပြီး အေးစက်နေတာ စိတ်ပျက်စရာကောင်းတယ်"

သူ ...

နည်းနည်းလျှော့လိုက်သည်။

သော်ကနှင့် ညှိနှိုင်းဖို့အတွက် ဆုံးဖြတ်ထား၏။

"ကျွန်မကတော့ ရှင် နေစေချင်သလို မနေနိုင်ပါဘူး"

"မင်း မာမီရဲ့ စကားတွေကို မင်း နားမထောင်တော့ဘူးလား သော်က"





"မာမီမှ မရှိတော့တာပဲ၊ ရှင်လည်း သော်ကကို နှိပ်စက်မယ်တော့ မစဉ်းစားပါနဲ့နော်"

ဒုက္ခပါပဲကွာ ...

မင်း ကောင်းဖို့အတွက် ကိုယ်က စီစဉ်ပေးနေတာပါ။

မိန်းကလေးတစ်ယောက်ဆိုတာ မိန်းကလေး ပီသတာမျိုးပဲ ကိုကိုက ဖြစ်စေချင်တာပါ သော်ကရယ် ...

သော်ကကို ဘယ်လို ရှင်းပြရမလဲ ...

သူ ...

ငယ်စဉ်လေးတည်းက သူ့ဝေယျာဝစ္စတွေမှန်သမျှ ကိုယ်တိုင် လုပ်ရတာကိုပဲ ကျေနပ်မိသည်။

မေမေကလည်း အလေ့အကျင့် လုပ်ပေးထား၏။

သားတစ်ယောက်ကို အပိုးကျိုးအောင် မေမေက သွန်သင်ဆုံးမထားခဲ့သည်။

သော်ကပဲ ...

အန်တီမာက သော်ကကို အရမ်းအလိုလိုက်တယ်။

"ကျွန်မ အိပ်တော့မယ်၊ ကိုကို ဘာပြောစရာရှိသေးလဲဟင်၊ ကျွန်မနဲ့ ညှိနှိုင်းလို့ကတော့ ကိုကို့ဘက်က အလျှော့ပေးရမှာနော်"

ရှင်က အလျှော့မပေးချင်ဘူး မဟုတ်လား ကိုကို။



www.burmeseclassic.com

www.burmeseclassic.com



မာန်မာနတွေ ကြီးပြီး ဂုဏ်သိက္ခာတွေကို မက်မောတဲ့ သူပဲ။

ကျွန်မဘက်ကတော့ ဘယ်တော့မှ အလျှော့မပေးနိုင်ပါဘူး ...

"အေးစက်တဲ့ အိမ်ထောင်ရေးတစ်ခုကို ရှေ့ဆက်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ထင်တယ် သော်က"

သူ ...

ထလိုက်သည်။

မိန်းမတစ်ယောက်ကို ပွေ့ပိုက်ချော့မော့ဖို့ဆိုတာ သူ တကယ်ပဲ မကျွမ်းကျင်တဲ့ကိစ္စ ဖြစ်နေ၏။

"မင်း နေချင်သလိုပဲ နေပါတော့ သော်က၊ အန်တီမှာ မျက်နှာနဲ့ မင်းကို ငါ စောင့်ရှောက်ရမှာပဲလေ"

ကိုကို ထွက်သွားသည်။

သော်က မကျေမနပ်နှင့် ဒေါသထွက်ပြီး ကျန်ခဲ့၏။

ဟွန်း ...

တကယ်ပဲ မာနကြီးတဲ့လူ ...

ရှင်ကလူကြီးတွေကြောင့် မလွဲမရှောင်သာ ကျွန်မကို ပေါင်းနေရတာပဲ မဟုတ်လား ...

ဘာညိုရမှာလဲ ...

ကျွန်မဘက်ကတော့ ဘယ်တော့မှ မလျှော့ဘူးနော်။





လှပချောမွတ်နေတဲ့ သူမ အလှတွေက ကိုကို့ကို ဆွဲဆောင်နိုင်ဘူးလား ...

ရှင် အလကားပဲ ...

ကျွန်မကို အထင်သေးနေတဲ့လူ ...

အခန်းထဲ ပြန်လာတဲ့အထိ သူမ စိတ်ထဲမှာ မကျေနပ်နှင့် ဒေါသတွေ ဖြစ်ရသည်။

မာမီ ...

သော်က ဒီလူ့ကို ဘယ်လို ဆက်ပြီး ပေါင်းရမှာလဲ။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားလိုက်မိသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"သော်က"

"ဟင် ... ချစ်စု"

"နင် ထွက်လာခဲ့လေ၊ ငါ စားသောက်ဆိုင်က စောင့်နေမယ်"

ချစ်စုက သူမ လက်ကိုင်ဖုန်းကို လှမ်းဆက်သည်။

ကိုကိုနှင့် မနက်စာ စားဖို့အတွက် သူမ စားပွဲမှာ ထိုင်နေ၏။

မနက်တိုင်း ...

ကိုကို့ကို သူမ ကော်ဖီနှင့် မုန့် စီစဉ်ပြီး သူမပါ စားရသည်။

သော်က မလုပ်ချင်ပေမဲ့ မလွှဲသာ မရှောင်သာ လုပ်နေရ၏။





"နင် ဘာလုပ်နေလဲ"

"ကော်ဖီ သောက်နေတာ"

"ရပ်လိုက်တော့"

"ရပ်ရမယ်"

"အင်း ... ငါ စောင့်နေတယ်၊ နင် ထွက်ခဲ့ပါဟာ၊ ဘာလုပ်မှာလဲ"

"အင်း"

"ပြီးရော၊ ငါ စောင့်နေပြီနော်"

"အေးပါ"

ကော်ဖီ သောက်နေရာကနေ သူမ ရပ်လိုက်သည်။

"ဘယ်သူ ဖုန်းဆက်တာလဲ"

"ချစ်စု"

"မနက်အစောကြီးပဲ"

"ချစ်စုက မနက်စာစားဖို့ စောင့်နေပြီ"

"မသွားနဲ့"

"ဘာဖြစ်လို့လဲ ကိုကို"

"ဒီနေ့ ကိုကို ရုံးပိတ်ရက်လေ၊ သော်က အိမ်မှာ နေမှပေါ့"

"ခဏလေးပါ၊ သော်က ပြန်လာပါမယ်၊ အခု ချစ်စုက စောင့်ပြီ၊ သူငယ်ချင်းက ရန်ကုန်ကို ခဏလေးလာတာပဲ၊ ချစ်စုနဲ့ တစ်ပတ်လောက်ပဲ တွေ့ရမှာပါ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



သူမ အခွင့်အရေးတွေကို ပိတ်ပင်တားဆီးတာပဲဟု သော်က ထင်နေမိသည်။

ကိုကို့အကြည့်တွေက တင်းမာနေ၏။

အထက်စီးကနေ ဆက်ဆံချင်နေ၏။

သော်က မနာခံလိုပေ ...

ကော်ဖီသောက်နေတာကို ရပ်လိုက်ပြီး ထလိုက်၏။

"သော်က"

"ချစ်စုက နယ်ကနေ ရောက်လာတာပဲ ကိုကို၊ သော်က စောင့်ရှောက်ကူညီရမဲ့ ဝတ္တရားရှိတယ်"

"မင်း သူငယ်ချင်းက မနက်အစောကြီးတည်းက ခေါ်တာတော့ အဓိပ္ပာယ် မရှိဘူး ထင်တယ်"

"သူက တစ်ယောက်တည်းပဲဟာ၊ မနက်မိုးလင်းတာနဲ့ သော်ကကို လိုအပ်မှာလေ၊ တကယ်ဆို သော်ကတောင် ချစ်စုဆီ သွားရမှာ"

သော်က ...

မင်း တမင်အရွဲ့တိုက်ပြီး သွားနေတာ မဟုတ်လား။

ယောကျ်ားကို ဂရုမစိုက်တဲ့ ပုံစံမျိုး မင်း လုပ်နေတာပဲ။

သူ ပြောချင်သည်။

သော်ကကို အတိုက်အခံ မလုပ်ချင်တော့၍ မပြောတော့။





"မင်းက ယောကျ်ားတစ်ယောက်ကို လေးစားရမှန်း အသိအမှတ်ပြုရမှန်း မသိတတ်တဲ့ မိန်းမပဲ သော်က၊ လက်ထပ်ဖို့ကိစ္စ မင်းအစောကြီးတည်းက ငြင်းသင့်တာပဲ"

သူ ...

ပြောလိုက်မိသည်။

သော်ကကို အတင်းအကျပ် တားဆီးလည်း ရန်ဖြစ်ရမှာပဲအဖတ်တင်ပြီး သော်က နာခံမှာ မဟုတ်။

"ကိုကို့ဘက်က ကျွန်မကို ကွာရှင်းချင်ရင်လည်း အချိန်မရွေးကွာရှင်းနော်"

သူမ ...

ပြောလိုက်မိသည်။

ကိုကိုနှင့် သူမ အိမ်ထောင်ရေးက ဆက်သွားနေလို့လည်း မကောင်းတော့ပါဘူးလေ ...

သူမကို အထင်သေးသလို ဆက်ဆံနေတဲ့ ကိုကို့ကိုလည်း မုန်းမိနေသည်။

သွားမယ် ...

ဘာဖြစ်လဲ ...

ချစ်စု စောင့်နေတော့မည် ...

ဒီနေ့ ...

ကိုကို ကုမ္ပဏီ ပိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ...

သော်ကလေးရယ် ကိုကိုနဲ့ပဲ အတူနေပါကွာနော်

ဆို တော်သေးသည်ဟု ထင်မိသည်။

အခုတော့ ...

မျက်နှာထားကြီးက တင်းမာခက်ထန်နေသည်။

မပြောချင်သလိုလို ...

သော်ကကို အထင်သေးပြီး အဖက်မတန်သလိုနဲ့။

ဝေးသေးတယ် ...

ကျွန်မ ဘယ်တော့မှ ယောက်ျားတစ်ယောက်ကို

အောက်မကျို့ဘူး ...

"မင်းဟာ တော်တော်ပေါ့ပျက်ပျက်နဲ့၊ ဘာမှ အထင်ကြီး စရာမရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ"

ကိုကိုပြောတဲ့ စကားတွေကို သူမ မေ့ပစ်၍မရပေ။

ငယ်စဉ်လေးတည်းက သော်ကအပေါ် အထင်သေး

နေတတ်လေသည်။

"ကျွန်မလည်း အိမ်ထောင်ပြုလိုက်တာ မှားတာပါပဲ၊ ကျွန်မ အကျင့်စရိုက်တွေနဲ့ ကိုကို့အကျင့်စရိုက်တွေ လုံးဝ မတူဘူး၊ ကျွန်မတို့နှစ်ယောက် ဆက်ပေါင်းဖို့တောင် မဖြစ်နိုင်ဘူး ထင်တယ်"

သော်က ပြောပြီး အိမ်ထဲကနေ ထွက်လာခဲ့သည်။





ကိုကို ဒေါသတွေ ပေါက်ကွဲပြီး ကျန်ခဲ့ပြီလား ...

ကောင်းတယ် ...

ကျွန်မ ရွဲ့ပစ်ချင်တယ် ...

ကိုကို့ရဲ့ အထင်သေးမှုတွေကို သော်က ခံစားနေ

ရသည်။

"မင်းဟာ ဘာအထင်ကြီးစရာမှ မရှိတဲ့ မိန်းမတစ်ယောက် ပဲ"

ချစ်စုဆီ ရောက်လာသည်။

"သော်က"

"ဟင်"

"ဘာဖြစ်လာတာလဲ"

"ကိုကိုပေါ့"

"နင့်ကို အမိန့်ပေးနေတာလား"

"မသွားရဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"သူ အိမ်မှာ ရှိနေလို့တဲ့လေ"

"ဘာဆိုင်လဲဟာ၊ နင့် ယောက်ျားက ဒီလောက်အထိ မကပ်သတ်သင့်ပါဘူး၊ အခုကြည့်လေ ချစ်စုက သူနဲ့လည်း သိတာပဲ၊ အိမ်တောင်လာလည်ဖို့ မဖိတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စုနှင့် သော်က တွဲပြီး နေချင်သလိုနေကြတာကို အရင်တည်းက ကိုကို မကြိုက်ပေ။

တော်ရုံမိန်းမကို အထင်မကြီးတတ်တာ ကိုကို့အကျင့်ပင်။

"သော်က"

"ဟင်"

"နင်က ယောကျ်ားတစ်ယောက်ကို လက်ထပ်တာ ထောင်ကျတာနဲ့ တူနေပြီပဲဟာ"

ချစ်စုကလည်း ကိုချစ်စမ်းမောင်ကို အမြင်ကတ်မိသည်။

နယ်မှာ နေတည်းက သိပ်ပြီး ကြီးကျယ်ခမ်းနားနေတဲ့လူ ...

"ကိုချစ်စမ်းမောင်က တို့ကို အထင်သေးနေတာလေ"

"အင်း"

"သော်က"

"ဟင်"

"နင့်မှာ မိဘလက်ထက်က အမွေတွေ ရှိတာပဲ၊ နင် အေးအေးဆေးဆေး ကွာရှင်းလိုက်ပြီး လူ့လောကကြီးထဲမှာ ပျော်သလို နေစမ်းပါ"

ချစ်စု ပြောသလိုပဲ သော်က နေပစ်ချင်မိသည်။





ကိုကိုက သော်ကအပေါ် နည်းနည်းလေးမှ အလျှော့ပေးမှာ မဟုတ်။

သော်ကဘက်က လျှော့ပြီး ကိုကို့စိတ်တိုင်းကျ နေမှပဲ။

"သမီး မောင်ချစ်စမ်းမောင်နဲ့ ဆန့်ကျင်ပြီး မနေနဲ့နော်၊ လင်ယောကျ်ားဆိုတာ အားကိုးလေးစားထိုက်ပါတယ်၊ အိမ်ထောင်ရေးမှာ တည်တံ့အေးချမ်းအောင် မိန်းကလေးဘက်က အဓိက ထိန်းသိမ်းရမှာပဲ"

မာမီကတော့ ကိုကို့ဆန္ဒတွေ အတိုင်းပဲ နေစေလိုသည်။

ကွာရှင်းပြတ်စဲတာမျိုးတွေ ကြိုက်မှာ မဟုတ်ပေ။

"သော်က"

"ဟင်"

"နင့်ကို ကြည့်ရတာ စိတ်ညစ်နေသလိုပဲ၊ အိမ်ထောင်ရေးသုခတွေ နင် မခံစားရဘူးလား"

"ဘာအိမ်ထောင်ရေးသုခလဲ၊ ဒီမှာ စိတ်ညစ်လို့ သေတော့မယ်"

ဟုတ်တယ် ...

သော်က ရင်တွေပူလောင်ပြင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နာမည်နှင့် လိုက်ဖက်အောင် သောကတွေ ခံစားနေရ၏။

အိမ်ထောင်ရှင် မိန်းကလေးဖြစ်ပြီး ကိုယ့်ယောကျ်ားနဲ့ အဆင်မပြေ ဖြစ်ရတာ ဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲ ...

မပျော်ပါဘူး ...

တစ်ခါတစ်ရံ ...

ကိုကို့ဆန္ဒတွေအတိုင်းပဲ နေလိုက်ရင် ကောင်းမလားလို့ တွေးနေမိသေးသည်။

"သော်က"

"ဟင်"

"တို့တွေ သီချင်းသွားဆိုရအောင်"

"သွားလေ"

ချစ်စုက အပျော်အပါး မက်မောသူဖြစ်သည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိနေ၏။

သော်က ပျော်သလိုပဲ နေတော့မယ် ...

"သော်က နင့်ကို ကြည့်ရတာ စိတ်ပျက်တယ်ဟာ"

"သော်က ရင်ထဲမှာ အမြဲတမ်းပဲ ပူလောင်နေတယ် ချစ်စုရာ"





"လာဟာ၊ တို့တွေ သီချင်းဆိုကြမယ်၊ ကကြမယ်၊ နင့် ပျော်သလိုနေစမ်းပါ၊ နင့်ကိုယ်နင် ငါနဲ့အတူ အပျိုပဲ သဘောထားလိုက်နော်"

သူမ စိတ်ထဲမှာ နည်းနည်းတော့ လေးလံနေမိသည်။

ကိုကိုက အိမ်မှာ ...

အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ ဒီလောက်အထိ အပျော်မကျူးသင့်ဟု ထင်မိသည်။

အန်တီမြက ရှိသေး၏။

သူမအား လိုလေသေးမရှိ စောင့်ရှောက်နေခဲ့သည်။

ကိုကို့ကြောင့်ပါ ...

သော်ကအပေါ် အမြဲတမ်း မာထန်နေခဲ့သည်။

အထင်သေးနေတတ်၏။

ယောကျ်ားတစ်ယောက်ဖြစ်ပြီး မာန်မနာတွေ ပြနေသည်။

"နင် ဘာမှ စိတ်သောကတွေ ရောက်မနေပါနဲ့ဟာ၊ ငါ ရှိနေတုန်း ပျော်သလိုနေပါ၊ ချစ်စုတို့ကတော့ ဘာကိုမှ ဂရုမစိုက်ဘူး၊ ပျော်ပျော်ပဲ နေတယ်"

ချစ်စုလို အိမ်ထောင်မပြုဘဲ နေရင် ကောင်းမလားလို့ သော်က တွေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အံ့သွားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

ကိုကို ...

ကျွန်မကို ကွာရှင်းပေးပါ ...

အချစ်မရှိတဲ့ အိမ်ထောင်ရေးတစ်ခုကို ကျွန်မ ရှေ့ဆက်မတည်ဆောက်ချင်တော့ပါဘူး ...

ချစ်စုနှင့် သီချင်းဆိုသည်။

မပျော်ပေ ...

"မင်းက အိမ်ထောင်ရှင်မပဲ၊ ဒီလောက်အထိ မလွတ်လပ်သင့်ဘူး သော်က"

ဟွန်း ...

လေသံက နည်းနည်းမှ မလျှော့ ...

တင်းလိုက်တာ ...

အမြင်ကတ်ကတ်နှင့် သော်က ပျော်သလိုပဲ နေပစ်လိုက်မိတော့လေသည်။

❖ ◎ ❖





## အခန်း(၈)

သော်က ...

မင်း ရွဲ့တာပဲ ...

အိမ်ထောင်ရှင်မတစ်ယောက်ဖြစ်ပြီး မင်း ဘာဖြစ်လို့ ခ ါပေါ့ပေါ့နေနေရတာလဲ ကွာ ...

သူ ...

စိတ်ညစ်နေမိသည်။

သော်ကကို ဘယ်လို တားဆီးရမှန်းပင်မသိတော့။

မင်း ဆန္ဒတွေကိုပဲ ကိုကို လိုက်လျောရမလားကွာ။

သော်ကအတွက် သူ့စိတ်ထဲမှာ သောကတွေ ရောက်နေရသည်။

ဒီမိန်းကလေး တည်ငြိမ်အောင် သူ ဘယ်လိုကြိုးစားရမလဲ ...



www.burmeseclassic.com

www.burmeseclassic.com

သူ့မာနတွေကလည်း ဒီလိုကောင်မလေးမျိုးကို နည်းနည်းမှ အလျှော့မပေးချင်မိပေ ...

"သား ... မင်း သော်ကလေးကို သည်းခံပါကွယ်၊ စည်းစနစ်တွေ အရမ်းမတင်းကျပ်ပါနဲ့၊ အချစ်တွေ အကြင်နာ အယုအယတွေနဲ့ တည်ဆောက်စမ်းပါကွယ်"

သော်ကကို အကြင်နာအယုအယတွေ ပေးချင်ပေမဲ့ သူ့ဂုဏ်သိက္ခာနှင့် အရှက်ကြီး ရှက်နေမိသည်။

တွန့်နေ၏။

သူ ...

တစ်သက်လုံး မာန်မာနတွေနှင့် ခပ်ကင်းကင်းနေခဲ့သည်။

သော်ကကို အထင်မကြီးမိ ...

ခပ်ပေါ့ပေါ့လေးနေတတ်တဲ့ သော်ကကို လက်ထပ်ယူဖို့ ဘယ်တော့မှ ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိခဲ့။

လူကြီးတွေကြောင့် လက်ထပ်လိုက်ရခြင်းဖြစ်သည်။

ဒါပေမဲ့ ...

လှပချောမောတဲ့ ကောင်မလေးကို သူ နှစ်သက်မြတ်နိုးမိသည်။

မင်းက မသိဘူး ...

ကိုကို့နှလုံးသားတွေထဲမှာ မင်းကို ချစ်မိနေပြီ။





သော်ကလေးရယ် ...

မင်းကို ဘယ်လို အသိပေးရမလဲကွာ ...

သူ့ဂုဏ်သိက္ခာတွေအတွက် သော်ကနှင့် ယှဉ်ပြိုင်မှုတွေပြနေခဲ့မိသည်။

ဒီကောင်မလေးကို အောက်ကျို့ဖို့အတွက် သူ တွန့်ဆုတ်နေမိ၏။

သူ ...

တစ်ယောက်တည်း ရှိနေသည်။

သော်က ရောက်အလာကို ရင်ခုန်လိုက်မောစွာ ဆောင့်နေမိ၏။

ဒီကောင်မလေးကို ဥပေက္ခာပြုထားချင်မိသည်။

သော်က ...

မင်း ဘယ်ရောက်နေလဲ ...

ဘာတွေ လုပ်နေလဲ ...

ချစ်စုဆိုတဲ့ ကောင်မလေးက အမြဲတမ်း ဗရုတ်သုက္ခ ...နေချင်သလိုနေတဲ့ မိန်းကလေး ...

သော်ကနှင့် အတွဲများသည်။

သူ သဘောမကျမိပေ ...

သော်တာနှင့် ချစ်စုကို သူ ဘယ်တော့မှ အဖက်မလုပ်ခဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ရှုံ့နေတာလားကွာ ...

ကိုကို့နှလုံးသားတွေ မခံစားနိုင်လောက်အောင် သောကတွေ ဝင်ရောက်မွှေနှောက်နေရတယ် ...

မင်းသိရင် ကိုကို့ကို ဟားတိုက်ရယ်မောမှာ မဟုတ်လား ...

ရင်မောနေရသည်။

သော်က လက်ကိုင်ဖုန်းကို ဆက်သွယ်လိုက်တော့ သီချင်းဆိုသံတွေ ကြားရ၏။

ကာရာအိုကေတစ်ခုကို သော်က ရောက်နေတာပဲ။

မင်း ဘာလုပ်နေတာလဲ ...

"သော်က"

"ဟုတ်ကဲ့ ပြောပါ"

သော်က လေသံတွေက ခပ်စိမ်းစိမ်းပင် ဖြစ်နေသည်။

သီချင်းအဆိုမပျက် ...

"သော်က မင်း ပြန်လာသင့်ပြီ"

"ကျွန်မ အိမ်မပြန်ချင်ဘူး၊ စိတ်ညစ်လို့ ဒီမှာပဲ သီချင်းဆိုချင်နေတယ်"

ကိုကို ...

သူမ အမြင်ကတ်ကတ်နှင့် ပြောပစ်လိုက်မိသည်။





သီချင်းတွေကို အော်ဟစ်နေမိ၏။

"သော်က မင်း ပြန်လာခဲ့စမ်း"

သူ ...

အော်ဟစ်ပစ်လိုက်သည်။

"သော်က"

သော်က မထူးပေ ...

ဖုန်းကို ပိတ်ပစ်လိုက်ပြီး သီချင်းဆက်ဆိုနေမိသည်။

"မင်း ပြန်လာသင့်ပြီ သော်က၊ ငါ့ကို အရွဲ့တိုက်နေတာလား"

သော်က ဖုန်းကို ပိတ်ပစ်လိုက်ပြီး နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားပစ်လိုက်မိသည်။

"ကိုချစ်စမ်းမောင်လား သော်က"

"အင်း"

"ပြန်လာဖို့ ပြောတာလား"

"အင်း"

"နေစမ်းပါဟာ၊ ယောက်ျားတွေက သူတို့ကို သိပ်ရေစိုက်နေရင် အနိုင်ကျင့်ချင်ကြတယ် သော်က၊ ချစ်စုတောင် ယောက်ျားတွေ အနိုင်ကျင့်တာ မခံနိုင်လို့ ယောက်ျားမယူတာ၊ နင့်ကိုကိုက နင့်အပေါ် အကျော်ကြီးနဲ့ ဆက်ဆံနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စုက ဆွဲထားသည်။

ယောကျ်ားတစ်ယောက်ရဲ့ အမိန့်ကို ဒီလောက်အထိ မနာခံပါနဲ့တဲ့ ...

"ကိုချစ်စမ်းမောင်က သိပ်ပြီး မာနကြီးတယ်၊ တော်ရုံ မိန်းကလေးကို အထင်မကြီးဘူး၊ နင့်ကို ငယ်ငယ်လေး တည်းက အထင်သေးပြီး အဆက်ဆံ မလုပ်တာပဲဟာ"

ဟုတ်တယ် ...

ကိုကိုက သူမကို ချစ်လို့ မြတ်နိုးလို့ လက်ထပ်တာမှ မဟုတ်တာဘဲ ...

အထင်သေးနေတာ ...

အမိန့်သြဇာတွေ ပေးပြီး အနိုင်ကျင့် နှိမ်ချဆက်ဆံ ချင်တာပါ။

"သော်က"

"ဟင်"

"နင် နေတတ်တဲ့ အကျင့်အတိုင်းပဲ နေစမ်းပါဟာ၊ သူ့ ကွာရှင်းလည်း နင် ရပ်တည်နိုင်တာပဲ၊ နင့်အမေ ကျန်ခဲ့တဲ့ အမွေတွေ ရှိတာပဲ"

ကိုကိုနဲ့ ကွာရှင်းပြတ်စဲလိုက်တာ အကောင်းဆုံးပါ ပဲလေ။

ရှေ့ဆက်ရမဲ့ ခရီးက အဖုအထစ်တွေပဲ ဖြစ်နိုင်သည်။





ကိုကို့ကို အလုပ်အကျွေးပြုရမဲ့ဘဝကို သူမ လက်မခံ နိုင်ခဲ့ပေ။

"သော်က"

"ဟင်"

"သီချင်းဆက်ဆိုကြမယ်၊ နင် ဘာစားမလဲ"

"ချစ်စု ရှင်ပဲ ဦးဆောင်တော့ သော်က စိတ်ညစ်တယ်ကွာ၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး၊ သချင်လောက်အောင် စိတ် ညစ်နေတာသိလား"

ချစ်စုနှင့်အတူ သီချင်းတွေဆိုပြီး စိတ်ကို ဖြေဖျောက် နေရသည်။

ကိုကို စိတ်ဆိုးနေပြီလား ...

သော်က ပြန်တာပဲ ကောင်းမလားဟု တွေးနေမိ သည်။

"သော်က ပျော်သလိုနေစမ်းပါဟာ၊ လူ့လောကကြီးက ရခဲတယ်၊ စိတ်ညစ်စရာတွေ မတွေးနဲ့၊ လာ ... ကကြရ အောင်"

ထိုအပြောတွေက သော်က ရင်ထဲအထိ တိုးဝင် ကူးစက်လာခြင်း မရှိတာတော့ သော်က သိနေသည်။

❖ ❂ ❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

သူ ...

စိတ်ညစ်နေမိသည်။

သော်က ...

မင်း ငါ့ကို စိတ်ဒုက္ခရောက်အောင် လုပ်နေတာ မဟုတ်လား ...

ငါက မင်းနဲ့ လက်ထပ်ထားတဲ့ တရားဝင် ယောကျ်ား ဆိုတာရော သိသေးရဲ့လားကွာ ...

လူ့လောကကြီးထဲမှာ ဂုဏ်သိက္ခာကြီးမားစွာနဲ့ နေထိုင်လာခဲ့တဲ့ သူ့ဘဝအတွက် ကြီးမားတဲ့ အမှားကြီးတစ်ခု ကျူးလွန်မိလိုက်ပြီလား မသိပေ။

သူ ရည်မှန်းထားတဲ့ သူ့ဘဝရဲ့ လက်တွဲဖော်က ဣန္ဒြေသိက္ခာကြီးမားပြီး အိမ်ရှင်မပီသမည့်မိန်းမ ...





သော်ကကတော့ သူ့ကို နည်းနည်းမှ ဂရုမစိုက်။

အိမ်ထောင်တစ်ခု တည်ဆောက်ထားပြီး ဘာတာဝန်မှ မထမ်းဆောင်ခဲ့။

ကွာရှင်းဖို့ပဲ ပြောနေသည်။

သော်က မင်း ဘယ်မှာလဲ ...

ဘာတွေ လုပ်နေလဲ ...

ကိုကိုက မင်းရဲ့ တရားဝင် ခင်ပွန်းဆိုတာတွေ မေ့ထားတာလား ...

မင်္ဂလာဆောင်နံ့ဓာတ်ပုံကြီးရှေ့မှာ သူ ရပ်နေမိသည်။

လှပချော့မွတ်နေတဲ့ သတို့သမီးလေးက သူ့လက်မောင်းကို တွဲချိတ်ထားပြီး ပြုံးနေ၏။

ထိုအချိန်မှာပင် သော်ကကို သူ ချစ်မိသွားသည်။

သော်ကအပေါ် အလျှော့ပေး ဆက်ဆံဖို့ကျတော့ ဝန်လေးနေခဲ့ရသည်။

မာနတွေ ထားနေ၏။

ဒီကောင်မလေးဘက်က နည်းနည်းလေး လျှော့လိုက်လျှင် သူ့ဘက်က လျှော့ဖို့ အဆင်သင့်ပင်။

သော်က မရောက်မချင်း သူ စိတ်ပူနေမိသည်။

မင်းကို နှိမ်ချဆက်ဆံချင်တာ မဟုတ်ပါဘူး သော်ကရယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက စည်းစနစ်တွေနဲ့ နေလာခဲ့တဲ့ အကျင့်စရိုက်တွေကြောင့်ပါ။

"ကျွန်မကို ရှင် အထင်မကြီးဘူး မဟုတ်လား၊ ကျွန်မကို ရှင့် အစေအပါးတစ်ယောက်လိုပဲ သဘောထားချင်တာ မဟုတ်လား"

သော်ကဘက်မှ မလျှော့တဲ့အပြင် ကွဲချင်ကွဲဆိုပြီး ပို၍ ဆိုးဝါးလာခဲ့သည်။

သူ ဘာဆက်လုပ်ရမလဲ ...

ကွာရှင်းပြတ်စဲလိုက်ရမလား ...

မဖြစ်နိုင်ပါဘူး ...

မေမေက လက်ခံမှာ မဟုတ် ...

"သော်ကကို မင်း စည်းကမ်းဘောင်တွေနဲ့ မတင်းကျပ်ပါနဲ့ သားရယ်၊ အလျှော့ပေးလိုက်ပါနော်"

မေမေ ကိုယ်တိုင်က သော်ကဘက်မှ ရပ်တည်နေသည်။

သူကိုယ်တိုင်လည်း သော်ကကို ကွာရှင်းဖို့ လက်မခံချင်ပေ။

ချစ်နေမိသည်။

ကိုကို့ရင်ထဲက နှလုံးသားခံစားချက်တွေကို သော်က သိအောင် ဘယ်လို ဖွင့်ပြောရမလဲ ...





သူ ...

လသာဆောင်မှာ ထိုင်နေမိသည်။

ဘယ်တုန်းကမှ မသောက်တဲ့ အရက်ကို သူ သောက်ချင်လာ၏။

ဧည့်သည်တွေအတွက် ထားတဲ့ အရက်ကို သောက်နေမိသည်။

သော်ကကြောင့် သူ့ရင်ခွင်မှာ ဆူးရှနာကျင်နေရ၏။

ဒီမိန်းကလေးကိုမှ သူ ဘာဖြစ်လို့ ချစ်မိသွားရတာလဲ ...

ရင်ထဲမှာ ပူလောင်နေသည်။

အရက်ကို ထပ်သောက်၏။

သူ ...

တစ်ယောက်တည်း စိတ်ပျက်စရာကောင်းစွာ ခြောက်ကပ်နေ၏။

ကားသံကို နားစွင့်ရင်း သူ အရက် သောက်နေသည်။

မူးအောင် သောက်ပြီး အိပ်ပစ်ချင်တယ် ...

မင်းကို စောင့်မနေချင်တော့ဘူး ...

မေ့ပစ်ချင်တယ် ...

သောက်မယ်ကွာ ...

မင်းကို ငါ သတိမရချင်တော့ဘူး သော်က ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း လသာဆောင်မှာ အိပ်နေမိသည်။

သော်က ပြန်ရောက်လာတော့ လသာဆောင်မှာ ကိုကို လဲနေ၏။

"ဟင်"

သူမ ထွက်သွားမလို့ ပြင်ပြီးမှ မရက်စက်နိုင်၍ လသာဆောင်ဘက်သို့ ထွက်လာခဲ့သည်။

ကိုကို အရက်တွေ သောက်နေတာပါလား ...

"မောင်ချစ်စမ်းမောင်က အရက်မသောက်ဘူး၊ လောင်းကစားလည်း မလုပ်ဘူး၊ စီပွားရေးနဲ့ ဘဝတိုးတက်မှုကိုပဲ အာရုံစိုက်တတ်တဲ့ ယောကျ်ားကောင်းတစ်ယောက်ပါ"

မာမိကတော့ သူ့ကို အထင်ကြီးစွာ ချီးမွမ်း၍မဆုံးတော့ ...

ရှင် ...

ကျွန်မနဲ့ လက်ထပ်ရလို့ စိတ်ညစ်နေပြီလား ကိုချစ်စမ်းမောင် ...

ကွာရှင်းလိုက်ပါဆိုတော့လည်း ဘာဖြစ်လို့ မကွာရှင်းရတာလဲ ...

သူမ ...

ကိုကို့ကို ကြည့်သည် ...





အမူးလွန်နေ၏။

"ကိုကို"

မထပေ ...

စောစောက ဒေါသတကြီးနှင့် သူမကို ပြန်လာဖို့ ဖုန်းဆက်ခေါ်သည်။

အခုတော့ ...

အရက်တွေ သောက်နေသည်။

"ကိုကို"

"ဟင်"

"ထလေ"

ကိုကိုက အသိမဲ့နေသည်။

ဘာဖြစ်လဲ ...

သူ့ဟာသူ နေပစေ။

သော်ကကိုတောင် ရှင့်ဘက်က ဘယ်တော့မှ အရေးစိုက်တာ မဟုတ်ဘူး ...

သူမ ...

ကိုကို့ကို ထားခဲ့ပြီး ထွက်သွားဖို့ ပြင်လိုက်သည်။

ဟွန်း ...

မဖြစ်သေးပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကသာ သော်ကအပေါ် သံယောဇဉ် မရှိတာ သော်ကကတော့ ရှင့်အပေါ် မရက်စက်နိုင်ပါဘူး ...

ကိုကို့ကို အတင်းထူမပြီး အခန်းထဲ ခေါ်လာမိသည်။

အခန်းထဲ ရောက်တော့ မင်္ဂလာစုံတွဲဓာတ်ပုံကြီးက ဆီးကြိုနေ၏။

ကျောထဲက စိမ့်သွားသည်။

မင်္ဂလာဦးညတည်းက ကိုကိုနှင့် သူမ အခန်းခွဲအိပ်ခဲ့၏။

သော်ကဘက်နေ စတင် မာနပြခဲ့မိသည်။

"အင်း"

သူမ အိပ်ရာပေါ်ကို တင်ပေးလိုက်သည်။

"အင်း"

ကိုကို့မျက်လုံးတွေက ပွင့်လာတော့သည်။

"သော်က မင်းလား"

"ဟုတ်တယ်"

"သော်က"

"ဟင်"

သူ ...

ထလိုက်သည်။





လှပချောမွတ်နေတဲ့ မိန်းမချောလေးသော်က ရပ်နေ၏။

သူ့ဖနီး ...

တရားဝင် လက်ထပ်ထားတဲ့ မိန်းမ ...

"သော်က"

သူ ...

သော်က လက်လေးကို ဆတ်ခနဲ ဆွဲယူလိုက်မိသည်။

"ဟင် ... ရှင် ... ရှင် ... ဘာလုပ်တာလဲ"

သော်က အထိတ်တလန့်နှင့် ရုန်းလိုက်မိသည်။

"သော်က မင်းက ငါ့မိန်းမပဲ၊ မင်း ငါနဲ့ပဲ အိပ်ရမယ်"

ကိုကို့လက်တွေက သော်က ကိုယ်လုံးလေးကို ဆွဲယူ သိုင်းဖက်ထားသည်။

တင်းကျပ်စွာ သိုင်းဖက်ခြင်း ခံထားရပြီး သော်က ရုန်းမရ။

"လွှတ်ပါ၊ ရှင်နဲ့ ကျွန်မ လက်ထပ်ထားပေမဲ့ ရှင့်ဇနီး မယားဘဝကို ကျွန်မ လက်မခံနိုင်ဘူး"

ကိုကိုက ပြောမရ ...

အရက်တွေ မူးအောင် သောက်ပြီး ကျွန်မကို အနိုင်ကျင့်ဖို့ ကြိုးစားတာ မဟုတ်လား ...

ရုန်းကန်မရ ...



www.burmeseclassic.com

www.burmeseclassic.com



"သော်က မင်းကို ငါ ချစ်တယ်၊ အရမ်းချစ်ပါတယ်ကွာ"

ကိုကို့ထံမှ ချစ်တယ်ဆိုတဲ့ စကားတွေ ကြားရတော့ သူမ အံ့အားသင့်သွားရသည်။

ရှင် ...

မူးနေလို့ ပြောတာ မဟုတ်လား ...

ကျွန်မ သိပါတယ် ...

အရက်မသောက်ဘဲ အသိတွေ ရှိနေတဲ့ အချိန်မှာ ရှင် ကျွန်မကို ချစ်ပါတယ်လို့ မပြောချင်ဘူး မဟုတ်လား ...

ဘာချစ်တာလဲ ...

သူမ ရှန်းနေမိသည်။

ကိုကိုက အသိမဲ့စွာဖြင့် သူမကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားပြီး မျက်နှာလေးကို နမ်းဖို့ ကြိုးစားနေသည်။

သော်က ခေါင်းလေးကို ဘယ်ညာ ခါယမ်းပစ်မိ၏။

ရှင့်အနမ်းတွေကို မခံယူချင်ဘူး ...

ကျွန်မဘဝကို ဖျက်ဆီးပစ်ပြီး ရှင့်ပုံစံခွက်ထဲ ထည့်မှာ မဟုတ်လား ...

အခုလောလောဆယ်မှာ သော်က သူ့ဇနီး ဆိုပေမဲ့ သော်ကရဲ့ အပျိုစင်ဘဝလေး မဆုံးရှုံးသေးပေ ...

သော်က မာနပြလို့ရသေးသည်။





"လွှတ် ... လွှတ် ... ကျွန်မကို လွှတ်ပါ၊ ရှင့်ကို ကျွန်မ မချစ်ဘူး"

"မချစ်လို့ မရဘူးကွာ၊ မင်း ငါ့ကို ချစ်ရမယ်၊ ငါ မြတ်နိုးနှစ်သက်တဲ့ မိန်းကလေးဘဝကို ခံယူရမယ်"

"ကျွန်မ ဘဝကို နိုင့်ထက်စီးနင်း လုပ်မလို့ မဟုတ်လား"

သော်က ရင်ထဲမှာ နာကျင်မှုဝေဒနာတွေ ဖုံးရှစွာ တိုးဝင်လာရသည်။

ရှန်း၏။

မရ ...

တင်းကျပ်စွာဖြင့် သူ့လက်တွေက သိုင်းဖက်ထားသည်။

အနမ်းတွေက ခါးသီးနေ၏။

သော်က သူ့ရင်ခွင်ထဲမှ လွှတ်မြောက်အောင် ကြိုးစားသည်။

မောပန်းလာရ၏။

လှုပ်မရ ...

အနမ်းတွေက သူမ မျက်နှာလေးပေါ် ကျရောက်နေသည်။

"သော်က မင်းကို ငါ ချစ်တယ်၊ အရမ်းချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ချစ်တယ်ဆိုတဲ့ စကားတွေကို အထပ်ထပ် ပြောနေသည်။

သော်က မရုန်းနိုင်တော့ ...

ကိုကို့ရဲ့ ကြမ်းတမ်းတဲ့ အချစ်တွေကို သော်က ငြင်းဆန်ရုန်းဖယ်နိုင်စွမ်း မရှိတော့ ...

မင်္ဂလာဦးညမှာပင် မင်္ဂလာအိပ်ခန်းကြီးထဲက သူမ ထွက်လာခဲ့မိသည်။

အခုတော့ ...

"သော်က ကိုကို့အနားကနေ ထွက်ခွာမသွားပါနဲ့ကွာ၊ မင်းကို ချစ်တယ်၊ အရမ်းချစ်တယ်"

ညက ...

တိတ်ဆိတ်နေသည်။

အိစက်ညက်ညောတဲ့ မင်္ဂလာမွေ့ရာကြီးပေါ်မှာ သူမရဲ့ အပျိုစင်ဘဝလေး ကိုကို့အတွက် ပေးဆပ်လိုက်ရတော့သည်။

ကိုကို ...

ရှင် ကျွန်မကို တကယ်ပဲ ချစ်တာလား ...

အရက်တွေ အမူးလွန်ပြီး ရှင် ပြောချင်တာတွေ ပြောနေတာလား ...

လောလောဆယ်မှာတော့ ကိုကို အသိမဲ့နေခဲ့သည်။

အမူးလွန်နေ၏။





သော်က မှားပြီလား ...

ကိုကိုက သူမအပေါ် ချစ်မြတ်နိုးတာ မဟုတ်ဘဲ နိုင်ကျင့်စော်ကားချင်တာမျိုးလား ...

ရင်ခုန်လှိုက်မောစွာဖြင့် ကိုကို့ကို ပြန်၍ ဖက်ထားသည်။

သော်က ကျဆုံးသွားပြီလား ...

ကိုကို့အချစ်တွေကို သော်က ငြင်းဆန်နိုင်တဲ့ အင်အားတွေ မရှိတော့ပေ ...

တုံ့ပြန်အချစ်တွေကို ရင်ခုန်လှိုက်မောစွာ ပေးဆပ်သည်။

"သော်က ကိုကို့ကို ချစ်တယ်၊ ကိုကို့ ဆန္ဒတွေအတိုင်း သော်က နေနိုင်အောင် ကြိုးစားပါ့မယ်"

ကိုကို့ အချစ်တွေကို သူမ တန်ဖိုးထား မြတ်နိုးစွာဖြင့် ရင်ထဲမှာ တမ်းတမ်းတတလေး ပြောလိုက်မိသည်။

သော်ကရဲ့ အပျိုစင်ဘဝလေးက ကိုကို့ရင်ခွင်ထဲမှာ နစ်မြုပ်ပေးဆပ်လိုက်ရ၏။

"ကိုကို"

ကိုကို အိပ်ပျော်သွားသည်။

လှုပ်နှိုး၍မရတော့ ...

"ဟင်"


www.burmeseclassic.com

www.burmeseclassic.com



မောပန်းနွမ်းနယ်စွာဖြင့် ကိုကို့ရင်ခွင်ထဲမှာ သော်က လှုးလွန့်ထလာခဲ့ရသည်။

မင်္ဂလာအိပ်ခန်းကြီးထဲမှာပဲ သော်က ဆက်အိပ်နေမလား ...

မဖြစ်သေးပါဘူး ...

ရှက်တယ် ...

သူမက ကိုကို့အခန်းထဲ ဝင်လာပြီး မှုးနေတဲ့ ကိုကို့ကို မြူဆွယ်ဖြားယောင်းပါတယ်လို့ အထင်မခံနိုင်ပေ။

အမှုးလွန်ပြီး အိပ်ပျော်သွားတဲ့ ကိုကို့ကို တစ်ချက် ငေးကြည့်ပြီး သော်က လှည့်ထွက်လာခဲ့မိတော့သည်။

❖ ◎ ❖





## အခန်း(၁၀)

သော်က အိပ်လို့မရအောင် ဖြစ်နေမိတော့သည်။

ကိုကိုနှင့် တရားဝင် လက်ထပ်ထားသော်လည်း လင်မယားအရာ မမြောက်ခဲ့ပေ။

အခုတော့ ...

သော်က အပျိုစင်ဘဝလေး ကိုကို့ ရင်ခွင်ထဲမှာ ကျဆုံးသွားရသည်။

ရှင် သိရဲ့လား ...

ပြောစမ်းပါ ကိုကို ...

ညက အဖြစ်အပျက်တွေကို ပြောပြဖို့ဆိုတော့လည်း နော်လေးနေမိသည်။

ရှက်စိတ်တွေနှင့် ထူပူနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သော်က စိတ်ထဲမှာ ကိုကို့ရဲ့ ဇနီးမယားဆို
စိတ်က အပြည့်အဝ ဝင်သွားရတော့သည်။

ကိုကိုက မူးနေတော့ သော်ကနှင့် ဖြစ်ပျက်ခဲ့တာ
တွေကို သိပါ့မလား ...

မထင်မှတ်ဘဲနှင့် ကိုကို့ကို သော်က ချစ်မိသွားသည်။

ရင်တွေ ခုန်နေ၏။

မတွေးရဲ ...

လှိုက်ဖိုမိန်းမောသွားစေတဲ့ ကိုကို့အချစ်ကြမ်းကြမ်း
တွေကို အမှတ်ရပြီး သူမ ရက်စိတ်တွေနှင့် တစ်ကိုယ်လုံး
နွေးထွေးနေရသည်။

သော်က မှားသွား၏။

ကိုကို အသိအမှတ်ပြုစေရန် ကိုကို့ ရင်ခွင်ထဲမှာပဲ
အိပ်သင့်တာပါ။

ဘာဖြစ်လို့ ထွက်လာရတာလဲ ...

မနက်စောကြီး နိုးနေမိသည်။

ထလိုက်၏။

သော်က စိတ်တွေ မလုံ ...

ရက်စိတ်တွေနဲ့ ကိုကို့ကို ရင်ဆိုင်ရမှာပင် တုန်လှုပ်
နေမိသည်။





အိမ်ထောင်ရှင်မ ဖြစ်နေပေမဲ့ ကိုကိုနှင့် တရင်းတနှီး
ပင် နေခဲ့တာမျိုး မရှိခဲ့ပေ။

ရက်လိုက်တာ ...

သူနဲ့ ဘယ်လို ရင်ဆိုင်ရမလဲ ...

ကိုကို ...

ကျွန်မ ...

အိမ်ရှင်မကောင်းပီသအောင် ကြိုးစားပါတော့မယ်။

ကိုကို့ကို ကျွန်မ ချစ်မိသွားပါပြီ။

အပြင်ထွက်ရမှာပင် သော်က ဝန်လေးတွန့်ဆုတ်
နေရသည်။

ကိုကို ...

နိုးပြီးလား ...

ခေါင်းကိုက်နေမှာပဲ ...

သော်က ဘယ်လို ပြုစုရမလဲ မသိပါဘူး ...

အခန်းထဲက မထွက်ရဲ ...

မျက်နှာသစ် ရေချိုးပြီး အလှအပတွေ ပြင်ထားမိ
သည်။

ကိုကိုရော ...

ညက အဖြစ်အပျက်တွေကို မှတ်မိနေမလားပဲ ...

ကိုကို ရင်ခုန်နေမလား ...



www.burmeseclassic.com

www.burmeseclassic.com



နိုးရင်တော့ သော်ကဆီကို လာမှာပဲလေ ...

"သော်ကကို ချစ်တယ်၊ ကိုကို အရမ်းချစ်မိနေပြီ သော်က ရယ်"

အသိမဲ့ပြီး ပြောနေတဲ့ ကိုကို့စကားတွေကို သူမ အမှတ်ရနေမိသည်။

ရင်ခုန်လိုက်ခါနေရ၏။

မင်္ဂလာဦးည ...

အို ...

သော်က ဘာတွေ တွေးနေတာလဲ ...

ကိုကိုက အမူးလွန်ပြီး အမှားအယွင်း ဖြစ်သွားတာ ပါပဲ ...

ငိုချင်လာရသည်။

တဆတ်ဆတ် တုန်ချင်လာတဲ့ နှုတ်ခမ်းလေးတွေ ကို သွားဖြင့် ဖိကိုက်ထားရ၏။

ကိုကို့အခန်းမှ လှုပ်ရှားမှုတွေ မတွေ့ရပေ။

ငြိမ်သက်နေသည်။

သော်က အပြင်ထွက်လာခဲ့၏။

စားသောက်ခန်းထဲ ဝင်လာပြီး စားစရာတွေ ပြင် ဆင်နေ၏။





"မနက်စာကိုတော့ မင်း စီစဉ်ပါ သော်က၊ ကိုယ်က ယောက်ျားပဲ၊ မိန်းမရှိလျက်သားနဲ့ ကိုယ်က မနက်စာကို ကိုယ်တိုင် စီစဉ်နေရတာ မကောင်းပါဘူး"

ကိုကို ပြောထား၍ သော်က မလွှဲမရှောင်သာ မနက်စာ စီစဉ်နေရသည်။

"ထမင်းဟင်းတော့ သော်က မချက်တတ်ဘူး၊ ဆိုင်က မှာတာတွေပဲ စားနိုင်ရင်စားပါ"

ချိုင့်ဆွဲစားသည်။

သော်က ဘာမှ ကောင်းအောင် မချက်ပြုတ်တတ်ပေ။

ကိုကိုက အပြင်မှာ စားသည်။

တစ်ခါတစ်ရံ ...

ကိုကို ကိုယ်တိုင် စားသောက်ဖွယ်ရာတွေ ချက်စား တတ်သည်။

သော်က မစားပေ ...

ကိုကိုနှင့် မျက်နှာချင်းဆိုင်တာ မနက်ပဲ ...

ထမင်းကြော်လိုက်ရင် ကောင်းမလား ...

ရေခဲသေတ္တာထဲမှာ ပဲပြုတ်တွေ တွေ့ရသည်။

ကိုကိုက ထမင်းကြော်နှင့် ငါးခြောက်ဖုတ်တာကို အလွန်စားသောက်တတ်၏။

သော်က လုပ်မပေးပေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဘာသာ ထမင်းကြော်ပြီး သော်က စားဖို့ပင် ချန်ထားတတ်သေးသည်။

ဒါပေမဲ့ ...

သော်က ဘယ်တော့မှ မစားပေ ...

ကော်ဖီလောက်ပဲ သောက်တတ်သည်။

ဒီနေ့တော့ ...

သော်က ထမင်းကြော်ကြည့်ရင် ကောင်းမလား ...

ကိုကို့အတွက် အိမ်ရှင်မပီသအောင် နေပြချင်လာမိသည်။

ရင်ထဲမှာ လှုပ်ခတ်လာပြီး ယောက်ျားကို ပြုစုချင်လာရ၏။

ကိုကို ...

အိပ်နေဆဲပင် ...

သွားနှိုးလိုက်ရမလား ...

ဟင့်အင်း ...

သော်ကဘက်ကတော့ ကိုကို့ကို စတင်၍ အလျှော့မပေးနိုင်ပါဘူး ...

"ယောက်ျားတွေက သိပ်အလျှော့ပေးလွန်းရင် အနိုင်ကျင့်စော်ကားချင်တယ် သော်က၊ နင့်ကိုကိုက ပိုဆိုးတယ်"





မျစ်စု ပြောတာတွေလည်း ဟုတ်သားပဲ ဟု တွေးနေမိသည်။

ကိုကို ...

ရှင်က ကျွန်မကို အထင်သေးတယ် ...

အနိုင်ကျင့်တယ် ...

ကျွန်မကို ရှင့်ဇနီးမယားအဖြစ် လက်ခံမခံချင်တာမဟုတ်လား ...

ဟုတ်ပါတယ်လေ ...

ကြည့်စမ်း ...

ရှင် ဘာဖြစ်လို့ ကျွန်မဆီကို မလာရတာလဲ ...

နေနိုင်လိုက်တာ ...

ထမင်းကြော်ပေးဖို့ပင် စိတ်မပါတော့ဘဲ ကော်ဖီလေးပဲ ဝတ်ကျေတန်းကျေ ဖျော်ပြီး စောင့်နေမိသည်။

အိပ်ရာကနေ ဖျတ်ခနဲ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ နေအတော်မြင့်နေပြီဆိုတာ သူ သိလိုက်၏။

ခေါင်းတွေက ကိုက်ခဲနာကျင်နေသည်။

"အား ... ကျွတ် ... ကျွတ်"

သူ ...

ညက အတော်လေး များသွားပုံပင် ...

သော်က ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကြောင့် ငါ အရက်တွေ အလွန်အကျွံ သောက်မိတယ် ...

အခန်းထဲ ဘယ်လို ရောက်လာမှန်းပင် မသိတော့။

အရက်ကို သောက်မိနေတာတော့ သူ သိနေသည်။

လသာဆောင်မှာပါ ...

အခန်းထဲကို ဘယ်လို ရောက်လာလဲ ဆိုတာတော့ မသိ။

တော်တော်လေး အသိမဲ့လောက်အောင် သူ အရက်ကို အလွန်အကျွံ သောက်မိနေသည်။

သော်က ...

မင်းကြောင့်ပဲ ...

ယောက်ျားတစ်ယောက်အပေါ် မင်း ဘာဖြစ်လို့ ဥပေက္ခာပြုချင်ရတာလဲ ...

အိမ်ထောင်ရေး ပြိုကွဲမှုတွေကို အလေးအနက် မထားတတ်တဲ့ မိန်းမတစ်ယောက်ကိုမှ သူ လက်ထပ်မိလိုက်သည်။

မထနိုင် ...

ခေါင်းတွေကိုက်နေသည်။

တစ်ကိုယ်လုံး နာကျင်ကိုက်ခဲတဲ့ ဝေဒနာတွေ ခံစားနေရ၏။

"အား ... ကျွတ် ... ကျွတ်"





သူ ...

အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်ပေမဲ့ ဇနီးမယားရဲ့ ဥပေက္ခာပြုတာကို ခံခဲ့ရသည်။

ညက မင်း ဘယ်အချိန်မှ ပြန်လာလဲ သော်က ...

သူ ...

စိတ်ညစ်ပြီး အရက်တွေကို အလွန်အကျွံ သောက်နေခဲ့သည်။

သူ့အိမ်ထောင်ရေးက စိတ်ပျက်စရာကောင်းနေ၏။

လင်ယောက်ျားတစ်ယောက်တည်း ဘာတွေ ဖြစ်နေပြီလဲဆိုတာ မင်း စိတ်မဝင်စားဘူး မဟုတ်လား သော်က။

ချစ်စုနဲ့ ပေါင်းနေတာကိုလည်း သူ သဘောမကျမိပေ။

တားဆီး၍မရ ...

"သား သည်းခံလိုက်ပါ၊ သော်ကက ငယ်သေးတာပဲ၊ ပျော်သလို နေပါစေ သားရယ်၊ အချိန်က စကားပြောလာမှာပါ"

ကျွန်တော် ဘယ်အချိန်အထိ သော်က ပြောင်းလဲလာမှုကို စောင့်နေရမှာလဲ မေမေ ...

သော်ကအပေါ် သူ သံယောဇဉ်တွယ်ပြီး အတော်လေး သည်းခံမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စတွေကို သူကိုယ်တိုင် လုပ်ဆောင်ရတဲ့ အခြေအနေ ကျိုးပင် နေလာခဲ့ရ၏။

မင်းက ပိုဆိုးလာတယ် ...

ငါ့ကို မထေမဲ့မြင် လုပ်လာနေတာပဲ ...

သူ ...

ထသည်။

သော်ကတောင် အပြင်ထွက်သွားပြီလား မသိဘူး။

မှူးမူးနှင့် အိပ်ပျော်သွားခဲ့သည်။

နေတောင် အတော်မြင့်နေပြီပဲ။

အရက်ကို များများမသောက်မှုး၍ ခေါင်းက အတော်လေး ကိုက်နေသည်။

တစ်ကိုယ်လုံး နာကျင်နေ၏။

"အား ... ကျွတ် ... ကျွတ်"

ခေါင်းမထူနိုင် ...

ဆေးကို ကြည့်သည်။

ကော်ဖီလေးတစ်ခွက် ဖျော်နိုင်းဖို့ပင် ဇနီးမယားက အနားမှာ ရှိမနေပေ။

မင်း ငါ့ကို အဖက်လုပ်ပြီးတော့တောင် မကြည့်ဘူး မဟုတ်လား သော်က ...

မေမေ ...





ကျွန်တော် သော်ကကို ဘယ်လိုမှ မထိန်းနိုင်တော့ဘူး ...

ကွာရှင်းပေးလိုက်ရတော့မလား ...

သော်ကအပေါ် သူ့ သံယောဇဉ်တွယ်တာနေမိတာတော့ အမှန်ပဲဖြစ်သည်။

ဘယ်လို ရှေ့ဆက်ရမလဲ ...

အိမ်ထောင်ရေး သာယာအောင် သူ့ဘက်ကနေ အလျှော့ပေးလိုက်ရမလား ...

ခေါင်းကိုက်နေသည်။

ကြိုးစားထပြီး သူ့အခန်းထဲမှာရှိတဲ့ ကော်ဖီနှင့် မုန့် ယူစားလိုက်၏။

ဆေးသောက်ဖို့ပါ ...

သူ ...

အိမ်ထောင်တစ်ခုကို တည်ဆောက်လိုက်တာ မှားသည်။

ဇနီးမယားက အိမ်မှုကိစ္စတွေ တာဝန်ယူပြီး သူ့ကို ပြုစုစေချင်၏။

လင်ယောကျ်ားအပေါ်မှာလည်း ချစ်ခင်မြတ်နိုးစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရှာပြီး လင်ယောက်ျားကို ရင်ဘောင်တန်းမဲ့ မိန်းမနှင့် အိမ်ထောင်ရေးတည်ဆောက်လိုတဲ့ဆန္ဒတွေ မရှိခဲ့တာ အမှန်ပါ။

ဆေးသောက်သည်။

အခန်းထဲက မထွက်ချင်ပေမဲ့ အလုပ်တွေက ရှိနေ၏။

စီးပွားရေးလုပ်ငန်းတွေက ရှိသေး၍ ကုမ္ပဏီကိုတော့ သွားရမည်ပဲဖြစ်သည်။

ဆေးသောက်ပြီး ခဏနားနေလိုက်၏။

"ကျွန်မ အိမ်ပြန်မလာချင်ဘူး၊ ရှင့်အနားမှာ နေရတာ ကျွန်မ စိတ်တွေ အကျဉ်းကျပ်ဆုံးပဲ"

သော်က ပြောခဲ့သည်။

သူ့ဇနီးမယားက အိမ်ထောင်တာဝန်တွေပဲ ထမ်းဆောင်စေချင်တာ သူ့ဆန္ဒပင်။

"သော်က ... မင်း ပြန်လာခဲ့ပါ၊ ငါ့ဇနီးမယားတစ်ယောက် အနေနဲ့ မင်း ဒီလို သွားလာနေတာ ငါ ခွင့်မပြုနိုင်ဘူး သော်က"

သူ ...

သော်ကကို ခေါ်ခဲ့သည်။

လက်မခံပေ ...

ကာရာအိုကေဆိုင်တစ်ခုမှာ သော်က ပျော်နေသည်။





ဒီလို မိန်းမတစ်ယောက်ကို သူ ဘယ်လိုမှ အထင်မကြီးဘူး ...

မုန်းတယ်ကွာ ...

အဲဒီလို မိန်းမတစ်ယောက်ကို ငါ အရမ်းမုန်းတာပဲ။

မင်းအပေါ် တွယ်တာခဲ့ရတဲ့ သံယောဇဉ်တွေတောင် ပြတ်တောက်ချင်လာတယ် သော်က ...

ငါ ဘယ်လို အလျှော့ပေးရမလဲ ...

ဘာလုပ်ပေးရမလဲ ...

မင်းရဲ့ မထေမဲ့မြင် လုပ်နေတာတွေကို ငါ ဘယ်လောက်အထိ ခံစားနေရမှာလဲကွာ ...

ဆေးသောက်ပြီး နည်းနည်း သက်သာလာတာနှင့် ကုမ္ပဏီကိုပဲ သူ ထွက်လာခဲ့မိသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

သော်က ဒေါသတွေ ပေါက်ကွဲပြီး ကျန်ခဲ့တော့သည်။

သူ ...

မနက်စာပင် လာမစားပေ ...

အခန်းထဲမှာပဲ နေပြီး ကားနှင့် အပြင်ကို ထွက်သွားတော့သည်။

သော်ကကို အရေးပင်မလုပ် ...

မနက်က သော်က စားသောက်ခန်းထဲမှာ စောင့်နေမိ၏။

သူ့ကို စောင့်နေပေမဲ့ မလာပေ ...

သော်က သွားဖို့ကလည်း အောက်ကျခံပြီး မပတ်သက်ချင်တာရော၊ ရှက်စိတ်တွေပါ ရောထွေးပြီး အခန်းထဲပဲ ပြန်နေလိုက်သည်။



တကယ်ဆို ...

ရှင် လာရမှပေါ့ ...

သော်ကက မိန်းကလေးပဲ ...

အရှက်မရှိ ရှင်နဲ့ ဖြစ်ပျက်ခဲ့တာတွေ ပြောရမလား။

စောစောက အချစ်တွေ၊ အိမ်ရှင်မပီသချင်တာတွေ၊ ဘယ်ရောက်သွားမှန်းပင် မသိတော့ ...

သော်က ဘယ်လို လုပ်ရမလဲ ...

ရှင်နဲ့ ကျွန်မ လင်မယားဖြစ်သွားပြီဆိုတာ ဘယ်လို ပြောရမလဲ ...

မသိချင်ယောင်ဆောင်နေတာလား ...

တကယ်ပဲ မသိတာလား ...

ငိုချင်နေသည်။

ကျွန်မကို ရှင်က စော်ကားချင်တိုင်း စော်ကားဖို့ လက်ထပ်ခဲ့တာလား ကိုကို ...

လူကြီးတွေကြောင့် လက်ထပ်ခဲ့ရပြီး အထင်မကြီးဘူး မဟုတ်လား ...

"သော်ကကို ချစ်တယ်၊ အရမ်းချစ်တယ်"

သူ ပြောခဲ့တဲ့ စကားတွေက မူးပြီး ပြောခဲ့တာပဲ။

ရှင့် နှလုံးသားတွေထဲမှာ ကျွန်မဆိုတာ လုံးဝ မရှိဘူး ...

www.burmeseclassic.com

www.burmeseclassic.com



အမုန်းတွေ ...

အထင်သေးနေတာတွေပဲ ရှိနေတာ မဟုတ်လား။

သော်က ဘယ်လို လုပ်ရမလဲ ...

ဒီကနေ ထွက်သွားရမလား ...

ကျွန်မဘက်ကပဲ ရှင်နဲ့ အဝေးဆုံးကို ထွက်သွားလိုက်တာ အကောင်းဆုံးပါပဲ။

ချစ်စု ရောက်လာသည်။

ကိုကို မရှိတဲ့ အချိန်မှ ချစ်စု လာတတ်၏။

"သော်က"

"ဟင်"

"နင်နဲ့ ညက အကြီးအကျယ် ပြဿနာတွေ ဖြစ်သေးလား"

သော်ကနဲ့ကိုကို ဖြစ်ခဲ့တာတွေ ပြောပြလိုက်ရင်ကောင်းမလား ...

မပြောတော့ဘူး ...

ရှက်လိုက်တာ ...

ကိုကိုက မသိ ...

အသိအမှတ်မပြုဘဲ သူနှင့် ဘာမှ မဖြစ်သလိုနေသည်။

"နင့်ကို ကြည့်ရတာ စိတ်ပျက်စရာပဲဟာ၊ အိမ်ထောင်ရေးက မကောင်းဘူးနော်၊ လာ ... အပြင်ထွက်ရအောင်"





"ဟင့်အင်း"

"ဘာဖြစ်လို့လဲ သော်က၊ နင့်ယောကျ်ားက အပြင်မထွက်ရဘူးတဲ့လား"

"မဟုတ်ပါဘူး၊ သော်က မထွက်ချင်တာပါ"

သော်က စိတ်ထဲမှာ ကိုကို ဖြစ်စေချင်တဲ့ အိမ်ရှင်မတစ်ယောက်ဖြစ်အောင် ကြိုးစားချင်မိသည်။

ကိုကိုကို ...

ချစ်သွားမိပြီလား ...

ဟွန်း ...

ရှင်က ...

ကျွန်မကို မချစ်ပါဘူး ...

အထင်သေးနေတာ မဟုတ်လား ...

မုန်းတယ် ...

ကိုကိုက မုန်စရာကောင်းတဲ့ လူတစ်ယောက်ပဲ ...

ကြည့်စမ်း ...

သူမကို အတင်းအကျပ် ချစ်ပြီးမှ မသိချင်ယောင်ဆောင်နေသည်။

ဘယ်လောက် မုန်းစရာကောင်းလဲလို့ ...

"သော်က"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာဖြစ်နေလဲ၊ ယောက်ျားကို အရမ်းကြောက်သွာ[cut]
ပြီလား၊ နင် အဲဒီလိုကြောက်လေ ကိုချစ်စမ်းမောင်က [cut]
အထင်သေးလေပဲ"

သူမ ...

တွေဝေနေမိသည်။

ချစ်စု ပြောတာတွေ ဟုတ်တယ် ...

ကိုကိုက သူမကိုမအရမ်းနှိမ်ချင်တယ် ...

အဖက်ပင်မလုပ် ...

ကုမ္ပဏီကို သွားတာပင် မသိလိုက်ပေ။

အရေးအရာမလုပ် ...

ကြေကွဲနေရသည်။

သူမသည် ကိုကို့ဇနီးမယား ဖြစ်နေပြီဆိုတာ သူ[cut]
သိနေ၏။

ကိုကို ...

ရှင် မသိချင်ယောင်ဆောင်နေတာလားဟင် ...

အသိမဲ့နေ၏။

သော်ကကို ချစ်တယ်လို့ တတွတ်တွတ်ညည်းည[cut]
ပြောဆိုနေသည်။

ကိုကို့အတွင်းစိတ်ထဲမှာလည်း သော်ကကို ချစ်နေပြ[cut]
လား ...





ချစ်မှာ မဟုတ်ပါဘူး ...

ရှင်က ကျွန်မကို အထင်သေးနေတာပဲ မဟုတ်လား။

"အပြင်ထွက်ရအောင် သော်က"

"ဒီနေ့တော့ သော်က အိမ်ထဲမှာပဲ နေချင်လို့"

"မရဘူး သော်က၊ ချစ်စု ရောက်နေတုန်း လျှောက်လည်
မယ်၊ နင်က အိမ်ရှင်လေ၊ ဧည့်ဝတ်ကျေမှပေါ့"

သော်က စိတ်ထဲမှာ ကိုကို့ စိတ်တိုင်းကျနေချင်ပေမဲ့
ချစ်စုကလည်း ခဏအလည်လာတာပါ။

ဧည့်ဝတ်ကျေချင်သည်။

ကိုကို ...

ရှင်က ကျွန်မဘက်က ပြောင်းလဲမှုတွေကို အသိ
အမှတ်ပြုမှာ မဟုတ်ပါဘူး ...

ကျွန်မကို ဘယ်တော့မှ ချစ်မှာ မဟုတ်ဘူး ...

အထင်သေးနေမှာပဲ မဟုတ်လား ...

"ထပါဟာ၊ အဝတ်အစားလဲ၊ နင့်ကို ကြည့်ရတာ စိတ်ပျက်ဖို့
ကောင်းတယ်၊ ကဲ ... အလှပြင်"

"မပြင်တော့ပါဘူးဟာ"

"ဘာဖြစ်လို့ မပြင်ရမှာလဲ၊ နင်က ဘဝကို အရှုံးပေးတော့
မှာလား သော်က"

ဟုတ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သော်က အရှုံးပေးချင်တယ် ...

ကိုကို့စိတ်တိုင်းကျ ဘဝကိုပဲ ငါ ကြိုးစားတည်ဆောက်ချင်တယ် ...

အလှအပတွေ ပြင်ပြီး အပြင်ထွက်သွားတာ ကိုကိုတစ်မျိုးထင်မှာ စိတ်ကပူနေမိသည်။

ချစ်စုက မရ ...

အတင်းအကျပ် အလှပြင်စေခဲ့သည်။

"နင် ငယ်သေးတာပဲ လှလှပပလေး၊ ကိုယ့်ကို အထင်သေးနေတဲ့ ယောက်ျားတစ်ယောက်ရဲ့ လက်ထဲမှာ ဘဝကို အရှုံးမပေးချင်ပါနဲ့ သော်ကရယ်"

ကိုကို့ကို တုဘက်ယှဉ်ပြိုင်ပြီး အရွဲ့တိုက်ဖို့ သော်ကမှာ အင်အားတွေမရှိသလိုပဲ ချစ်စုရယ် ...

"နင်က အရမ်းလှတယ်၊ နုထွတ်နေတာပဲ၊ ဘယ်လောက်တန်ဖိုးကြီးမားလဲ"

ကိုကို့ မျက်ဝန်းတွေထဲမှာ တင်းမာမှုတွေပဲ ရှိနေသည်။

အမိန့်သြဇာပေးတဲ့ အသံတွေနှင့် ပြောဆိုဆက်ဆံခဲ့၏။

"သော်က မင်း ပြန်လာခဲ့စမ်း၊ မိန်းကလေးတစ်ယောက်က ဒီလို အမူအကျင့်မျိုးတွေ မရှိသင့်ဘူး"





ကိုကို ...

ရှင့်ဘက်က ကျွန်မကို နိုင်ထက်စီးနင်း ဆက်ဆံချင်တာလား ...

ကိုကိုက မိသားစုကို ဦးဆောင်ချင်သူ ...

သူ့ဆန္ဒတွေအတိုင်းပဲနေမှ သဘောကျချင်သူ။

သော်က ပြုပြင်မယ်ဆိုရင်ရော ကိုကို့ဘက်က အသိအမှတ်ပြုမှာလားဟင် ...

"နင် အရမ်းလှတာပဲ သော်ကရယ်၊ ပြင်ပြင်ဆင်ဆင်နဲ့ တက်တက်ကြွကြွ နေစမ်းပါ"

ချစ်စုက သော်ကကို ပြင်ဆင်ပေးပြီး အပြင်ထွက်ဖို့ ခေါ်လာသည်။

"ဘယ်သွားမှာလဲ ချစ်စု"

"ဈေးဝယ်ထွက်မယ်၊ စားသောက်ဆိုင်ကောင်းကောင်းတွေမှာ စားမယ်၊ တစ်နေကုန် လည်မယ်ဟာ"

ချစ်စု ရောက်လာတည်းက သော်က အပြင်ပဲအထွက်များနေသည်။

အပျော်လွန်နေခဲ့၏။

စောစောပိုင်းက ကိုကို့ကို ရွဲ့ချင်ပေမဲ့ အခုတော့ မရွဲ့ချင်။

အိမ်မှာ နေချင်သည်။

ကိုကို့စိတ်တိုင်းကျ အိမ်မှုကိစ္စတွေ လုပ်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီမြမြက သင်ပေးထား၏။

မာမီ ရှိစဉ်က သော်က ဟန်ဆောင်သင်ထား၍ ဟင်းချက်တာတော့ သိနေခဲ့သည်။

"သမီး အိမ်ထောင်ရေး ပြိုကွဲစေမဲ့ အပြုအမူတွေ မလုပ်ပါနဲ့၊ မောင်ချစ်စမ်းမောင်က သမီးအပေါ် မရက်စက်ပါဘူး၊ စိတ်ကောင်းရှိတဲ့ သူငယ်ပါ"

မာမီ ...

သော်ကအပေါ် သူ ရက်စက်နေတယ်လေ ...

ညက အဖြစ်အပျက်တွေကို သူက မသိချင်ယောင်ဆောင်နေတယ် ...

ရှင် ...

မမှတ်မိတာလား ...

ရင်ထဲမှာ နာကျင်နေသည်။

ကိုကို့ဘက်က အလျှော့ပေးသင့်သည်ဟု ထင်မိ၏။

"သော်က"

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ"

"ချစ်စု"

"ဟင်"

"ငါ့အိမ်ထောင်ရေးကို ဒီလိုကြီး ဖြစ်မနေစေချင်တော့ဘူးဟာ"





"နင်က ဘယ်လိုဖြစ်စေချင်လို့လဲ"

"ငါ့ဘက်က စတင်ပြီး ပြုပြင်မယ်"

"နင် ရူးနေလား"

"ဟင်"

"ကိုကိုက နင့်ကို အထင်သေးနေတာ၊ နင့်ဘက်က အောက်ကျို့လိုက်ရင် ပိုပြီးတောင် ဖိနှိမ်ဦးမယ်"

ချစ်စု ပြောတာလည်း ဖြစ်နိုင်သည်ဟု တွေးမိလာရသည်။

ကိုကို့ဘက်က နည်းနည်းမှ မလျှော့ ...

အမြဲတမ်း ... တင်းမာနေသည်။

ဂုဏ်သိက္ခာတွေကို ရှေ့တန်းတင်တတ်တဲ့ ကိုကို့ အနေနှင့် သော်ကလို ကောင်မလေးမျိုးကို ပွဲတက်မယားအဖြစ် ဘယ်မှာ အသိအမှတ်ပြုချင်မလဲ ...

ကျွန်မကို ကွာရှင်းပေးပါ ကိုကို ...

ဆက်ပေါင်းချင်တဲ့ ဆန္ဒတွေ မရှိရင်လည်း ဆက်ပြီး မပေါင်းပါနဲ့တော့ ...

"နင်က ငယ်တဲ့ သူပဲ၊ သူ လျှော့ရမှာ၊ ဒီလို ယောကျ်ားမျိုးနဲ့ အိမ်ထောင်ရေး တည်တံ့အောင် နင်က ကြိုးစားပြချင်သေးလို့လား"

ကိုကိုနှင့် သူမက ငယ်စဉ်မှပင် ဆန့်ကျင်ဘက် အကျင့်စရိုက်တွေနှင့် မသင့်မြတ်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလို ကောင်မလေးမျိုးက ဘာအထင်ကြီးစရာမှ မရှိဘူး"

ကိုကို ပြောတဲ့ စကားတွေကို သူမ ကြားယောင်လာမိသည်။

အံသွားလေးများကို တင်းကျပ်စွာ ဖိကပ်ထားမိ၏။

တော်ပြီ ...

ရှင် မုန်းချင်မုန်း ...

ကျွန်မကတော့ ပျော်ရွှင်လွတ်လပ်မှုတွေကိုပဲ နှစ်သက်တယ် ...

အလကားလူ ...

မိန်းမတစ်ယောက်ကို အထင်သေးနှိမ်ချချင်တဲ့သူပဲ။

"သော်က စားလေ၊ တို့ ကစားကွင်းကို သွားမယ်၊ စိတ်တွေ တကယ့်ကို အပန်းပြေမှာပဲ"

ချစ်စု ဦးဆောင်ရာနောက်သို့ သူမ လိုက်နေမိသည်။

တစ်ချက် တစ်ချက် ...

ကိုကို့ကို သတိရပေမဲ့ မေ့ပျောက်ပစ်နိုင်အောင် ကြိုးစားမိသည်။

"ငါ မရှိလည်း နင် စိတ်ညစ်ရင် ဒီမှာ စိတ်အပန်းလာဖြေလို့ရတယ်၊ လူ့လောကကြီးထဲမှာ ပျော်သလိုနေစမ်းပါဟာ၊ နင့်ကို သနားတယ်၊ မိဘမဲ့ဖြစ်ရပြီး အိမ်ထောင်ကျတော့လည်း ကံမကောင်းဘူး"





ချစ်စု ပြောတာနှင့် သော်က ဝမ်းနည်းကြေကွဲမှုတွေ ခံစားလာရသည်။

ရှင် ရက်စက်တယ် ...

သော်က အပေါ် ဘာဖြစ်လို့ နိုင့်ထက်စီးနင်းလုပ်ရတာလဲ ...

"ငါ သင်ပေးမယ် သော်က၊ နင် ရန်ကုန်ရောက်လာပြီး ဒါတွေ ဘာမှ မသိသေးဘူး မဟုတ်လား"

"အင်း"

"နင် ပျော်သွားစေမယ်"

ဟုတ်သားပဲ ...

တဖြည်းဖြည်းနှင့် စိတ်က စက်ရိုက်တဲ့ဆီ အာရုံစူးဝင်သွားသည်။

အပျော်တွေ ရောက်လာ၏။

"ပျော်ပျော်နေစမ်းပါ၊ သော်က အရင်ကတော့ ငါ တစ်ပက်လောက်ပဲ နေမလို့၊ အခု မပြန်သေးဘူးဟာ၊ နင့်အနားမှာ နေပေးဦးမယ်"

သော်က အားကိုးရာက ကိုကို မဟုတ်ဘဲ ချစ်စုနှင့်ပဲ အချိန်တွေ ဖြုန်းနေမိသည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

"ချစ်စမ်းမောင်"

"ပြော"

"မင်း မိန်းမ ခင်သော်က ကစားကွင်းမှာ စက်ရိုက်နေတယ်"

"ဘာ"

သူငယ်ချင်း မျိုးနိုင်က ဖုန်းဆက်ပြောသည်။

"မိန်းကလေးနှစ်ယောက်ပဲ၊ မင်းအကျင့်မလုပ်စေနဲ့လေ၊ အရမ်းစွဲသွားရင် မကောင်းဘူး၊ မင်း ဂုဏ်သိက္ခာတွေနဲ့ မသင့်တော်ဘူးနော်"

သူ ...

ရှက်သွားမိသည်။

သော်က ...

မင်း အရမ်း လွန်နေပြီ။





ငါ့ဂုဏ်သိက္ခာတွေမဲ့အောင် ဘာဖြစ်လို့ လုပ်ရတာလဲ။

သူငယ်ချင်းက ဖုန်းဆက်ပြော၍ သူ တော်တော်လေး မျက်နှာပူပြီး ရှက်သွားရတော့သည်။

အသုံးမကျတဲ့ မိန်းမ ...

ခပ်ပေါ့ပေါ့ အမူအကျင့်တွေနဲ့ နေချင်သည်။

သူ ဒေါသဖြစ်ရ၏။

"မင်းရဲ့ ဂုဏ်သိက္ခာတွေနဲ့ မင်းမိန်းမကို ဒီလောက်အထိ လွှတ်မထားသင့်ဘူး"

သူငယ်ချင်းကတော့ စေတနာနှင့် ပြောနေသည်။

သော်ကကို ဘယ်လို ထိန်းချုပ်ရမလဲ ...

မေမေ့ကို ပြောရမလား ...

"မေမေကတော့ သော်ကဘက်ကပဲ ရပ်တည်ရလိမ့်မယ်၊ သော်ကလေးက ငယ်သေးတာပဲ"

မေမေ့ကို ပြောလည်း သော်ကဘက်မှပဲ ရပ်တည်မှာ သေချာသည်။

အသက်အရွယ်ကြီးနေတဲ့ မေမေ့ကိုလည်း စိတ်အနှောင့်အယှက် မပေးလိုတော့ပေ။

သော်က ...

မင်း ငါ့ကို ဘာဖြစ်လို့ စိတ်ဒုက္ခရောက်အောင် လုပ်ရတာလဲကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါ့အရုက်သိက္ခာတွေအတွက် မငဲ့ကွက်တော့ဘူးလား။ ...

သူ ...

ဘာဆက်လုပ်ရမှန်းမသိ ...

သော်က လက်ကိုင်ဖုန်းကို အဆက်အသွယ် လုပ်ရသည်။

"ဒ်သော်က"

စက်ရိုက်သံတွေက ဖုန်းထဲမှာ ဆူညံစွာ ထွက်ပေါ်နေသည်။

"တောက်"

သူ ...

ဒေါသဖြစ်ရသည်။

မင်း ဘယ်လို မိန်းမမျိုးလဲ ...

"သော်က မင်း အခုချက်ချင်း အိမ်ပြန်ပါ၊ ဆက်ပြီးနေမယ်ဆိုရင်တော့ ငါ မင်းကို လာဆွဲထုတ်ရလိမ့်မယ်"

"ကျွန်မကို လိုက်ပြီး မချုပ်ချယ်ပါနဲ့ကိုကို"

"ဘာ ... ဒီကစားကွင်းက ငါ့သူငယ်ချင်း ပိုင်တာပဲ၊ ငါ့ဆီ ဖုန်းဆက်ပြီး မသင့်တော်ကြောင်း သတိပေးတယ်၊ မင်း ... မင်း ... တမင်သက်သက် ငါ့အရုက်တွေကို ခွဲနေတာလား"





ကိုကို ...

အော်နေသည်။

လာပြန်ပြီ ...

ကိုကို့သူငယ်ချင်း ပိုင်တာတဲ့ ...

"မင်း ပြန်ပါ၊ ချစ်စုနဲ့ သွားလာနေတာတွေ ငါ လက်မခံနိုင်ဘူး၊ နောက်နေ့ကစပြီး မင်း အိမ်ထဲက အိမ်ပြင် မထွက်ရဘူး သော်က"

ကိုကို ဖုန်းပိတ်သွားသည်။

"ဘာတဲ့လဲ သော်က"

"ပြန်မယ်ဟာ"

"ဘာဖြစ်လို့လဲ"

"ဒီကစားကွင်းက ကိုကို့သူငယ်ချင်းပိုင်တာတဲ့၊ လှမ်းပြီး ပြောလို့ ကိုကိုက ပြန်တော့တဲ့"

"အရေးမပါတာဟာ၊ နင့်ဘဝက ဒီလောက်အထိ မလွတ်လပ်ဘူးလား"

ကိုကို ပြောတာလည်း ဟုတ်ပါတယ် ချစ်စုရယ်။

ငါက အိမ်ထောင်ရှင်မ ဖြစ်နေပြီပဲဟာ ...

ကိုကို့ဂုဏ်သိက္ခာတွေ မှဲ့အောင်တော့ ငါ မလုပ်ချင်...

"ပြန်မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့သူငယ်ချင်းနှင့် ပတ်သက်နေ၍ သော်က

မနေချင်။

ရှက်မိသည်။

"သော်က"

"ဟင်"

"ဒီလိုယောက်ျားမျိုးကို နင် အရွှံ့မပေးသင့်ဘူး"

"ပြန်မယ်ဟာ"

သော်က အရှက်သိက္ခာမဲ့တဲ့ အပြုအမူတွေကို ဖွတ်တို

ပြီး မလုပ်ချင်မိပေ။

ကိုကိုက အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီး

တစ်ယောက်ပဲ ...

"သော်က"

"ပြော"

"အိမ်မပြန်နဲ့ဦး"

"ဘာဖြစ်လို့လဲ"

"နင့်ဘက်က စပြီး ကျွတ်ပြမနေစမ်းပါနဲ့ဟာ၊ အရွဲ့တိုက်

ပြီး နေပြလိုက်ပါ"

"တော်ပြီဟာ ပြန်မယ်၊ ငါ အပြင်မှာ မနေချင်တော့ဘူး"

"နင်ကလည်း"





ချစ်စုနှင့်ပင် အပြင်ထွက်ခွင့် မပြုတော့တာ ချစ်စု

က မသိပေ ...

"ချစ်စု"

"ဟင်"

"နင့်ကို ငါ ပြန်လိုက်ပို့ပေးမယ်၊ နောက်နေ့မှ ငါ နင့်ဆီ

လာခဲ့မယ်"

"နင့်ကိုကိုက ငါနဲ့တောင် မသွားရဘူးလို့ ပြောတယ်

မဟုတ်လား"

"ဒါကတော့ သူ ပြောလို့မရပါဘူး ချစ်စု၊ လောလောဆယ်

တော့ ပြဿနာမတက်အောင် ငါ အိမ်ပြန်မယ်၊ နောက်နေ့

မှ နင့်ဆီ လာမယ်လေ"

"သော်က"

"ဟင်"

"နင် တကယ်လာမှာလား"

"အင်းပါ"

"နင်မို့ ယောက်ျားရဲ့ နိုင့်ထက်စီးနင်း လုပ်နေတာခံတယ်"

ချစ်စု ...

ငါ ...

ကိုကို့ကို မဆန့်ကျင်ချင်ဘူး ...

အိမ်ရှင်မတစ်ယောက် ဖြစ်နေပြီဟာ ...



www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့ ကိုကို လင်မယားအရာ မြောက်သွားတော့ ကိုကို့အပေါ် ငါ သံယောဇဉ် တွယ်မိသလိုပဲ ...

မိန်းမဆိုတာ အိမ်ထောင်တစ်ခုတည်မြဲအောင် အနစ်နာခံပြီး ကြိုးစားတည်ဆောက်ကြရတာ သဘာဝပဲဟာ ...

ငါ့ဘက်ကပဲ လျှော့မယ် ...

တကယ်လို့ ...

ငါ့မှာ ကိုယ်ဝန် ရှိနေရင် ဘယ်လို လုပ်မလဲ ...

ကိုကို ယုံကြည်အောင်တော့ ငါ နေပြသင့်ပြီ။

"ငါ ပြန်တော့မယ် ချစ်စု"

"အင်း ... နင် မနက်ဖြန် လာခဲ့နော်၊ ငါ့မှာ နင့်ပဲ အားကိုးရာရှိတာ"

"အေးပါ"

ချစ်စု မပြန်ခင်တော့ သော်က ဧည့်ဝတ်ကျေပွန်ချင်သည်။

အိမ်ပြန်လာခဲ့၏။

ကိုကို ရောက်နေသည်။

သော်ကကို ဧည့်ခန်းထဲမှာ စောင့်နေ၏။

ကိုကိုနှင့် မျက်နှာချင်းဆိုင်ရမှာ သော်က ရှက်ရှက်ရှောင်ကွင်းပြီး အပေါ်ထပ်တက်ဖို့ ပြင်လိုက်သည်။

"သော်က"





ကိုကို့လေသံတွေက မာကျောခက်ထန်နေသည်။

"မင်းနဲ့ ဆွေးနွေးစရာရှိတယ်"

ကိုကို ...

သော်က မျက်နှာချင်းဆိုင်ရမှာ ရှက်လို့ပါ။

ကိုကို အရက်မူးနေတဲ့ ညက အဖြစ်အပျက်တွေ သော်က ဘယ်လို ဖွင့်ဟအသိပေးရမလဲ ...

တကယ်လို့ ...

သော်ကမှာ ကိုယ်ဝန်ရှိနေရင် ...

"သော်က"

"ဟင်"

"မင်း ငါ့ကို ဒီလောက်တောင်ပဲ မထေမဲ့မြင် ပြုရလားကွာ"

မဟုတ်ပါဘူး ကိုကို ...

သော်က အရမ်းစိတ်ညစ်လို့ ...

ပြီးတော့ ...

ချစ်စုရဲ့ ပြစ်တင်ပြောဆိုနေတာတွေကြောင့် သော်က အလိုက်အထိုက် နေခဲ့မိတာပါ။

ကိုကို့ကို ဆန့်ကျင်ပြီး အစွဲ့တိုက်ခဲ့မိတာတွေ နောင်တရလာမိသည်။

ဘယ်လို ပြောပြရမလဲ ...

သော်ကဘက်က အလျှော့ပေးလိုကြောင်းကို ကိုကို့ကို ပြောလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ လှုပ်ရှားမရ ...

"ကိုကိုက နင့်ကို အထင်သေးနေတာပဲ၊ နင် ကျွတ်ပြရင် ပိုနိမ့်မှာ"

ချစ်စု ပြောတဲ့ စကားတွေ ကြားယောင်လာပြီး ကိုကိုနှင့် ငြိမ်းချမ်းတဲ့ စကားတွေ မပြောလို့တော့ပေ။

"ကျွန်မ အနားယူတော့မယ်"

"သော်က"

"ကျွန်မကို ဒီလောက်အထိ အော်ဟစ်နေစရာ မလိုပါဘူး"

"မင်း ... မင်း ဘာဖြစ်လို့ ဒီနေရာကို သွားရတာလဲ"

"ဒီနေရာက လူတိုင်း သွားနေတာပဲ၊ ကျွန်မ သူငယ်ချင်းက သွားချင်လို့ လိုက်ပို့တာပါ၊ ဘာဖြစ်လို့လဲ"

သော်က အတတ်နိုင်ဆုံး အေးစက်တည်ငြိမ်တဲ့ လေသံတွေ ဖမ်းပြီး ပြောနေမိသည်။

ရှင်က ကျွန်မအပေါ် အနိုင်ကျင့်ချင်နေတာပဲ။

ကိုကို့ရှေ့ကနေ ထွက်သွားဖို့အတွက် သော်က ပြင်လိုက်သည်။

"သော်က"

"ဟော့"

သော်က လက်တွေကို ဖမ်းဆွဲလိုက်စဉ် သော်က ကိုယ်လေး ယိုင်ခွေပြီး လဲပြိုသွားမတတ် ဖြစ်သွားရသည်။





ကြမ်းတမ်းစွာ ဆက်ဆံတတ်တဲ့ သူ့ကို တင်းမာတဲ့ မျက်ဝန်းတွေနှင့် သော်က ကြည့်မိ၏။

"မင်း နေဦး"

"ရှင် ကျွန်မအပေါ် ဒီလောက်အထိ အနိုင်မကျင့်ပါနဲ့၊ ရှင် ထားရာနေ စေရာသွားရမဲ့ ဘဝမျိုး ဖန်တီးချင်တာ မဟုတ်လား၊ ကျွန်မ လက်မခံဘူး"

"မင်း ... မင်း ... ဘာဖြစ်လို့ ဒီလောက်အထိ အောက်တန်းကျတဲ့ စိတ်ဓာတ်တွေ ရှိနေရတာလဲ"

"ဟုတ်တယ်၊ ကျွန်မက အရမ်း အောက်တန်းကျတယ်၊ ရှင့်ရဲ့ ပွဲတက်မယား မဖြစ်နိုင်ဘူး၊ ရှင့်လို ဂုဏ်သိက္ခာကြီးမားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဇနီးမယားလည်း မဖြစ်ထိုက်ဘူး"

ပြောစရာမရှိတော့သလို သော်က ချာခနဲ လှည့်ထွက်လာခဲ့မိသည်။

အခန်းထဲ ရောက်လာ၏။

ရှင် ... အရမ်းရက်စက်တယ် ...

ကျွန်မကို အထင်သေးအမြင်သေးနဲ့ ဆက်ဆံချင်တယ် ...

အဖက်မတန်သလို နိမ့်ချဆက်ဆံချင်တာပဲ ...

ကြေကွဲဝမ်းနည်းမှုတွေက သော်က ရင်ထဲ တိုးဝင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မကျေနပ်ဘူး ...

ရှင့်ဘက်ကရော ကျွန်မကို နည်းနည်းမှ ညှာတာ
ထောက်ထားတာမှ မရှိတာ။

သော်က ငိုချင်လာမိသည်။

အထီးကျန်စိတ်တွေနှင့် ကြေကွဲဝမ်းနည်းလာမိတော့
၏။

"အဟင့် ... ဟင့် ... အဟင့်"

"အဟင့်"

နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်ယင်လာ
ပြီး ကြေကွဲစွာ ငိုပစ်လိုက်မိတော့သည်။

သော်က ...

နင် ...

ဒီယောက်ျားကို ဘာဖြစ်လို့ အရှုံးပေးချင်နေရတာ
လဲ ...

"နင် ကျွတ်ပြရင် နင့်ကို ပိုပြီး နှိပ်ကွပ်မှာနော် သော်က"

ချစ်စု ပြောတဲ့ စကားတွေပဲ မှန်နေပြီလား ...

သော်က အပြုအမူတွေနဲ့ ပတ်သက်ပြီး ကိုကို့ဘက်
မှ နည်းနည်းမှ အလျှော့ပေး ပျော့ပျောင်းမှု မရှိခဲ့။

တင်းမာခက်ထန်စွာဖြင့် အပေါ်စီးမှ ဆက်ဆံတော့
သည်။





"အဟင့် ... အဟင့် ... ဟင့်"

"အဟင့် ... ဟင့်"

သော်က ငိုမိသည်။

မာမီ ...

သမီး ဘာဆက်လုပ်ရတော့မလဲဟင် ...

ကိုကို့အနားကနေ ထွက်သွားရတော့မလား ...

သော်က အိမ်ထောင်ရေး နိုင်မြဲအောင် ဘယ်လို
ကြိုးစားရမလဲ ...

ကိုကို့အပေါ် သော်က သံယောဇဉ် ရှိနေပမဲ့ ကိုကို့
ဘက်ကတော့ သော်ကကို အထင်သေးမုန်းတီးနေမှာပါ။

"မင်းမှာ ဘာဖြစ်လို့ ဒီလောက်အထိ အောက်တန်းကျတဲ့
စိတ်ဓာတ်တွေ ရှိနေရတာလဲ သော်က"

ကိုကို ပြောလိုက်တဲ့ စကားတွေကို ကြားယောင်ပြီး
ဒေါသတွေ ပေါက်ကွဲနေရသည်။

ဟုတ်တယ် ...

ကျွန်မက အောက်တန်းကျတဲ့ မိန်းမ ...

ရှင်နဲ့ မတန်ပါဘူး ...

အခန်းထဲမှ တွေ့သမျှ အရာတွေကို ပေါက်ခွဲပစ်ချင်
မိတော့သည်။

❖ ◎ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

သော်ကရဲ့ အပြုအမူတွေက သူ့ကို မထေမဲ့မြင် လုပ်လွန်းနေသည်ဟု ထင်မိနေရသည်။

ဘယ်လို ထိန်းချုပ်ရမှန်းဝင် မသိတော့ ...

စိတ်ညစ်တယ်ကွာ ...

မင်းလို အောက်တန်းကျတဲ့ မိန်းမတစ်ယောက်ကိုမှ ငါ လက်ထပ်မိတယ် ...

တွေးမိတိုင်း ဒေါသတွေ ဖြစ်မိသည်။

ချစ်စုနဲ့ ပေါင်းပြီး သော်က သွားချင်ရာသွားနေ၏။

နေချင်သလိုနေသည်။

ခပ်ပေါ့ပေါ့ နေထိုင်တတ်တဲ့ မိန်းကလေးမျိုးကို သူ အထင်မကြီးတတ်ပေ။

သူ ...



BURMESE CLASSIC .com



စိတ်ညစ်မိသည်။

သော်ကနှင့် ကွာရှင်းဖို့အတွက်လည်း ဒီမိန်းကလေး အပေါ် သံယောဇဉ်တွယ်မိနေ၏။

ဘယ်လို လုပ်ရမလဲ ...

သူ့ဘက်က လျှော့ပေးဖို့ကျတော့လည်း သော်က နှင့် ညှိဖို့မလွယ်ပေ ...

အေးစက်တဲ့ ဆက်ဆံမှုတွေနှင့် စိတ်မပါသလို အပြုအမူတွေပဲ တွေ့နေရသည်။

သူ ဖြစ်စေချင်တာတွေကို သော်က နာခံမှာ မဟုတ်။

ရှေ့ဆက်သွားရမဲ့ခရီးက မလွယ်ပေ ...

စိတ်ရှုပ်ထွေးစရာ အခြေအနေတွေနှင့်ပဲ ဆက်ရတော့ မည်။

မဖြစ်ဘူး ...

သော်ကကို တားဆီးရမယ် ...

သူ့ဂုဏ်သိက္ခာတွေအတွက် အရှက်တကွဲဖြစ်မှာ မလို လားပေ။

သော်ကနှင့် တရားဝင် လက်ထပ်ထားပေမဲ့ လင် မယားအရာ မမြောက်သေး၍ ခက်နေသည်။

သူ အိပ်လို့မရ ...

အရက်တွေပဲ သောက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်၏။

သူ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ အိမ်ထောင်ရေးပဲ ...

နာကျင်နေသည်။

သူ့အိမ်ထောင်ရေးကို အဆင်ပြေအောင် တာဝန်အရှိဆုံးက သူပဲလား ...

"သော်ကကို သား တုဘက်မပြိုင်ပါနဲ့၊ သော်က ငယ်သေးတယ်၊ မိဘမဲ့နေတဲ့ မိန်းကလေးဖြစ်လို့ မေမေတို့မှာ စောင့်ရှောက်ရမယ်လေ"

မေမေကတော့ သော်က ဘယ်လိုပဲနေနေ ခွင့်လွှတ်ဖို့ပဲ ပြောနေခဲ့သည်။

သော်က ...

မင်း ဘာဖြစ်လို့ ငါ့ရဲ့ ဘဝလက်တွဲဖော် မိန်းကလေးတစ်ယောက်ရဲ့ ဘဝကို မခံယူချင်ရတာလဲကွာ ...

စည်းစိမ်ချမ်းသာတွေနဲ့ ပြည့်စုံနေတဲ့ သူ့အတွက် အိမ်ထောင်ရေးမှာ သော်ကတွေပဲ ခံစားနေရသည်။

သော်ကနဲ့ ညှိရမယ် ...

ချစ်စုနဲ့ အပြင်ကို သွားလာနေတာတွေ ခွင့်မပြုနိုင်တော့ဘူး ...

သူ ထလိုက်သည်။





သော်က အခန်းနားရောက်တော့ ဒေါသတွေနှင့်အတူ ကြေကွဲစွာ ရှိုက်ငိုနေတာကို ကြားလိုက်ရသည်။

"အဟင့် ... အဟင့် ... ဟင့်"

"အဟင့်"

"ရှင့်ကို မုန်းတယ်၊ အရမ်းမုန်းတာပဲ၊ ကျွန်မ ရှင့်ကို အရမ်းမုန်းတယ်"

"ဝုန်း"

"ဝုန်း"

ငိုရှိုက်သံနှင့်အတူ အရာဝတ္ထုတွေနှင့် ပစ်ပေါက်နေသည်။

"အဟင့် ... ဟင့် ... အဟင့်"

"အဟင့်"

"ရှင် ကျွန်မကို အနိုင်ကျင့်နေတာ၊ ရက်စက်နေတာ"

သူ ...

ပြန်ထွက်လာခဲ့မိသည်။

ဒီလိုအခြေအနေမျိုးမှာ သော်ကနှင့် ဝေးဝေးရှောင်နေတာ အကောင်းဆုံးဟု တွေးမိလိုက်၏။

အရက်ကို ဆက်သောက်သည်။

သော်ကဘက်ကလည်း သူ့ကို အရမ်းမုန်းတီးနေ၏။

"ရှင့်ကို မုန်းတယ်၊ အရမ်းမုန်းတယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သော်ကရဲ့ စကားသံတွေက သူ့နှလုံးသားထဲကို နာကျင်စွာ ထိုးနှက်နေတော့သည်။

"ရှင် ကျွန်မကို အနိုင်ကျင့်နေတာ၊ ရက်စက်နေတာပဲ"

ကိုကို ရက်စက်တာမဟုတ်ပါဘူး သော်က ...

မင်းအတွက်ပါ ...

သာယာချမ်းမြေ့တဲ့ အိမ်ထောင်လေးတစ်ခုကို တည်ဆောက်ချင်တယ် ...

မင်းကို ခပ်ပေါ့ပေါ့ မိန်းကလေးတစ်ယောက် မဖြစ်စေချင်တာပါ။

သူ ...

စည်းစနစ်ကြီးသည်။

သန့်ရှင်းသပ်ရပ်စွာနေတတ်၏။

အိမ်မှာ အလုပ်သမားမထားတာလည်း သော်က သွားချင်ရာ သွားမှာစိုး၍ပါ။

သူလည်း သော်ကနှင့်အတူ အိမ်မှုကိစ္စတွေ ဝိုင်းလုပ်ပေးဖို့ အဆင်သင့် ဖြစ်နေသည်။

သော်က လက်မခံခဲ့။

တမင်သက်သက် နှိမ်ချဆက်ဆံနေသည် ထင်နေသည်။

ကိုကို ဘာလုပ်ရမလဲ။





သူ့ဘက်က အလျှော့ပေးပြီး ချော့ရမလား ...

မဖြစ်သေးပါဘူး ...

ဒီကောင်မလေး အရမ်းမြောက်သွားပြီး ထိန်းမနိုင်သိမ်းမနိုင် ဖြစ်တော့မည်။

ခပ်တင်းတင်းနေမှပဲ ...

သူက ယောက်ျား ...

မင်း ငါ့ အမိန့်တွေကို နာခံရမည် သော်က ...

မနက်မိုးလင်းတော့ သော်ကကို ပြောဖို့ သူ အမူးအလွန်၍ အိပ်ရာက မထနိုင်ပေ။

အိပ်ရာက နိုးတော့ အိမ်မှာ သော်က မရှိတော့။

"တောက်"

သူ ...

ဒေါသဖြစ်ရသည်။

ယောက်ျားတစ်ယောက်ရဲ့ မာနကို စိန်ခေါ်လိုက်တဲ့ မိန်းမပဲ ...

ဒေါသတွေက ပေါက်ကွဲချင်လာရသည်။

မေမေ့ကို ပြောရမယ် ...

မနက်စောစော ယောက်ျားတောင် အိပ်ရာက မထသေးဘူး မိန်းမက အိမ်က ထွက်သွားသည်။

မင်း ...



www.burmeseclassic.com

www.burmeseclassic.com



ရွဲ့တာလား ...

ရှင် မပေါင်းချင်ရင် ကွာဆိုတဲ့ သဘောနဲ့ ငါ့ကို စိန်ခေါ်တာလား ...

သူ ...

တစ်ယောက်တည်း မနက်စာကို ဖြစ်သလို စားပြီး မေမေ့ဆီ ရောက်လာသည်။

"သား"

"မေမေ"

"မင်း အရက်တွေ သောက်ထားတယ် ထင်တယ်"

"ဟုတ်တယ် မေမေ၊ သားကို ခွင့်လွှတ်ပါနော်၊ သား အရမ်းစိတ်ညစ်လို့ သောက်မိတာပါ"

"မင်း သော်ကနဲ့ အဆင်မပြေဘူးလား"

"သော်က အိမ်မှာ မနေတာများတယ် မေမေ၊ ချစ်စုနဲ့ အပြင်ထွက်နေတယ်"

"မင်း မကြိုက်ဘူး မဟုတ်လား၊ သူငယ်ချင်း ရောက်လာလို့ အပြင်ထွက်တာပဲကွယ်၊ စည်းကမ်းဘောင်တွေ ဝိုင်းရံထားတဲ့ မျက်လုံးတွေနဲ့ မကြည့်ပါနဲ့"

မေမေ့ကို ဒီထက်ပိုပြီး မပြောချင်တော့ပေ ...

သော်ကအပေါ် မေမေ အမြင်မြင်မှာ မဟုတ်တာ သေချာသည်။





"သား"

"မေမေ"

"မင်း သော်ကနဲ့ ကွာရှင်းဖို့စကား ပြောလာရင် မေမေ လုံးဝ လက်မခံဘူးနော်၊ မင်းဘက်က လျှော့ပေးလိုက်ပါလို့ မေမေ ပြောထားပြီးပြီပဲကွယ်"

"သော်က အပြုအမူတွေက ကျွန်တော့် ဂုဏ်သိက္ခာတွေကို အရမ်းထိပါးလာနေလို့ပါ မေမေ၊ သော်ကနဲ့ ညှိနှိုင်းလို့ မဖြစ်တော့ဘူး မေမေ"

"သား ... မင်းဘက်ကပဲ သည်းခံပါ၊ မေတ္တာဆိုတာ အသွားအပြန်ရှိပါတယ် သားရယ်၊ မင်း အချစ်တွေကို သော်ကလေး နားလည်လာမှာပါ"

သော်ကနှင့် ကွာရှင်းဖို့အတွက် မေမေ ဘယ်တော့မှ ကခံမှာ မဟုတ်မှန်း သူ သိနေသည်။

"မင်းဘက်ကရော သော်ကကို ချစ်ခင်ကြင်နာပြလို့လား မင်း ပုံစံခွက်ထဲထည့်ဖို့ မင်း အတင်းအကျပ် ကြိုးစားနေတာပဲ မဟုတ်လား သား"

မေမေ့ကို ဘာမှ မပြောတာက အကောင်းဆုံးပဲ နေသည်။

သော်ကကို မကွာရဘူးတဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ရွယ်တဲ့ သော်ကနဲ့ မင်း တဘက်ယှဉ်ပြိုင်တာ မေမေ လက်မခံဘူး သား၊ မင်းဘက်က အလျှော့ပေးပြီး စည်းရုံးဖို့ပဲ ကြိုးစားပါ သားရယ်"

သူ ...

ကမ္ဘာကြီးကိုပင် မသွားတော့ ...

သော်ကနှင့် ပတ်သက်တာတွေ တစ်ယောက်ယောက်က ဖုန်းဆက်ပြောမှာပဲ ကြောက်၍ ဖုန်းကို ပိတ်ထားလိုက်မိတော့သည်။

အခန်းထဲမှ အပြင် မထွက်ဘဲ စာဖတ်နေမိ၏။

သော်ကကတော့ ကိုကို မနိုးခင် ထွက်လာခဲ့မိတာ နည်းနည်းတော့ စိုးရိမ်ကြောင့်ကြနေမိသည်။

ကိုကို စိတ်ဆိုးနေမှာပဲ ...

ချစ်စုဆီ မသွားရဘူးလို့ ပြောတာကို သူမ ထွက်လာခဲ့သည်။

ညက ...

ကိုကို အရက်သောက်သည်။

သူမ အမူးလွန်နေမလားဆိုပြီ ယသာဆောင် ထွက်ကြည့်သေး၏။

မမူးပေ ...





ကျွန်မကသာ ရှင့်အပေါ် စိုးရိမ်ပူပန်မှုတွေနဲ့ ဂရုစိုက်ရတာ၊ ရှင်ကတော့ အဖက်တောင်မလုပ်ပါဘူး ...

တစ်ညလုံး သော်က ငိုမိနေသည်။

စိတ်ဆိုးဆိုးနှင့် မျက်စိရှေ့မှာရှိတဲ့ အရာတွေနှင့် နံရံကို ပစ်ပေါက်နေမိ၏။

ဒေါသပြေသွားတော့ ကိုကို့ကို သွားကြည့်သေးသည်။

အရက်သောက်နေသည်။

ဟိုနေ့ကလောက်တော့ ကိုကို မူးမနေပေ။

ကျွန်မတို့နှစ်ယောက်ရဲ့ အိမ်ထောင်ရေးက စိတ်သောကတွေ လွှမ်းမိုးနေသည်။

အန်တီမဲ့ကို ပြောပြီး ကွာရှင်းပြတ်စဲလိုက်ရင် ကောင်းမလားပဲ ...

"သော်က"

"ဟင်"

"နင် ဘယ်လို ဖြစ်နေလဲ၊ အိမ်ထောင်ရေးအဆင်မပြေမှုတွေ အရမ်းများနေပြီလား"

"ဟုတ်တယ် ချစ်စု၊ ကိုကိုနဲ့ ငါ လုံးဝ အဆင်မပြေတော့ဘူး၊ ငါ တစ်ညလုံး ငိုပစ်လိုက်တယ်"

"သူက ဘာပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သော်ကကို အောက်တန်းကျတဲ့ မိန်းမတဲ့"

"ဘာ"

ချစ်စု ဒေါသတကြီး အော်လိုက်၍ သော်ကပင် လန့်သွားရသည်။

"နင့်ကို ဒီလိုပဲ ပြောလား သော်က၊ ကိုချစ်စမ်းမောင်က ဒီလောက်အထိ ပြောဖို့တော့ မသင့်ပါဘူးဟာ"

ချစ်စုကို ပြောလိုက်မိတာမှားသွားပြီဟု နောင်တရ နေမိသည်။

ကိုကိုနှင့် သော်ကကို လုံးဝသဘောတူတာ မဟုတ် ပေ။

"ကွာရှင်းလိုက်စမ်းပါဟာ၊ ဒီယောကျ်ားကို အပြတ်ကွာ ပစ်လိုက်"

ကိုကိုနှင့် ဘယ်လိုမှ ညှိနှိုင်းလို့မရအောင်ဖြစ်ရသည်။

ကွာရှင်းလိုက်ရမလား ...

"နင့်ကို နိမ့်တာပဲ၊ အထင်သေးလွန်းပါတယ်ဟာ၊ နင့်ကို မလွှဲသာမရှောင်သာလို့ လက်ထပ်လိုက်တာပဲ၊ နင်နဲ့ မတန် ဘူးလို့ ထင်ထားလားမှ မသိတာ"

ဟုတ်တယ် ချစ်စု ...

ကိုကိုက ငါ့လို မိန်းမမျိုးနဲ့ မတန်ဘူးလို့ ထင်ထား တာပါ။





ကျွန်မကို အောက်တန်းကျတဲ့ မိန်းမတစ်ယောက်လို့ ပဲ ရှင်က သတ်မှတ်ထားတာလေ ...

ထမင်းဟင်းချက် ...

အိမ်မှုကိစ္စတွေလုပ် ...

ရှင့်ကို အလုပ်အကျွေးပြုဖို့ပဲ သတ်မှတ်ထားတာ ပါ။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထား မိသည်။

"နင်နဲ့ ကိုကို လင်မယားအရာ မမြောက်သေးဘူး မဟုတ် လား သော်က"

ကိုကို အရက်တွေ အလွန်အကျွံ သောက်တဲ့နေ့ လေးကို အမှတ်တရ ဖြစ်လာရသည်။

အမူးလွန်နေတဲ့ ကိုကို ...

တွေးမိတိုင်း ရင်ဖိုလိုက်မောနေရသေးသည်။

"သော်က"

"ဟင်"

"ဘယ်လိုလဲ"

မဖြေချင် ...

ကိုကိုနှင့် သူမ ငြိစွန်းသွားပြဆိုတာ ပြောရမှာ ရှက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တရားဝင် လက်ထပ်ထားပြီး မထင်မှတ်ဘဲ ငြိစွန်း သွားကြတာကိုက ဘယ်လောက် မျက်နှာပူစရာကောင်းလဲ။

ကိုကို့ဘက်က အသိအမှတ်မပြုဘူး ဆိုတာလည်း မပြောချင်ပေ။

ရေငုံနှုတ်ပိတ်နေလိုက်သည်။

"ဘာဖြစ်လဲ၊ နင် အပျိုစင်ပဲ၊ ကိုချစ်စမ်းမောင်ထက်သာတဲ့ ယောက်ျားတစ်ယောက်ကို နင့်အတွက် ရှာပေးမယ်"

"တော်ပါပြီဟာ"

သော်က အိမ်ပဲ ပြန်ချင်နေသည်။

ကိုကိုနှင့် အဆင်ပြေအောင် နေလိုက်တာက ကောင်း မည်ဟု တွေးမိနေ၏။

ချစ်စု မပြန်သေးတာ ခက်နေသည်။

"ကဲပါဟာ အားလုံး မေ့ပစ်လိုက်၊ ငါတို့နှစ်ယောက် ပျော် ပျော်လေးနေမယ်၊ နင် ငါ့နောက်လိုက်ခဲ့"

"ချစ်စု"

"လာစမ်းပါ"

ချစ်စု ခေါ်ဆောင်ရာနောက်သို့ သော်က လိုက်လာ တော့သည်။

❖ ◎ ❖





အခန်း(၁၄)

သော်က စိတ်တွေ မပျော်နိုင်ဘဲ ဖြစ်နေသည်။

ကိုကိုနဲ့သူမက ငြိစွန်းပြီးပြီ။

ဒီအတွက် သော်က စိတ်တွေ တုန်လှုပ်ချောက်ချား နေမိသည်။

ကကယ်လို့ ...

သော်ကမှာ ကိုယ်ဝန်ရှိခဲ့ရင် ကိုကို့ကို ဘယ်လို ဖွင့်ပြောရမလဲ ...

ယုံပါ့မလား ...

သော်က အပြင်တွေ လျှောက်သွားနေတာ မသင့် တော်ဘူးဟု ထင်မိသည်။

ကိုကိုနဲ့ သင့်မြတ်အောင် နေရမှာပါ။

သူမနှင့် ကိုကိုတို့ ငြိစွန်းခဲ့တဲ့အကြောင်း ပြောပြဖို့ အခက်တွေ့နေရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သော်က မပြောချင် ...

ရှက်နေမိသည်။

ကိုကို မူးလို့ ဖြစ်သွားရတဲ့ကိစ္စဖြစ်၍ သော်က
အလွန်အမင်း အရှက်ရနေမိ၏။

မပြောချင်မိ ...

ကိုယ်ဝန် ရှိရင်ရော ...

တွေးပြီး အကြောက်ကြီး ကြောက်လာမိသည်။

ကိုကို ယုံကြည်အောင် နေသင့်သည်ဟု ထင်မိ၏

အိမ်ပြန်မယ် ...

သော်က အိမ်ထောင်ရှင်မတစ်ယောက် အနေနှင့်
အိမ်ထဲမှာပဲ နေသင့်ပါတယ်လေ ...

"မောင်ချစ်စမ်းမောင်နဲ့ ကွာရှင်းဖို့ သမီး လုံးဝ မကြိုးစား
ပါနဲ့၊ မာမီ တောင်းပန်ပါတယ် သမီးလေးရယ်၊ အိမ်
ထောင်ရေးခိုင်မြဲအောင် ကြိုးစားပါ"

မာမိက စိတ်ပူပြီး တတွတ်တွတ်မှာကြားထားခဲ့သည်

သော်က အရေးမစိုက်ခဲ့။

နေချင်သလိုနေမိသည်။

ကိုကိုနှင့်ပင် အပျိုစင်ဘဝလေးကို အနစ်မွှန်းမခံနိုင်
ဘူးဆိုပြီး အခန်းခွဲအိပ်ခဲ့၏။

သော်က မှားနေတာပဲ ...





ဟုတ်တယ် ...

အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ သော်က လုပ်နေတာပါ။

နောင်တတွေ ရနေမိသည်။

ပြန်မယ် ...

သော်က အိမ်မှာပဲနေရမယ် ...

"သော်က"

"ဟင်"

"နင် ဘာတွေ တွေးနေတာလဲ၊ စိတ်ညစ်နေတာလား"

"ဘာဖြစ်လို့လဲ"

"မနေချင်တော့လို့ပါဟာ"

"နင် ကြောက်နေတယ် မဟုတ်လား"

"ငါ အိမ်ပြန်ချင်တယ် ချစ်စု"

သူမ ...

ထသည်။

ချစ်စု မိတ်ဆွေတစ်ယောက် ရောက်လာ၍ မပြန်ဖြစ်။

မိတ်ဆွေက ယောကျ်ားလေး ...

"ဟော့ ... ကျော်ကျော်ဇင်၊ နင် ဒီကို ရောက်နေတာလား"

"ဟုတ်တယ် ချစ်စု၊ နင်ရော ရောက်နေတာလား"

"ဟုတ်တယ်လေ၊ သူလည်း တို့မြို့ကပဲ ခင်သော်ကတဲ့"

"ကိုယ် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သော်က မသိဘဲ သူက သော်ကကို သိနေသည်။

"ခင်သော်ကက နာမည်ကြီးပဲ၊ အလှဘုရင်မလေ၊ ကိုယ်တောင် တကူးတက သွားချောင်းကြည့်ရတာ"

"ရှင်"

"သော်က အံ့သြနေလား၊ ချစ်စုနဲ့ ခင်မင်အောင် လုပ်ရတာပေါ့၊ ဒါပေမဲ့ ကိုယ်က နောက်ကျသွားတယ်၊ သော်က ရန်ကုန်ပြောင်းသွားပြီတဲ့"

ကျွန်မ အိမ်ထောင်ကျနေပြီလို့ ပြောဖို့ ချစ်စုက မပြောဖို့ အမူအရာတွေ လုပ်ပြ၍ထားသည်။

ဒီလူ့အကြည့်တွေကို မကြိုက် ...

စူးရှရဲတင်းလွန်းသည်ဟု ထင်မိသည်။

သော်ကမှာ အိမ်ထောင်နှင့် ...

စိတ်မလုံမလဲဖြစ်လာပြီး သော်က ပြန်ချင်လာသည်။

"ကိုယ် ကျွေးမယ်၊ ခဏလောက်ထိုင်ပြီး စကားပြောကြရအောင်နော် သော်က"

"ဟို ... ဟို ... သော်က"

"ရပါတယ်၊ ကျော်ကျော် ရှင် ကျွေးမယ်ဆိုရင်တော့ တို့ထိုင်ပြီး စကားတွေ ပြောကြတာပေါ့"

"ချစ်စု သော်က အလုပ်ရှိသေးတယ်၊ ပြန်မယ်ဟာ နော်"





ယောကျ်ားတစ်ယောက်နှင့် စားသောက်ဆိုင်မှာ ထိုင်နေတာ ကိုကို့အသိုင်းအဝိုင်းတွေ သိသွားမှာ စိတ်ပူမိသွားရသည်။

မထိုင်သင့်ဟု ထင်မိ၏။

"သော်က ထိုင်ပါဟာ၊ ခဏလေးပဲ၊ ကျော်ကျော်ဇင့်ကို သနားစရာကောင်းလို့ ဒကာပေါ်တုန်း စားရမယ်လေ"

ကျော်ကျော်ဇင်ဆိုတဲ့ လူကို ချစ်စုက အလေးထားပုံပင်။

သော်က စိတ်ညစ်နေမိသည်။

ဒုက္ခပါပဲ ...

ကိုကို့ အသိုင်းအဝန်းတွေက နေရာအနှံ့ရှိတာ။

သော်က စိတ်မလုံ ...

မလွှဲသာ မရှောင်သာ၍ သော်က ထိုင်နေရသည်။

စိတ်ညစ်နေ၏။

တော်ပြီ ...

ချစ်စုနဲ့ မလိုက်တော့ဘူး ...

အိမ်မှာပဲ ကိုကို့စိတ်တိုင်းကျ နေတော့မယ် ...

ကိုကို့ဆီမှ ဖုန်းလာသည်။

သော်က အထိတ်တလန့်နှင့် ဖုန်းကို ဖွင့်ကြည့်လိုက်၏။

"သော်က"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်း ပြန်လာခဲ့ပါ၊ မင်း ယောကျ်ားတစ်ယောက်နဲ့တောင် စားသောက်ဆိုင်ထိုင်နေတတ်ပြီလား"

"ကိုကို"

သူ ...

ဖုန်းပိတ်သွားသည်။

"သော်က ပြန်တော့မယ်"

ကိုကျော်ကျော်ဇင်လည်း ငွေကို အမြန်ရှင်းသည်။

"နောက်မှ တွေ့မယ်နော် ကျော်ကျော်ဇင်"

ချစ်စုက လိပ်စာပေးပြီး ဖုန်းနံပါတ်တွေ အပြန်အလှန် ပေးနေကြတော့သည်။

"သော်က"

"ဟင်"

"နင် ဘာဖြစ်လို့ ကြောက်နေရတာလဲ"

"ငါ ဒီမှာ ထိုင်နေတာ ကိုကို့ဆီ ဖုန်းဝင်နေပြီ ချစ်စု"

"ဘာဖြစ်လဲ၊ နင် ဘာလုပ်လို့လဲ၊ သူက နေရာတကာ ဂုဏ်သိက္ခာအရပဲ လိုက်ပြောနေတာပဲ၊ နင့်အတွက် စိတ်မောတယ်"

"ငါက လက်ထပ်ပြီးပြီပဲ၊ ကိုကို့ဇနီးမယား ဖြစ်နေပြီ"

"နင်နဲ့ အကြင်လင်မယားအရာမှ မမြောက်သေးတာပဲ"





ချစ်စုကို ပြောဖို့က သူမ နှုတ်လေးကာ တွန့်နေသည်။

စိတ်ညစ်လိုက်တာ ...

သေချင်တာပဲ ...

ကိုကိုနှင့် ဘယ်လိုရင်ဆိုင်ရမှန်းပင် မသိတော့ ...

"သော်က"

"ဟင်"

"မကြောက်နဲ့နော်၊ ကျော်ကျော်ဇင်က သူငယ်ချင်းပဲ၊ နယ်က လူ ဘာဖြစ်လဲ"

သူမ ...

ပြန်လာခဲ့သည်။

ကိုကို့ မျက်နှာက တင်းမာခက်ထန်နေ၏။

"သော်က"

"ဟင်"

"မင်း ဘာဖြစ်လို့ ငါ့ဂုဏ်သိက္ခာတွေမဲ့အောင် လုပ်နေရတာလဲ"

"သော်က ဘာမှ မလုပ်တာ"

"မင်းဟာ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဆိုတာ စဉ်းစားမိသေးရဲ့လား သော်က"

သော်ကကို သူ ခွင့်မလွှတ်နိုင်လောက်အောင် ဒေါသဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသိုင်းအဝိုင်းက လူတွေ အများကြီးပဲရှိ၏။

"မင်းမိန်းမကို မင်း ထိန်းသင့်တယ် ချစ်စမ်းမောင်၊ စားသောက်ဆိုင်မှာကွာ ယောကျ်ားလေး တစ်ယောက်နဲ့တော့ မထိုင်သင့်ပါဘူး"

သူ ...

သော်ကကို ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားရတော့သည်။

"မင်း ငါ့ရဲ့ ဂုဏ်သိက္ခာတွေကို စောင့်ထိန်းသင့်ပါတယ် သော်က"

"ကျွန်မ တောင်းပန်ပါတယ် ကိုကို"

သော်က အလျှော့ပေးလိုက်သည်။

ကိုကိုနှင့် သင့်မြတ်အောင် နေဖို့ပဲ သော်က ဆုံးဖြတ်လိုက်၏။

"ချစ်စု မိတ်ဆွေပါ၊ ကျွန်မနဲ့ ဘာမှ မဆိုင်ပါဘူး ကိုကို"

"သော်က"

"ရှင်"

"မင်းနဲ့ ငါ ရှေ့ဆက်ရမဲ့ ဘဝခရီးမှာ မင်းကို စောင့်ကြည့်ရမဲ့ အနေအထားတွေ ဖြစ်လာတဲ့အထိ မင်း မဖန်တီးသင့်ဘူး"

"ကျွန်မ ဘာမှ မလုပ်ဘူး၊ သူငယ်ချင်း ရောက်လာလို့ ကျွန်မ ဧည့်ခံနေတာပဲ ရှိတာပါ"





ကိုကို့ကို အလျှော့ပေးမယ်ဆိုတော့လည်း ကိုကို့ဘက်က တင်းမာစွာ ဆက်ဆံနေသည်။

သော်က မဖြေရှင်းချင်တော့ ...

မှားပါတယ်လို့ ဝန်ခံပြီးပြီပဲ။

သော်က ခြေလှမ်းတွေက ကိုကို့ကို ကျောခိုင်းဖို့ ပြင်လိုက်သည်။

"မင်း ထွက်မသွားနဲ့ဦး"

"ကျွန်မ တောင်းပန်ပါတယ် ကိုကို၊ လုပ်ပြီးသားအပြစ်တစ်ခုကို ဆက်ပြောမနေပါနဲ့တော့"

"မဟုတ်ဘူး သော်က၊ မင်းနဲ့ ငါ ပြဿနာကို ဖြေရှင်းရမယ်၊ ညှိနှိုင်းရမယ်၊ ထိုင်စမ်း"

ရှင် ...

ကျွန်မကို အထက်ဆီးကနေ ဆက်ဆံနေတာ အရမ်းမှန်းတာပဲ ...

ကိုကို့မျက်ဝန်းအကြည့်တွေကလည်း တင်းမာနေသည်။

ကျွန်မကို မချစ်ဘဲ လက်ထပ်လိုက်ရတာ မဟုတ်လား ...

"သော်က"

"ကျွန်မ တောင်းပန်ပါတယ်၊ ဘာမှ ဆက်မပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်စမ်း"

သော်က မထိုင် ...

အခန်းရှိရာကိုပဲ သွားဖို့ ခြေလှမ်းကို ပြင်လိုက်သည်။

"မင်း"

သော်က လက်မောင်းတွေကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

"လွှတ်ပါ"

"မင်း ... မင်း ငါ့ကို ဘာဖြစ်လို့ ဆန့်ကျင်နေရတာလဲ"

"မသိဘူး၊ ကျွန်မကို ဘာမှ မပြောနဲ့"

"သော်ကနော်"

"လွှတ်ပါ"

"မင်း ကလေးမဟုတ်တော့ဘူး သော်က၊ မင်း နေချင်သလို နေလို့မရတော့ဘူး"

ကိုကို့ဆီက ကြမ်းတမ်းစွာ ဆက်ဆံမှုတွေကို ကျွန်မ မှန်းတီး နာကြည်းဆုံးပင်။

ရုန်းထွက်လိုက်သည်။

"သော်က"

"လွှတ်ပါ"

"ငါက မင်း ယောကျ်ား၊ မင်း ဘာဖြစ်လို့ ငါနဲ့ ဆန့်ကျင်ဘက်တွေ လုပ်နေရတာလဲ"





ကိုကို ဒေါသတကြီးနှင့် သော်ကကို အော်ပစ်မိသည်။

ခေါင်းမာတဲ့ ကောင်မလေးကို ဘယ်လို ထိန်းချုပ်ရမှန်း မသိတော့ ...

မေမေက သည်းခံပါတဲ့ ...

သော်ကကို လုံးဝ ကွာရှင်းပြတ်စဲဖို့ မကြိုးစားပါနဲ့တဲ့။

"သော်က မင်း ဒီလို ဆက်နေတာကို ငါ လုံးဝ ခွင့်မပြုနိုင်တော့ဘူး၊ မင်း အနေအထိုင် ဆင်ခြင်ပါ"

သော်က ...

ထွက်လာခဲ့သည်။

သူမ အိပ်ခန်းထဲ ရောက်တော့ အိပ်ရာပေါ် ပျော့ခွေကျသွား၏။

ကိုကိုနဲ့ ရှေ့ဆက်ပြီး ဘယ်လို ခရီးသွားရမလဲ ...

မာနမာနတွေနှင့် အလျှော့မပေးတတ်တဲ့ ကိုကိုနှင့် ဘမင်တကာ နှိမ်ချဆက်ဆံတာကို မကြိုက်တဲ့ သော်ကတို့ အိမ်ထောင်ရေးက အဆင်မပြေနိုင်တော့။

ကွာရှင်းဖို့ပဲရှိသည်။

သော်ကဘက်မှ မှားပါတယ်ဟု တောင်းပန်တာင် လက်မခံ ...



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မကို ဘာဖြစ်လို့ ဒီလို ဆက်ဆံနေရတာလဲ ...

ရှင် အထင်သေးနေတာ မဟုတ်လား ...

မျက်ဝန်းထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာပြီး သော်က ငိုပစ်လိုက်မိတော့သည်။

❖ ✪ ❖





## အခန်း(၁၅)

သော်က ငိုနေသည်။

တသိမ့်သိမ့် ရှိုက်ငိုနေတာကို သူ ကြားနေရ၏။

သော်က အခန်းကို သွားပြီးမှ ငိုနေသံကြား၍ သူ ...သို့လာခဲ့သည်။

ဒုက္ခပါပဲကွာ ...

မင်းကို ဘယ်လို ပြောရမလဲ ...

ငါ့အရှက်သိက္ခာတွေကို မင်း နည်းနည်းမှ မညှာကာ ...ားလား ...

သူ ...

စိတ်မောနေမိသည်။

သော်ကနှင့် ဘယ်လို အဆင်ပြေအောင် ဆက်ဆံ ...ဆိုတာ မသိတော့အောင် ဖြစ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



တရားဝင် လက်ထပ်ထားတဲ့ ဇနီးမောင်နှံ ဖြစ်ပေ
လင်မယားအရာက မမြောက်ပေ။

စိတ်သောကတွေနှင့် အမြဲတမ်း ပြဿနာဖြစ်ရသည်

သူ့ဘက်က လျှော့ရမှာပဲ ...

သော်က လုပ်ရပ်တွေအတွက် မလျှော့ချင် ...

ယောက်ျားကို ဆန့်ကျင်ဘက် လုပ်ချင်တဲ့ မိန်း
ပဲ။

လျှော့လိုက်လျှင် ပိုပြီးများ ဆိုးသွားမလားဟု ထင်
သည်။

အိပ်မရ ...

သူ ...

အရက်သောက်သည်။

တစ်လောကလုံးကို မေ့ပစ်ချင်လောက်အောင် မူးချ
၏။

စီးပွားရေးလုပ်ငန်းတွေမှာလည်း စိတ်မဝင်စားတော့

သွားပြီကွာ ...

ငါ ...

ဘာဆက်လုပ်ရမလဲ ...

ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးကိုပဲ သူ လက်ထ
လိုသည်။





အေးချမ်းတဲ့ ဇနီးမယားတစ်ယောက်နှင့် အိမ်ထောင်
ဘဝခုကို တည်ဆောက်လိုခဲ့၏။

ဘာမှ ဖြစ်မလာတော့ဘူး ...

မျှော်လင့်ချက်တွေ ရည်မှန်းချက်တွေ သွားပြီကွာ။

ငယ်ငယ်လေးတည်းက သော်က နေထိုင်ပုံ အကျင့်
စရိုက်တွေကို သူ လုံးဝ မနှစ်သက်ခဲ့ပေ။

လက်ထပ်ပြီးပြီပဲ ...

ဘယ်လို လုပ်ရမလဲ ...

သူ ...

မူးနေသည်။

အရက်ကို ထပ်သောက်၏။

"သော်က မင်း ဘာဖြစ်လို့ ငါ့ကို ဆန့်ကျင်နေရတာလဲ"

သူ ...

သော်က အခန်းကို သွားသည်။

"သော်က"

သူ ...

အော်နေမိသည်။

"သော်က မင်း ဘာဖြစ်လို့ ငါ့ကို ဆန့်ကျင်ရတာလဲ
သော်က"

သော်က မလှုပ်ပေ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် မူးနေပြီ မဟုတ်လား ...

ကျွန်မကို စော်ကားပြီး ရှင် မသိချင်ယောင်ဆောင်နေမှာပဲ ...

နာကျင်နေသည်။

အမြဲတမ်း ...

ရှင် ကျွန်မကို အထင်သေးနေတာပဲ မဟုတ်လား ကိုကို ...

"သော်က"

သူမ ...

ငြိမ်သက်နေမိသည်။

အချစ်မရှိဘဲ ရှင့်ရင်ခွင်ထဲမှာ ကျွန်မ မမြှုပ်နှံနိုင်ဘူး ...

"ဒေါက်"

"ဒေါက်"

"သော်က"

သော်က မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ကျလာရသည်။

"တံခါးဖွင့်စမ်း"

ကိုကို့လေသံတွေက တင်းမာခက်ထန်နေသည်။

"သော်က"





"ဒေါက်"

"ဒေါက်"

မဖွင့်ဘူး ...

ရှင့်နှလုံးသားထဲမှာ ကျွန်မအပေါ် ချစ်ခြင်းမေတ္တာတွေ ရှိမှာ မဟုတ်ပါဘူး ကိုချစ်စမ်းမောင် ...

မုန်းတီးမှုတွေ ...

နာကြည်းမှုတွေပဲ ရှိနေတာ မဟုတ်လား ...

"သော်က"

သူ ...

ပြန်ထွက်သွားသည်။

သော်က နှုတ်ခမ်းသားလေးတွေက တဆတ်ဆတ် တုန်ယင်လာရ၏။

"ရှင့်ကို မုန်းတယ်၊ ကျွန်မဘက်က အလျှော့ပေးဖို့တောင် ကျွန်မ ဆုံးဖြတ်ချက်တွေ ပြင်ရတော့မလို ဖြစ်နေပြီ"

သော်က ငိုမိသည်။

ကိုကိုနှင့် သော်က အိမ်ထောင်ရေးက အဆင်မပြေနိုင်တော့ ...

ကွာရှင်းလိုက်တာပဲ ကောင်းပါတယ်လေ ...

ကျွန်မကို လက်ထပ်ခဲ့ရတာ လူကြီးတွေကြောင့် မဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်မှာ ကျွန်မကို အထင်သေးနိမ့်ချတာတွေပဲ ရှိတယ် ...

ကိုကို အရက်ဆက်သောက်နေသည်။

သော်က မကြည့်တော့ ...

အချစ်မရှိဘဲ ကျွန်မကို ရှင် လက်ထပ်လိုက်ရပြီး ကျွန်မအပေါ် မုန်းတီးနာကြည်းမှုတွေပဲ ရှိနေမှာပါ။

သော်က ငိုမိသည်။

ကိုကို ...

ကျွန်မ တောင်းပန်ခဲ့ပြီပဲ ...

မိတ်ဆွေသူငယ်ချင်းတစ်ယောက်နဲ့တောင် စကားပြောခွင့် မရှိတော့ဘူးလား ကိုကိုရယ် ...

ချစ်စုထံမှ ဖုန်းလာသည်။

"သော်က"

"ဟင်"

"နင် ငိုနေတာလား"

"ဟုတ်တယ်၊ သော်က ဘဝ အရှုံးကို အထီးကျန်နေလို့ပါ"

ချစ်စု ဖုန်းဆက်တော့ စိတ်မထိန်းနိုင်တော့ဘဲ တသိမ့်သိမ့် ငိုကြွေးမိသည်။

"သော်က ... နင် ဒီယောက်ျားကို ကွာလိုက်တော့"





"ဟင်"

"နင့်ဘဝအတွက် သောကတွေ ဒီလောက်ရောက်နေရတာဟာ၊ ကိုကျော်ကျော်ဇင်က နင့်ကို အရမ်းစိတ်ဝင်စားနေတယ်၊ ငါက အိမ်ထောင်ရှင်လို့ တမင်မပြောတာပဲ"

"တော်ပါတော့ဟာ"

"သော်က"

"ငါ့ဘဝနဲ့ငါပဲ ထားလိုက်ပါတော့"

"နင့်ကို ဒီလောက် အထင်သေးနေတဲ့ ယောက်ျားတစ်ယောက်ကို နင်က ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်မှာလား"

"ငါ့ဘဝက ဒီလို ဖန်တီးလာပြီပဲ"

"မနက်ကျရင် နင် လာပါလား"

"ဟင့်အင်း"

"ငါ့ကိုတောင် လာတွေ့ခွင့်မရှိတော့ဘူးလား သော်က"

"ငါ မလာချင်တော့လို့ပါ ချစ်စုရယ်"

ချစ်စုနင့် တွေ့လို့ မဖြစ်တော့ဘူးဆိုတာ သူမ ဆုံးဖြတ်လိုက်သည်။

တကယ်လို့ သူမမှာ ကိုယ်ဝန် ရှိနေခဲ့ရင် ...

မတွေးရဲတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"သော်ကရယ် နင်တော့ ဝဋ်ကျွေးပဲဟာ၊ နင့်ဘဝကြီးတ
လုံး နစ်မြုပ်လိုက်တော့မလား"

"အင်း"

"သော်က"

သော်က ဖုန်းပိတ်လိုက်သည်။

ချစ်စုနှင့် ဆက်စကားပြောလျှင် အမှားအယွင်း
လုပ်မိတော့မည်။

မာမို့ မျက်နှာက ရှိသေးသည်။

ပြီးတော့ ...

အန်တီမြမြ ...

သော်ကအပေါ် မိခင်တစ်ယောက်လို ဆက်ဆံ
သည်။

ညဥ့်နက်မှ သော်က အိပ်ပျော်သွား၏။

မနက်ကျတော့ သော်က အစောကြီးထမိသည်

ဘာပဲဖြစ်ဖြစ် ...

သူမက မိန်းမပဲ ...

ယောကျ်ားတစ်ယောက်အပေါ် တာဝန်ကျေလိုသ

သော်က ကော်ဖီ ဖျော်၏။

ထမင်းကြော်သည်။

သော်က လုပ်တတ်တဲ့ ငါးခြောက်ဖုတ်၏။





ကိုကို ကြိုက်ပါ့မလား ...

"သော်က နင် ဒီယောကျ်ားအပေါ် ဘဝကို အနစ်မွန်း
ခံတော့မလား"

ရှင့်အပေါ် ကျွန်မ ဘယ်လောက်ပဲ သံယောဇဉ်တွယ်
နေပါစေ ကျွန်မအပေါ်တော့ ရှင် အထင်သေးမုန်းတီးနေမှာပဲ
မဟုတ်လား ...

သော်က ငြိမ်နေဖို့ပဲ ဆုံးဖြတ်ထားမိသည်။

ကိုကိုနှင့် သူမ ငြိစွန်းသွားပြီးဆိုတာ သူမ တစ်
ယောက်တည်း သိထား၏။

တစ်စုံတစ်ယောက်ကို ဖွင့်ပြောဖို့အတွက် တွန့်နေခဲ့ရ
သည်။

ရက်နေ၏။

ကိုကို ...

ရှင် မသိချင်ယောင်ဆောင်နေတာပဲ မဟုတ်လား ...

မနက်စာအတွက် ပြင်ဆင်ထားမိသည်။

ကိုကို့အခန်းနားသွားကြည့်တော့ ကိုကို့အခန်းထဲမှ
ညည်းညူသံတွေ ကြားနေရတော့၏။

"အား ... ကျွတ် ... ကျွတ်"

"အင်း"

သူမ ...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေမိသည်။

မနှိုးရဲ ...

သူမရဲ့ တရားဝင် ခင်ပွန်းဖြစ်ပေမဲ့ အချစ်ရေးကိစ္စတွေမှာ စိမ်းနေခဲ့သည်။

"အား"

"ကျွတ် ... ကျွတ်"

ကိုကို့အခန်းထဲမှ ညည်းညူသံတွေ ကြားနေရသည်။

ညက ...

အတော်လေး များသွားပုံပင် ...

သူမက အိမ်ရှင်မတစ်ယောက်အနေနှင့် ကိုကို့ကို ဖေးမကူညီသင့်သည်။

မသွားတော့ပါဘူး ...

မိန်းကလေးက စတယ်ဆိုပြီး ကိုကို အရမ်းမုန်းနေမှာပဲ ...

အထင်သေးမှာပါ။

မထူးတော့ဘူး ...

သော်က အိမ်မှုကိစ္စတွေ လုပ်နေတုန်း ချစ်စု ရောက်လာသည်။

"ဟင် ချစ်စု"

"ရှင်က အိမ်မှုကိစ္စတွေတောင် လုပ်နေရပြီလား"





"သော်က လုပ်ချင်လို့ လုပ်တာပါ"

ချစ်စု ရောက်လာ၍ ကိုကိုနှင့် ပြဿနာ ဖြစ်မှာစိုးမိသည်။

"ငါ ဒီနေ့ မလိုက်တော့ဘူး ချစ်စု၊ ခဏလောက်တော့ ငြိမ်နေရမယ်"

"သော်က"

"အခြေအနေက အရမ်းဆိုးဝါးနေတယ်၊ ငါ ခဏလောက်တော့ ငြိမ်ပြရမယ်လေ"

ကိုကို နေမကောင်းဘူးလား မသိပါဘူး ...

ညက လသာဆောင်မှာ အနေများသွားပုံပင် ...

သော်က ရွဲ့လို့ မဖြစ်ဘူး ...

ကိုကိုနှင့် သော်ကက ငြိစွန်းမှုသွားခဲ့သည်။

သော်ကမှာ ကိုယ်ဝန် ရှိလာလျှင် ဖြေရှင်းရခက်မည်။

"သော်ကရယ် ... သူငယ်ချင်းတစ်ယောက် လာလည်တာတောင် နင့်မှာ ညှိခံနိုင်တဲ့ အခွင့်အရေး မရှိတော့ဘူးလား"

"မရှိဘူး"

"သူရော"

"အိပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက် လင်မယားအရာလည်း မမြောက်၊ နင်လည်း စိတ်သောကတွေ တစ်သက်လုံး အရောက်ခံတော့မလား"

"ငါ့ဘဝနဲ့ ငါပဲဟာ"

"သော်က"

"ငါ့ဘဝနဲ့ငါပဲ၊ ငါ ရင်ဆိုင်တော့မယ်"

ချစ်စု လုပ်ခိုင်းတိုင်း လုပ်နေ၍ မဖြစ်တော့ပေ။

သော်က အနေအထိုင် ဆင်ခြင်မှ ဖြစ်တော့မည်။

"နင် တကယ်ပဲ ငါ့ကို ဥပေက္ခာပြုတော့မှာလား သော်ကရယ်"

"မတတ်နိုင်လို့ပါဟာ၊ ငါ့ဘဝက ဒီလိုပဲ ဖန်တီးခဲ့ပြီပဲ"

"နင် သူ့ကို ကွာရှင်းသင့်တယ်"

မဖြစ်ဘူး ...

မာမီကြောင့်ပါ ...

အိမ်ထောင်ရေးတစ်ခုကို ငါ အလွယ်တကူ မဖျက်ချင်ဘူး ...

ကိုကို ဘယ်လောက်ပဲ အထင်သေးပါစေ ငါက မိန်းမပဲ။

နစ်နာဆုံးရှုံးစရာရှိရင် မိန်းကလေးပဲ နစ်နာမှာ ...

ချစ်စုကို အားကျလိုက်တာ ...





သော်က အိမ်ထောင်ရေး အခြေအနေက ပူလောင်ာကတွေပဲ ခံစားနေရလေသည်။

အချစ်မပါဘဲ အိမ်ထောင်တစ်ခုကို တည်ဆောက်များ၏။

ဘယ်လို ချေဖျက်ရမလဲ ...

ချစ်စု ပြန်သွား၍ သော်က စိတ်နည်းနည်းတော့သာသွားရသည်။

ကိုကို ...

ကျွန်မကို အထင်မသေးပါနဲ့ ...

ဒီနေ့ကစပြီး ...

ကိုကို အထင်ကြီးအောင် နေထိုင်ပြမှုဖို့ ဆုံးဖြတ်မိသည်။

❖ ❂ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

သူ ...

ဖျားနေပြီ ...

ညက ...

အအေးပတ်သွားသည်။

လသာဆောင်မှာ ထိုင်ပြီး အရက်သောက်နေတာ ကြာသွား၏။

မထနိုင်တော့ ...

"အား ... ကျွတ် ... ကျွတ်"

အရက်သောက်တိုင်း သူ့တစ်ကိုယ်လုံး ကိုက်ခဲ နာကျင်ပြီး မထနိုင်အောင် ဝေဒနာတွေ ခံစားရသည်။

ဒီတစ်ခါတော့ ...

မဟန်နိုင်တော့ပေ ...





ဖျားနေသည်။

အအေးမိပြီ ထင်တယ် ...

သော်ကဆိုတဲ့ ကောင်မလေးကြောင့် စိတ်သောကတွေပဲ သူ ခံစားနေရသည်။

မင်း နာမည်နဲ့လိုက်ဖက်အောင် ငါ့ကို ဒုက္ခပေးတာပဲ။

"အား ... ကျွတ် ... ကျွတ်"

အပြင်ထွက်သွားပြီလား ...

ယောကျ်ားလေးတွေနဲ့ပါ ပတ်သက်ဆက်ဆံတဲ့ အဆင့် ဖြစ်သွားသည်။

မကောင်းတော့ဘူး ...

မင်းရဲ့ ကိုယ်ကျင့်တရားပါ ပျက်ပြားလာပြီပဲ။

မိန်းမတစ်ယောက်နှင့် လက်ထပ်ထားပြီး အဲဒီ မိန်းမက သူ့အနားမှာ ရှိမနေပေ။

ဘယ်လောက်အထီးကျန်လဲ ...

"သော်ကကို မင်းဘက်က လျှော့ပေးပါ၊ ကွာရှင်းပြတ်စဲဖို့ ပြောရင် မေမေ လုံးဝ လက်မခံဘူး"

မေမေ့ စကားတွေက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်မှန်း သိနေသည်။

စိတ်ပျက်တယ်ဗျာ ...

သော်ကအပေါ်လည်း သူ သံယောဇဉ်တွယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ခက်တာက ...

ဒီကောင်မလေး စိတ်ထဲမှာ သူက မရှိဘူး ...

စော်ကားချင်တယ် ...

ဆန့်ကျင်ချင်တယ် ...

မင်း လုပ်ရပ်တွေက ကောင်းလား သော်က ...

သူ ...

ထသည်။

တစ်ကိုယ်လုံး ကိုက်ခဲနေသည်။

ဟိုနေ့ကထက် ပြင်းထန်တယ် ...

ဆရာဝန်ကိုပဲ ဖုန်းဆက်ခေါ်လိုက်ရတော့သည်။

သူငယ်ချင်း ဒေါက်တာကျော်စွာ ရောက်လာ၏။

"မင်း ဘယ်လို ဖြစ်တာလဲ ချစ်စမ်းမောင်၊ မင်း သတင်းတွေက အရမ်းထွက်နေတယ်"

သူ ...

ဘာမှ မပြောမိ ...

ပတ်ဝန်းကျင်မှာက သူ့ဂုဏ်သိက္ခာတွေ မဲ့နေရပြီ။

မင်းကြောင့်ပဲ သော်က ...

"အဖျားကြီးနေတယ်၊ အအေးပတ်တယ် ထင်တယ်၊ မင်းကတော့ အရင်ကနဲ့ တခြားစီပဲ၊ တကယ့်ကို ဖြစ်ကတတ်ဆန်းပါပဲလား"





ဒေါက်တာကျော်စွာနဲ့က ငယ်သူငယ်ချင်းတွေ ...

တစ်ယောက်အကြောင်း တစ်ယောက် သိထားပြီးသားဖြစ်သည်။

"မင်း ဇနီးရော"

"အောက်မှာ"

"မင်းကိုရော မပြုစုဘူးလားကွာ"

ကျော်စွာက သူ့အတွက် စိတ်မကောင်းသလို ပြောနေ၍ သူ မျက်နှာပူသွားရသည်။

"မင်း မိန်းမသတင်းတွေက အရမ်းထွက်နေတယ်၊ စားသောက်ဆိုင်တွေမှာ၊ ကာရာအိုကေဆိုင်တွေမှာ ယောကျာ်းတွေနဲ့တောင် ဆိုင်တတ်တယ်ဆို"

"တော်ပါတော့ကွာ၊ ဒီမိန်းမအကြောင်းတွေ မကြားချင်ဘူး၊ မပြောပါနဲ့တော့"

သူ ...

မကြားချင်တော့ ...

"မင်း ထိန်းသိမ်းသင့်တယ်၊ မင်း မိန်းမက ငယ်တယ်လေ၊ မင်း အရမ်းလွှတ်မပေးသင့်ဘူး"

သူ့ဘက်ကတားဆီးလည်း သော်က နေမှာမဟုတ်။

သွားချင်သွားသည်။

ပိုပြီး အရွဲ့တိုက်နေတာက ခက်နေရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



"သော်ကက အရမ်းလှတယ်၊ အန္တရာယ်ရှိတယ်နော် ချစ်စမ်းမောင်"

"တော်ပြီကွာ၊ ဆေးကုပြီးရင် ပြန်တော့"

ဒေါက်တာကျော်စွာ ပြန်သွားတော့ သူ ဒေါသတွေ ပေါက်ကွဲကျန်ခဲ့သည်။

ပတ်ဝန်းကျင်မှာ ငါ့ဂုဏ်သိက္ခာတွေ မဲ့နေရပြီ သော်က။

ရှက်လိုက်တာကွာ ...

ငါက အမြဲတမ်း ဂုဏ်သိက္ခာရှိရှိနေလာခဲ့တာကွ။

ဆေးထိုးလိုက်၍ အဖျားကတော့ ကျသွားသည်။

သူ့အနားမှာ ဘယ်သူမှ မရှိ ...

ခဏကြာတော့ ...

မေမေ ရောက်လာသည်။

"သား ဖျားနေတာပဲ၊ အအေးပတ်တာ ထင်တယ်"

မေမေနဲ့အတူ သော်ကလည်း အခန်းထဲ ဝင်လာသည်။

"သား"

"မေမေ"

"မင်း အရက်သောက်ထားလား"

"ညက ညစာစားပွဲရှိလို့ပါ မေမေ"





သူ့အိမ်ထောင်ရေး အဆင်မပြေတာ မေမေ မသိ။

မေမေ စိတ်သောကရောက်မှာစိုး၍ သူက မပြော။

တစ်ခါတစ်ရံ ...

စိတ်ထဲက သတိရမိမှသာ မေမေ့ဆီ သွားတတ်သည်။

သော်ကလည်း အနားရောက်လာ၏။

"ကိုကို သော်က ဘာလုပ်ပေးရဦးမလဲ"

မေမေ့ရှေ့မှာ ဟန်ဆောင်ပြောနေသည်။

သော်က ...

မင်း အခုမှ ဘာလာလုပ်တာလဲ ...

ကျော်စွာစကားကြောင့် သူ့စိတ်ထဲမှာ အမြင်ကတ်နေမိသည်။

မေမေ လာမယ်ဆိုတာ သိ၍ အိမ်ကပ်နေတာလည်း ဖြစ်နိုင်သည်။

"ကော်ဖီ သောက်မလားဟင်၊ သော်က ဖျော်ပေးမယ်၊ ခေါက်ဆွဲပြုတ်သောက်မလားဟင်"

"တော်ပြီ သော်က"

"ကိုကို ဆေးသောက်ပြီးပြီလား"

"မသောက်ရသေးဘူး"

"ဒါဆို ကော်ဖီ တော့ သောက်လိုက်ပါ ကိုကိုရယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



သော်က စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စေတနာတွေပါ ကိုကိုရယ် ...

စောစောက ...

ကိုကို မှားနေတာရော၊ ဆရာဝန်လာတာရော သော်က သိပါတယ် ...

သော်က အပေါ်မတက်ရဲ၍ မီးဖိုခန်းမှာပဲ နေခဲ့သည်။

မေမေမြ လာမှ ရောယောင်ပြီး အပေါ် တက်လာခဲ့မိ၏။

ကိုကို့ကို ကော်ဖီဖျော်ပေးလိုက်တော့သည်။

"ကိုကို ကော်ဖီသောက်လိုက်နော်၊ ဆေးသောက်ရအောင်"

မေမေ မလာတာကြာပြီ။

သူ့အိမ်ထောင်ရေးကိစ္စတွေမှာ မေမေ ဝင်မစွက်ဖက်ခဲ့။

"သော်က"

"ရှင် မေမေမြ"

"သမီးနဲ့ သားကို အဲဒီလို ချစ်ချစ်ခင်ခင် မြင်ချင်တာပါ၊ မာမာလည်း တမလွန်ကနေ ဒီလိုပဲ မြင်ချင်မှာပဲ"

မေမေက သူ့ဆီလာလည်း အခြေအနေကြည့်ပြီး ခဏပဲ နေတတ်သည်။





သော်ကရဲ့ လိုအပ်ချက်တွေကို လာပြောတာပဲဖြစ်၏။

"သော်ကလေး ဘာလိုအပ်သေးလဲ"

"ဟင့်အင်း"

"သားဘက်က လွန်တာရှိရင်လည်း မေမေမြကို ပြောနော်"

"ဟုတ်ကဲ့"

"ဒီတစ်ခါလာရတာ သားနဲ့ သမီး အရမ်းအဆင်ပြေသလိုပဲ"

မေမေ ပြန်သွားမှ သော်ကနှင့်သူ နှစ်ယောက်တည်း ကျန်ခဲ့သည်။

"မင်း တော်တော်ဟန်ဆောင်ကောင်းတာပဲ သော်က"

ကိုကို့စကားသံတွေနှင့် မျက်ဝန်းအကြည့်တွေကို သော်က အမြင်အကတ်ဆုံးပင်။

ကျွန်မ ဟန်ဆောင်တာ မဟုတ်ပါဘူး ...

ရှင့်ဆန္ဒတွေအတိုင်းနေဖို့ ဆုံးဖြတ်ထားတာလေ။

"ကျွန်မ ဘာလုပ်ပေးရမလဲ"

ဟုတ်တယ် ...

ရှင့်ကို တွေ့ရင် ကျွန်မ ရင်ထဲမှာ နာကြည်းမှုတွေပဲ ရှိနေတာပါ။

ကျွန်မကို ရှင် အထင်မကြီးဘူး မဟုတ်လား ကိုကို။

ကိုကို့ မျက်နှာထားက တင်းမာခက်ထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အနားယူပါ၊ ကျွန်မ အနားမှာ နေပေးရဦးမလား ဟင်"

"မလိုဘူး"

ပြီးရော ...

ကျွန်မ ဟန်ဆောင်နေတယ်လို့ ရှင် ထင်နေတယ် မဟုတ်လား ...

မှန်းလိုက်တာ ...

နေပေါ့ ...

သော်က တစ်ယောက်တည်း အောက်ထပ်သို့ ပြန်ဆင်းလာမိသည်။

မနက်စာကို မီးဖိုခန်းထဲမှာ တစ်ယောက်တည်း စားနေမိ၏။

ကျွန်မ အရာရာ ပြုပြင်ပါတော့မယ်ဆိုတဲ့ စကားတွေကို ပြောရမှာ ဝန်လေးနေမိသည်။

နှုတ်ခမ်းလေးကို တင်းကျပ်စွာဖြင့် ဖိကိုက်ထားမိ၏။

ကိုကို ...

ရှင် ကျွန်မကို မုန်းတီးနေတာပဲ မဟုတ်လား ...

မကျေနပ် ...

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။





ကိုကို့အတွက် စိတ်တွေ ပူနေမိ၏။

"သော်က နင့်ဘဝကို ဒီလိုယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာပဲ အနစ်မွှန်း ခံတော့မလား"

ချစ်စု ပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

ဟုတ်တယ် ...

ရှင့်ကို ကွာရှင်းပြတ်စဲတာ အကောင်းဆုံးပဲ။

မုန်းလိုက်တာ ...

သော်က စိတ်တွေကို တင်းပစ်လိုက်ပေမဲ့ ကိုကို့အတွက် စိတ်ပူလောင်သွားရသည်။

အပေါ်ထပ် တက်သွား၏။

ကိုကို့အခန်းရှေ့မှာ သူမ ရပ်နေမိသည်။

အသံ မကြားရ ...

ငြိမ်သက်နေသည်။

အဖျားတွေ တက်မလား ...

တစ်ယောက်တည်းများ အခန်းထဲမှာ ကိုကို သတိလစ်နေမလား ...

သူ ဝင်ကြည့်ချင်သည်။

မကြည့်တော့ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက ကျွန်မကို အရေးအရာလုပ်မှာ မဟုတ်ပါဘူး ...

အခန်းရှေ့မှာ သူမ ရပ်နေဆဲပင်ဖြစ်သည်။

အသံတွေက တိတ်ဆိတ်ငြိမ်သက်နေ၏။

အိပ်နေတာလား ...

ကိုကိုရယ် ...

သော်ကလည်း ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်လေး တစ်ခုကို တည်ဆောက်ချင်နေပါပြီ။

အောက်ထပ် ပြန်ဆင်းလာခဲ့သည်။

ကိုကို့အတွက် စားသောက်စရာတွေကို ပြင်ဆင်နေမိသည်။

ငါးလေးနဲ့ ဆန်ပြုတ် ပြုတ်ထားရင် ကောင်းမှာပဲ။

ဆန်ပြုတ်လေးပြုတ်ဖို့ ပြင်ဆင်နေစဉ်မှာပင် ချစ်စုဆီက ဖုန်းလာသည်။

"သော်က နင် ထွက်လာခဲ့ပါ၊ ဒီမှာ ငါ ကားအက်ဆီးဒင့်ဖြစ်နေတယ် သော်က"

ချစ်စု ကားအက်ဆီးဒင့်ဖြစ်သည်ဆိုတော့ သူမ ငြင်းလို့မကောင်း၍ အရေးတကြီး ထွက်လာခဲ့မိတော့သည်။

ကိုကို့ကိုတောင် မပြောခဲ့မိ ...

ချစ်စုဆီရောက်တော့ ကျော်ကျော်ဇင်ပါ ရှိနေသည်။





သော်က အထိတ်တလန့် ဖြစ်သွားရ၏။

"ချစ်စု"

"သော်က နင် လာသားပဲ၊ ငါက နင်လာအောင် တမင်ခေါ်တာ"

"မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ခေါ်ရတာလဲ ချစ်စုရယ်"

"ဒီမှာ ကျော်ကျော်ဇင်က တွေ့ချင်လို့တဲ့လေ"

"ဟာကွာ ... အိမ်မှာ"

"ထားလိုက်ပါ၊ လာ သွားမယ်"

"ချစ်စု"

"လာစမ်းပါ"

ကိုကို နေမကောင်းဘူးဆိုတာ ပြောခွင့်မရတော့။

နှုတ်ခမ်းလေးတွေကို တင်းကျပ်စွာ ဖိကိုက်ထားမိသည်။

ချစ်စုကြောင့် ခက်တာပဲ ...

သော်က ဘယ်လို လုပ်ရမှန်းပင် မသိတော့ ...

နှုတ်ခမ်းသားတွေကို တင်းကျပ်စွာ ဖိကိုက်မိသည်။

ကိုကို သိသွားရင် မလွယ်ဘူး ...

"သော်က နင့်အတွက်ပါ၊ ဒီယောကျ်ားအပေါ် ဒီလောက် အလေးအနက် မထားပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စု"

"လာစမ်းပါ"

ချစ်စု ခေါင်ဆောင်ရာနောက်သို့ လိုက်သွားမိပြန်သည်။

❖ ◯ ❖





## အခန်း(၁၇)

သူ အိပ်ပျော်သွားရာမှ နိုးသွားတော့သည်။

တစ်ကိုယ်လုံး ပေါ့သွား၏။

အဖျားကျသွားသည်။

ချွေးတွေ ရွှဲနေ၍ သူထ၍ ချွေးသုတ်ပြီး အဝတ်အစားတွေ လဲလိုက်သည်။

သော်ကရော ...

မေမေ ရှိစဉ်ကတော့ သော်က သူ့အနားလာပြီး ကိုကို ... ကိုကို လုပ်နေသည်။

အလကားမိန်းမပဲ ...

သူ နေမကောင်း ဖြစ်နေတာကို အရေးအရာပင် မလုပ်ခဲ့ ...

ဗိုက်ထဲက ဆာလာသဖြင့် သူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မီးဖိုခန်းထဲမှာ ဘာမှ မရှိ ...

သော်က ...

မင်း တော်တော်ရက်စက်တဲ့ မိန်းမတစ်ယောက်ပဲ။

တစ်တိုက်လုံးမှာ တိတ်ဆိတ်ငြိမ်သက်နေပြီး ဘယ်သူမှ မရှိပေ ...

မင်း ဘယ်သွားနေပြန်ပြီလဲ သော်က ...

"တောက်"

သူ ...

ဒေါသတွေ ပေါက်ကွဲချင်လာရတော့သည်။

ယောကျ်ားတစ်ယောက် နေမကောင်းတာတောင် မိန်းမတစ်ယောက်က ဘာဖြစ်လို့ အိမ်မှာ ရှိမနေရတာလဲ ...

ဒေါသတွေနှင့် ပေါက်ကွဲချင်လာရတော့သည်။

"ကိုကို"

သော်က မီးဖိုခန်းထဲသို့ အပြေးအလွှား ရောက်လာတော့သည်။

"ကိုကို နေကောင်းသွားပြီလား၊ ဘာစားမလဲဟင်၊ ကျွန်မ ဆန်ပြုတ်ပြုတ်မလို့"

"သော်က"

"ဟင်"

"မင်း ဘယ်သွားတာလဲ"





"ဟို ... ဟို ... ချစ်စု ကားအက်ဆီးဒင့်ဖြစ်လို့ ဖုန်းလှမ်းဆက်တာနဲ့"

"တိတ်စမ်း"

ကိုကို့အတွက် သော်က ချစ်စုကို ထားခဲ့ပြီး အပြေးအလွှား ပြန်လာရသည်။

မီးဖိုခန်းထဲမှာ ကိုကို့ကို မြင်တော့ သူမ အထိတ်တလန့် ဖြစ်သွားရ၏။

စားစရာက ဘာမှ မရှိ ...

"မင်း တော်တော်အသုံးမကျတဲ့ မိန်းမပဲ"

ကိုကို့ အသံတွေက နာကြည်းခါးသီးစွာဖြင့် ဝင်လာသည်။

သော်က လျှော့နေပြီပဲ ...

ရှင့်ဘက်က ဘာဖြစ်လို့ ဒီလောက်အထိ တင်းမာချင်ရတာလဲ ...

"မင်းမသွားသင့်ဘူး၊ မင်းက အိမ်ထောင်ရှင်မတစ်ယောက်၊ မင်း ဒီလောက်အထိ ပေါ့ပျက်ပျက်နေတာလား သော်က"

"ကျွန်မ တောင်းပန်ပါတယ်၊ ချစ်စုက ဖုန်းဆက်လို့ လူမှုရေးအရ ကျွန်မ သွားသင့်တယ်ထင်လို့ပါ"

"သော်က"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စုနဲ့ မင်းတို့ ပတ်သက်နေတဲ့ ယောကျ်ားလေးတစ်ယောက်က ဘယ်သူလဲ"

"ချစ်စု သူငယ်ချင်းပါ၊ သော်ကတို့နယ်ကပဲ သူငယ်ချင်းတွေပါ"

"မင်းက အိမ်ထောင်ရှင်မပဲ၊ မတင့်တယ်ဘူးဆိုတာ မင်းနားလည်သင့်တယ်"

သူ ...

သော်ကကို မထိန်းချုပ်၍ မဖြစ်တော့ပေ။

ယောကျ်ားလေး တစ်ယောက်နဲ့ တွဲသွားတွဲလာလုပ်နေတာကို မကျေမနပ် ဖြစ်နေမိသည်။

သဝန်ကြောင်ချင်နေ၏။

"သော်က"

"ပြော"

"မင်း နောက်ဆို ငါ့အနားမှာပဲ နေရမယ်၊ ငါ့အမိန့်မရဘဲ ဘယ်မှ မသွားရဘူး"

ရှင့်ရဲ့ အထက်စီးကနေ အမိန့်ပေးတတ်တဲ့ အကျင့်တွေကို ကျွန်မ အမုန်းဆုံးပဲ ...

အဲဒီလို အထင်သေးတဲ့ မျက်လုံးတွေနဲ့ ကြည့်တာပဲ။

"မင်း ထွက်သွားရဲ ထွက်သွားကြည့်"





သော်က ဘာမှ မပြောချင်တော့သဖြင့် ထွက်သွားဖို့ ...င်သည်။

"သော်က"

သူ ...

လှမ်းဆွဲလိုက်သည်။

သော်က ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲ ပြိုလဲကျလာ...

"အို"

"ဟင်"

သော်ကရဲ့ ကိုယ်လုံးလေးကို သူ ပွေ့ဖက်ထိန်းထား...က်ရသည်။

အပြိုပြို အလဲလဲ ဖြစ်နေတဲ့ သော်က ကိုယ်လုံး...းက သူ့ရင်ခွင်ထဲမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသည်။

သူ ...

သော်ကနှင့် တရားဝင် လက်ထပ်ထားပေမဲ့ ပွေ့ဖက်...ာ ပထမဆုံးအကြိမ်ပဲဟု ထင်မိသည်။

ကိုယ်လုံး အိအိထွေးထွေးလေးရဲ့ အထိအတွေ့...ကြောင့် သူ့ရင်တွေ တဆတ်ဆတ် ခုန်သွားရ၏။

သော်က ရုန်းထွက်လိုက်သည်။

သူ့ကို မကြည့်တော့ဘဲ သော်က ပြေးထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဒေါသတွေက ဘယ်ပျောက်သွားမှန်း

မသိ။

ရင်တွေ မှန်နေသည်။

သော်ကနှင့် လက်ထပ်ပြီးတည်းက လင်မယားအ

မပြောက်ခဲ့။

နှုတ်ခမ်းလှလှအိအိလေးကို သူ မြင်ယောင်လာသည်

ဒုက္ခပါပဲကွာ ...

မင်းနဲ့ ငါက ဘယ်တော့ အဆင်ပြေမှာလဲ ...

သူ ...

အလျှော့ပေးလိုက်ရင် ကောင်းမလား ...

အိမ်ထောင်ရေးကို အဆင်ပြေအောင် ကြိုးစားသ

သည်။

ခက်နေတာ ...

သော်က လုပ်ရပ်တွေပဲ သူ အမြင်ကပ်နေမိသည်

နေချင်သလို နေ၏။

ယောက်ျားကို နည်းနည်းမှ ဂရုမစိုက်တတ်

မိန်းကလေးပဲ ...

သူတို့နှစ်ယောက် ကြားထဲမှာ အချစ်ဆိုတာ

ရှိသေးရဲ့လား ...

"သော်က ရှင့်အမိန့်တွေကို မနာခံနိုင်ဘူး၊ အနိုင်မကျင့်ပါ





သော်က ပြောတဲ့ စကားတွေကို ကြားယောင်လာ

မိသည်။

မင်းကို အနိုင်ကျင့်တာ မဟုတ်ပါဘူး သော်ကရယ်။

ကိုကိုက ငယ်စဉ်လေးတည်းက စည်းစနစ်ကြီးကြီး

နဲ့ နေလာခဲ့တာပါ။

သူ ...

အခန်းထဲ ပြန်ရောက်လာသည်။

အိပ်ရာပေါ်မှာ လှဲအိပ်ချလိုက်၏။

သော်က မျက်နှာလေးကို မြင်ယောင်လာမိသည်။

ကိုယ်လုံးအိအိလေးက သူ့ရင်ခွင်ထဲ လဲပြိုကျလာ၏။

ရန်နှန်လိုက်မောဖွယ်ကောင်းတဲ့ အထိအတွေ့ကို

ပထမဆုံးအကြိမ် ခံစားရခြင်းပင်။

သူ့ရှေ့မှာ မင်္ဂလာဆောင်နဲ့ ဓာတ်ပုံကြီးက ရှိနေသည်။

ဓာတ်ပုံထဲမှ သော်က မျက်နှာလေးကို ငေးစိုက်

ကြည့်မိနေသည်။

သော်က ...

မင်းကို သံယောဇဉ်တွေ တွယ်မိနေပါပြီကွာ ...

ကွာရှင်းပြတ်စဲဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်

ပါဘူး ...

ခြေသံတစ်ခုက သူ့အခန်းဝမှာ လာရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်ကပဲ ...

အခန်းထဲမှာ ငြိမ်သက်စွာဖြင့် နေလိုက်သည်။

သော်ကကို အရှုံးမပေးချင် ...

ဒီကောင်မလေးကို အလိုလိုက်လျှင် ပိုပြီး ထင်ရာစိုင်းမှာ စိုးမိသည်။

"ကျွီ"

တံခါး ပွင့်လာသည်။

ခြေသံရှပ်ရှပ်လေးက သူ့အနား ရောက်လာ၏။

"ကိုကို"

"ဟင်"

သော်ကပဲ ...

"ခေါက်ဆွဲပြုတ် လာပို့ပေးတာပါ ကိုကို"

သူ ...

ထလိုက်သည်။

သော်က မျက်နှာလေးက ပန်းသွေးရောင် သမ်းထနေ၏။

မင်း စိတ်ထဲမှာလည်း ခံစားမှုတွေ ရှိနေပြီလား သော်က ...

"ညနေစာအတွက် ကျွန်မ ငါးဆန်ပြုတ် ပြုတ်ထားတယ်"

ပြောပြီး ထွက်သွားသည်။





သော်က ...

မင်း မလှဲ့သာ မရှောင်သာလို့ လုပ်ပေးနေတာပဲ မဟုတ်လားကွာ ...

မျက်နှာလေးက တင်းမာနေသည်။

သူကလည်း သော်ကကို အလျှော့ပေးရမှာ ဂန်လေးနေသည်။

သော်ကဘက်က အလျှော့ပေးတဲ့အနေအထား ဖြစ်ပေမဲ့ မကောင်းတတ်၍ လုပ်ပေးတာလည်း ဖြစ်နိုင်၏။

"သော်ကကို မင်း ခွင့်လွှတ်သည်းခံပါ၊ မိဘမဲ့နေတဲ့ ကလေးပါ"

သော်က ...

မင်း ဘာဖြစ်လို့ ခေါင်းမာချင်ရတာလဲ ...

သွားချင်ရာသွားနေ နေချင်ရာနေပြီးမှ အမှားတွေ ရှိလို့ သူ့ကို ငြိမ်ကုပ်ပြနေတာလား ...

သူ ထပြီး ခေါက်ဆွဲပြုတ်စားပြီး ဆေးသောက်သည်။

ဇနီးမယားက အနားမှာ မရှိ ...

မင်း ရက်စက်တယ် ...

အရမ်း ရက်စက်တာပဲ ...

မင်းဘက်က ဘာဖြစ်လို့ အလျှော့မပေးရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံသဲ့သဲ့လေးက သူ့အခန်းဆီ ပြန်လျှောက်လာပြန်သည်။

"ကျွိ"

တံခါးပြန်ပွင့်လာသည်။

"ကိုကို"

"ဟင်"

"ခေါက်ဆွဲပြုတ် စားပြီးပြီလား"

"အင်း"

"ဘာဆေးသောက်ရမလဲ"

ဘော်စမ်းပါ သော်ကရာ၊ မင်း အမှားတွေ လုပ်ထားတာလား ...

ချစ်စနဲ့ ပေါင်းပြီး ယောက်ျားလေးတွေနဲ့တောင် ပတ်သက်ဆက်ဆံတဲ့ အနေအထား ဖြစ်လာရသည်။

သူ့ရင်ခွင်ထဲကို လဲပြိုကျလာတဲ့ ကိုယ်လုံးအိအိလေး။

အာခေါင်တွေ ခြောက်လာသည်။

"သော်က"

"ဟင်"

"မင်း ဘာတွေ အမှားအယွင်း လုပ်ထားလဲ"

"ရှင်"

ကျွန်မ ...





ကိုကိုနဲ့ အဆင်ပြေချင်တာပါ ...

သူမမှာ ကိုယ်ဝန်ရလာမှာ သူမ အကြောက်ဆုံးပင်။

ကိုကိုနှင့် သူမ ငြိစွန်းခဲ့ကြတာ ကိုကို မသိ။

တမင်ပဲ ...

မသိချင်ယောင်ဆောင်နေတာများလား ...

ဖွင့်ပြောဖို့ကလည်း သော်က ရှက်နေမိသည်။

ပူထူနေ၏။

ကိုကို နေမကောင်းတာကို ဥပေက္ခာပြုထားလျှင်ပြီး အခြေအနေက ဆိုးသွားနိုင်သည်။

သူမ အဆင်ပြေချင်၏။

ကိုကို့ကို သူမဘက်ကပဲ အလျှော့ပေးဖို့ စဉ်းစားမိလာရသည်။

ကျွန်မ ...

ဘာမှ အမှားမလုပ်ပါဘူး ...

ရှင့်ရဲ့ စကားတွေက ကျွန်မအပေါ် အမြဲတမ်း အထင်သေးနေတာပဲ ...

မုန်းလိုက်တာ ...

မင်း ဘာများ အမှားအယွင်း လုပ်ထားလဲတဲ့ ...

"ကျွန်မရဲ့ ဝတ္တရားအရ လုပ်ပေးတာပါ၊ ကျွန်မ ဘာအမှားအယွင်းမှ လုပ်ထားစရာအကြောင်း မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ...

လေသံက တင်းမာချင်သွားရသည်။

ဟွန်း ...

ရှင် မသိချင်ယောင်ဆောင်နေတာပဲ မဟုတ်လာ

"နေ့လယ်စာအတွက် ကျွန်မ ဆန်ပြုတ်လာပို့ပါတယ်

"နေဦး"

"ရှင်"

"သွားတော့ကွာ"

ဟွန်း ...

ရှင်က ကျွန်မကို အဖက်လုပ်ချင်တာ မဟုတ်ဘူ

သူမ ...

ထွက်လာခဲ့မိသည်။

စိတ်ထဲမှာ ဒေါသတွေနှင့် နာကြည်းမိလာရ၏

သူမဘက်က သံယောဇဉ်တွယ်ရပေမဲ့ ကိုကိုဘ

က တင်းမာခက်ထန်နေဆဲပင်ဖြစ်သည်။

မကျေနပ်တာပဲ ...

သော်က အခန်းထဲ ပြန်ရောက်လာပြီး စိတ်

ပူလောင်လာရသည်။

တကယ်လို့များ ...

သော်ကမှာ ကိုယ်ဝန်ရှိလာလျှင် ...



ကိုကို ဘယ်နည်းနဲ့မှ လက်မခံဘူးဆိုတာ သိလာရသည်။

စိတ်တွေ ပူပင်လာရ၏။

အခန်းထဲမှာ အိပ်မရအောင် မျက်လုံးတွေ ကြောင်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ကိုကို ...

သော်ကာဘက်ကနေ အလျှော့ပေးလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်ပါပြီ။

တစ်ခုခု အမှားအယွင်းဖြစ်မှာကို သော်ကာ အကြောက်ဆုံးပင်။

"မင်း ဘာတွေ အမှားအယွင်း လုပ်ထားလဲ"

ဟွန်း ...

ပြောပုံက ...

မင်း ဘာတွေ အမှားအယွင်းလုပ်ထားလဲတဲ့ ...

ထိုစကားက သူမ နှလုံးသားတွေကို နာကြည်းစေသည်။

ဒါပေမဲ့ ...





ရင်သွေးလေး ရှိနေမှာပဲ သူမ စိုးရိမ်နေမိသည်။

ဘယ်လို ဖြေရှင်းရမလဲ ...

ကိုကိုနှင့် လင်မယားအရာမြောက်မှ သော်ကာစိတ်အေးရမှာ ...

မဖြစ်နိုင်ဘူး ...

ကိုကိုက သော်ကာကို အထင်သေးနေတာပဲ ...

မိန်းကလေးက စရမယ်ဆိုတော့လည်း သော်ကာရှက်နေမိသည်။

မနေ့က ...

ကိုကို့ရင်ခွင်ထဲသို့ သူမ ကိုယ်လုံးလေး ပျော့ခွေကျသွားသည်။

တစ်ကိုယ်လုံး နွေးထွေးပူရှိန်းသွားရတော့၏။

မတွေးချင်ပါဘူး ...

ကိုကိုနှင့် သူမ ချစ်သူဘဝပင် မရောက်လိုက်ရ။

တရားဝင် လင်မယားဖြစ်ပြီး အတွေ့အထိက မရှိပေ။

သော်ကာ မီးဖိုခန်းထဲ ဝင်နေသည်။

ကိုကို့အတွက် ဆန်ပြုတ်တွေ ပြုတ်ပေးနေမိ၏။

ပူလိုက်တာ ...

သော်ကာကတော့ မလုပ်ဘူးကဲ့ အလုပ်တွေကောင်းလုပ်ပေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ဝင်ဖို့ဆိုတာ ဝေလာဝေးပဲ ...

ကျွန်မ အလျှော့ပေးတာ ဘာမှ မဟုတ်တာ လုပ်ထားလို့ မဟုတ်ဘူးနော် ...

ဆန်ပြုတ်အိုးက မွှက်မွှက်ဆူနေသည်။

သူမ အောက်ကို ချဖို့ လုပ်လိုက်၏။

"အို"

"ဟင်"

"ဂျလွမ်း"

"အမယ်လေး"

ဆန်ပြုတ်အိုးက သူမ ခြေထောက်ပေါ် ပြုတ်ကျတော့သည်။

"အား ... ပူလိုက်တာ"

သော်က အလန့်တကြားနှင့် အော်ဟစ်လိုက်သဖြင့် ကိုကို အောက်သို့ ပြေးဆင်းလာရသည်။

"မင်း ဘာဖြစ်တာလဲ သော်က"

"ဒီမှာ အပူလောင်တာလေ၊ မတွေ့ဘူးလား"

သော်က အပူလောင်သွား၍ သူ စိတ်ပူသွားရသည်။

"မင်း တော်တော်နမော်နမဲ့နိုင်တာပဲ သော်က၊ ဘာဖြစ်လို့ ဒီလို ရှုပ်ပျာရှုပ်ပျာ လုပ်ရတာလဲ"

ကိုကိုက စေ့စေ့ကြည့်ပြီး သူမကို ပြောနေသည်။





အကြည့်တွေက မသက်သာတဲ့ အကြည့်တွေပါ။

ရူးစိုက်လွန်းတဲ့ ကိုကို့အကြည့်တွေကြောင့် သူမ ရှက်သွားရသည်။

တရားဝင် လင်ယောကျ်ားဖြစ်ပေမဲ့ သူမအတွက် စိမ်းလွန်းတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေ၏။

ကိုကိုနှင့် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေ တွေးပြီး သူမ ရှက်စိတ်တွေ တဖြန်းဖြန်း ထလာရသည်။

"သော်က"

"ဟင်"

"ပြစမ်း"

"အား ... ကျွတ် ... ကျွတ်"

အပူလောင်တဲ့ ဒဏ်ရာက ပြင်းထန်နေသည်။

သူ ...

စိတ်ပူသွားရသည်။

ဒီမိန်းကလေး ဘာဖြစ်နေကာလဲ ...

ဒုက္ခပါပဲ ...

မင်း မဟုတ်တာတွေ လုပ်ထားမိနေတာလား ...

စိတ်တွေ လှုပ်ရှားနေပုံပင် ...

သော်က လုပ်ရပ်တွေက ထူးခြားနေသည်။

"ထ ... ဆေးခန်း သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"သစမ်းပါ"

သူမကို ဆေးခန်းပြဖို့ သူ ဘွဲထူမပေးလိုက်ရသည်။

"အား ... ကျွတ် ... ကျွတ်"

"နာလား"

"မူတယ်"

"မင်း တော်တော်ရှုပ်ပလာနိုင်တာပဲ"

သော်က ...

မင်း ထူးဆန်းနေပါယ် ...

ဘာဖြစ်လို့ မင်း မလုပ်ဘူးတဲ့ အလုပ်တွေကို လုပ်ရတာလဲ ...

စဉ်းစားစရာပင် ...

"ကျွန်မ ကိုယ်တိုင် ကားမောင်းပြီး ဆေးခန်းသွားမယ်၊ ကိုကို နေမကောင်းဘူးလေ"

"ရပါတယ်၊ မင်း ဒဏ်ရာရနေတာပဲ၊ လမ်းမှာ တစ်ခုခု ဖြစ်သွားရင် ငါ့မှာ တာဝန်ရှိတယ်လေ"

သူ ...

ကားမောင်းလာခဲ့သည်။

သော်ကဘက်မှ အတော်လေး ငြိမ်သွားလာ၏။

ဘာကြောင့်လဲ ...





သော်က အမှားအယွင်းတစ်ခုခုများ လုပ်ခဲ့ပြီလား။

မာန်မာနတွေနဲ့ တင်းမာနေတဲ့ မင်း မျက်ဝန်းတွေက တစ်စုံတစ်ခုအတွက် ကြောက်ရွံ့နေသလိုပဲ ...

မင်း ဘာတွေ ဖြစ်နေလဲ ...

တစ်စုံတစ်ခုသော ဖြစ်မှုတွေကို မင်း ကျူးလွန်ထားတာလား ...

စိတ်ထဲမှာ တစ်မျိုးပဲ ...

သော်က အပြုအမူတွေက ထူးဆန်းအံ့ဩဖွယ် ကောင်းနေသည်။

သူ့ကို အလျှော့ပေးလိုတဲ့ အမူအရာတွေ ပြလာ၏။

ဆေးခန်းမှာ ဆေးထည့်သည်။

ဆရာဝန်က ဆေးထိုးတော့ သော်က မျက်ရည်တွေ လိမ့်ဆင်းကျလာ၏။

"သော်က ဘာဖြစ်တာလဲ၊ မင်း ကလေးလား၊ ဆေးထိုးတာ ငိုစရာလားကွာ"

သော်ကကို ဖေးဖေးမမနှင့် ပြောမောချင်ပေမဲ့ သူ့စိတ်တွေထဲမှာ သော်ကကို မယုံဝံ့တော့ ...

အမူအရာတွေက ထူးခြားစွာ ပြောင်းလဲနေသည် ဟု ထင်မိသည်။

"မင်း အလုပ်တွေကို မလုပ်ပါနဲ့တော့ သော်က



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"မင်းလို ရုပ်ပလာ ရုပ်လာပုံစံမျိုးနဲ့ ဒုက္ခတွေပဲ တွေ့မှာလေ"

ကိုကိုရယ် ...

ကျွန်မကို အထင်သေးလိုက်တာ ...

ကိုကို့ မျက်ဝန်းအကြည့်တွေက သော်ကအပေါ် မယုံသလိုပါပဲ ...

သော်က အဖြစ်မှန်တွေကို ဖွင့်ပြောရခက်နေသည်။

အိမ်ပြန်ရောက်လာ၏။

"မင်း အနားယူတော့၊ စားသောက်စရာတွေ ငါပဲ စီစဉ်ပေးပါ့မယ်"

"ကိုကို နေမကောင်းဘူးလေ"

"ရပါတယ်၊ လောလောဆယ်တော့ ငါက မင်းထက် ကောင်းနေတာပဲ သော်က"

အိမ်ရှင်မကောင်း ပီသအောင် နေပြချင်ပါတယ်ဆိုမှ ...

စိတ်ပျက်လိုက်တာ ...

ခြေထောက်က နာနေသည်။

ထမရ ...

ကိုကိုက အိပ်ခန်းထဲအထိ တွဲပို့ရသည်။

သော်က မှားပါတယ် ...





ကိုကို့ကို အရွဲ့တိုက်ပြီး တုပဆန့်ကျင်နေတာ မဟုတ်လား ...

ချစ်စု ...

ငါ့အိမ်ထောင်ရေး အခြေအနေကို ပြန်ပြီး တည်ငြိမ်အောင် လုပ်ချင်နေပြီဟာ ...

ကိုကိုနဲ့ ငါ လင်မယားအရာ မြောက်သွားခဲ့တာပဲ။

ဘယ်သူမှ မသိဘူး ...

ငါ့စိတ်တွေ အရမ်းကို ချောက်ချားနေရတယ် ချစ်စု။

ဘာကြောင့်လဲ သိလား ...

ကိုယ်ဝန် ရှိသွားရင် ငါ ဘယ်လို ပြောရမလဲဟာ။

"သော်က"

"ဟင်"

"မင်း အနားယူတော့"

"ဟုတ်ကဲ့"

သော်က မျက်နှာလေးက တွေးဆနေသည်။

ဘာတွေ ဖြစ်နေလဲ ...

သူ ...

စိတ်တွေ လေးနေရသည်။

သော်က ဘာတွေ ဖြစ်နေလဲ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတော့ ဖြစ်နေပြီဆိုတာ သူ့စိတ်က ထင်နေသည်။

သော်က ...

မင်း ...

ဘာဖြစ်နေလဲ ...

ပြဿနာတွေ တက်နေလား ...

သူ ...

အိပ်ခန်းထဲ ပြန်လာခဲ့သည်။

သော်ကဘက်က ပျော့ပျောင်းလာမှုတွေက မရိုးသားဟု ထင်မိ၏။

မင်း ဘာဖြစ်လို့ ပျော့ပျောင်းလာရတာလဲ ...

မဟုတ်တော့ဘူးကွာ ...

ကိုကို စိတ်ပူတယ် ...

သော်က ဘာအမှားတွေ လုပ်နေလဲ ...

သူ့အိမ်ထောင်ရေးမှာ သော်ကဘက်က ပျော့ပျောင်းလာမှုကို လိုလားပေမဲ့ သော်က အမှားအယွင်းတွေ လုပ်ထားခဲ့မိတာလား ...

သော်က ခြေထောက်က မထောက်နိုင်တော့သဖြင့် သူပဲ အိမ်မှုကိစ္စတွေ လုပ်ရသည်။





စားသောက်စရာတွေ စီစဉ်ရ၏။

"ကိုကို ခနမကောင်းဘူး မဟုတ်လား၊ ကျွန်မ ဆိုင်ကပဲ ဝယ်စားပါ့မယ်"

သော်ကပင် ဆိုင်ကနေ မမှာတာ ကြာပါပြီ။

ကိုကိုနှင့် ဆန့်ကျင်ဘက် မလုပ်ချင်တော့၍ဖြစ်သည်။

"ကိုကို"

"ဟင်"

"သော်က တောင်းပန်ပါတယ် ကိုကို၊ နောက်ဆို ကိုကို မကြိုက်တာတွေ သော်က ဘာမှ မလုပ်တော့ပါဘူးနော်"

သော်ကဘက်ကပဲ အလျှော့ပေးလိုက်ဖို့ ဆုံးဖြတ်ထားမိသည်။

"သော်က"

"ရှင်"

"မင်း ဘာဖြစ်လို့ ရုတ်တရက်ကြီး ပျော့ပျောင်းလာရတာလဲ"

"ရှင်"

သော်က ဘယ်လို ဖြေရမလဲ ...

ကိုကိုနှင့် သော်က ငြိစွန်းပြီးခဲ့ပါပြီ ပြောရင် ကိုကို ယုံမလား ...

ရုတ်တရက် အဖြေတစ်ခုကို မပေးနိုင်ဘဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စိတ်တွေနှင့် သူမ တစ်ကိုယ်လုံး နွေးထွေးသွားရ၏။

"သော်က"

"ရှင်"

"မင်း ဘာတွေလုပ်ထားသလဲ"

"ဟို ... ဟို"

"မင်း မဟုတ်တာတစ်ခုခု လုပ်ထားပြီ မဟုတ်လား"

"မလုပ်ပါဘူး ကိုကို၊ ကျွန်မ ဘာမှ မလုပ်ပါဘူး ... ဟို... ဟို"

သော်က အနားကနေ သူ ထွက်လာခဲ့မိသည်။

အမှုအရာတွေ ပျက်နေတဲ့ သော်ကကို မယုံကြည်ချင်တော့ပေ။

ချစ်စနှင့် ပေါင်းပြီး သော်က ဘာအမှားတွေ လုပ်ခဲ့လဲ ...

အမူအရာ ပျက်လွန်းနေတဲ့ သော်ကကို သူ့စိတ်ထဲမှာ မသင်္ကာဖြစ်လာရသည်။

"မင်း မိန်းမကို ယောကျ်ားတွေနဲ့ ပတ်သက်ဆက်ဆံနေတာ တွေ့ရတယ်၊ မင်း ဂုဏ်သိက္ခာအတွက် မကောင်းဘူး ထင်တယ်"





သူငယ်ချင်းတွေ ပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

"တောက်"

ဒေါသတွေက ပေါက်ကွဲထွက်ချင်လာရသည်။

သူ ...

ဘယ်လို လုပ်ရမလဲ ...

ဒုက္ခပါပဲ ...

မင်းလို မိန်းမတစ်ယောက်ကို လက်ထပ်မိတာ မှားတာပဲ ...

"ကိုကို ကျွန်မ တောင်းပန်ပါတယ်၊ နောက်ဆို ကိုကိုနဲ့ ဆန့်ကျင်ဘက်တွေ မလုပ်တော့ပါဘူး"

သော်က၏ တောင်းပန်စကားတွေက အပြစ်ကင်းစင်ရဲ့လား ...

အမှားအယွင်းတွေ လုပ်ပြီးမှ တောင်းပန်တာလား။

သူ ...

သော်က ပြုပြင်လာတာကို အလိုအပ်ဆုံးပဲ မဟုတ်လား ...

"သော်ကကို မင်း ကွာရှင်းမယ်ဆိုတဲ့စကား မပြောပါနဲ့ သား၊ မေမေ လက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



သော်က ဖောက်ပြန်နေပါတယ် ပြောဖို့လည်း သက်သေအထောက်အထား မရှိပေ။

သူ့ဘက်မှ အပြစ်ရှာတာပဲဟု ထင်တော့မည်။

သူ့စိတ်တွေ ရှုပ်ထွေးစွာဖြင့် ပေါက်ကွဲလာရတော့သည်။





## အခန်း(၁၉)

ကိုကို ...

သော်ကကို မသင်္ကာဖြစ်နေပြီ မဟုတ်လား ...

ကိုကို့အကြည့်တွေက သော်ကအပေါ် သံသယတွေ အရုမ်းလွှမ်းနေတာပါ။

သော်ကနဲ့ ကိုကို ...

အို ...

ဘယ်လို ပြောရမလဲ ...

ကိုကို လက်ခံလာအောင် ကျွန်မ ဘယ်လိုပြောရမလဲ။

ရှက်ရှက်နှင့် သော်က ဘာမှ မပြောဘဲ ကြိတ်မှိတ်နေခဲ့တာပါ။

မှားတယ် ...

သော်က အမှားပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီညတည်းက ကိုကို့ကို ဖွင့်ဟအသိပေးရမှာပါ

အခုမှတော့ သော်က ဘယ်လို ပြောရမှန်းပင် မသိ

-တော့ ...

"သော်က မင်း ဘာအမှားတွေ လုပ်ထားလဲ၊ မင်းအမူအရာ

တွေက ထူးဆန်းစွာ ပြောင်းလဲနေပါလား"

ကိုကို့ရဲ့ အထင်လွဲနေမှုတွေကို သော်က ဘယ်လို

ချေဖျက်ရမလဲ ...

ဘယ်လို ပြောပြရမလဲ ...

အရေးထဲ ချစ်စုဆီက ဖုန်းလာသဖြင့် နားထောင်

လိုက်သည်။

"သော်က"

"ဟင်"

"နင့်ကို ကျော်ကျော်ဇင်က ဖုန်းပြောချင်လို့တဲ့"

"ဟာ"

"ပြောလိုက်ပါဟာ၊ ခဏလေးပဲဟာ"

ကျော်ကျော်ဇင်နှင့် သူမ စကားပြောစရာအကြောင်း

မရှိပေ။

"ခဏလေးပါဟာ၊ ပြောလိုက်ပါ"

"ဒုက္ခပါပဲ"

ကိုကိုက မယုံကြည်ရတဲ့အထဲ ဒုက္ခရောက်နေရသည်





"ဟဲလို"

"ရှင်"

တစ်ဖက်မှ ကျော်ကျော်ဇင့် အသံကို ကြားလိုက်ရ

သည်။

"သော်က နေကောင်းလား"

"ဟုတ်ကဲ့"

"မတွေ့တာကြာလို့ သတိရနေတာ"

"ဟုတ်ကဲ့"

သော်က ဖုန်းပိတ်ပစ်ချင်နေမိသည်။

မကောင်းတတ်၍ပါ။

ကိုကိုက သော်ကကို မယုံသင်္ကာ ဖြစ်နေတာပါ။

"သော်ကနဲ့ တွေ့ပါရစေ"

"သော်က မအားလို့ပါနော်၊ အားနာပါတယ်"

"ခဏလေးပါ သော်ကရယ်၊ တွေ့ပါရစေ"

"ဟို ... ဟို ... သော်က မအားလို့ပါ"

"ကျွိ"

တံခါး ပွင့်လာသဖြင့် သော်က ဖုန်းကို ပိတ်လိုက်

မိသည်။

"သော်က"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့ ဖုန်းပြောနေကာလဲ"

"ဟို ... ကိုကို ... ဟိုလေ ... ချစ်စုပါ"

သူ လာမှ ဖုန်းပိတ်လိုက်၍ ကိုကို မကျေမနပ် ဖြစ်သွားရသည်။

သော်က ဘာတွေ လုပ်နေလဲ ...

မဟုတ်တာ တစ်ခုခုတော့ လုပ်လိုက်ပြီဟု ထင်မိသည်။

"သော်က မင်း ဘာတွေ လုပ်နေလဲ၊ ကိုကိုနဲ့ ဆန့်ကျင်ဘက်တွေ ဘာမှ မလုပ်တော့ပါဘူးဆို"

"သော်က ဘာမှ မလုပ်ပါဘူး ကိုကို"

"မင်း ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"

"ချစ်စုနဲ့ပါ"

သူ ...

မယုံပေ ...

ဖုန်းကို ဒီလောက်အထိ ရုတ်တရက်ကြီး ပိတ်ထားဖို့ မလိုဟု ထင်မိသည်။

"မင်းအတွက် စားစရာတွေ ယူလာတာပါ"

"အားနာစရာကြီး ကိုကိုရယ်၊ တကယ်ဆို သော်ကက ပြုစုရမှာပါ"

"မင်းက ဒဏ်ရာနဲ့ မဟုတ်လား သော်က"





သူကတော့ သော်ကနှင့် အဆင်ပြေနေစဉ်မှာပင် ပြဿနာ မဖြစ်လို၍ အလျှော့ပေးလိုက်မိသည်။

ခွင့်လွှတ်လိုက်၏။

အမှားတွေ လုပ်ခဲ့မိလည်း သော်က နောင်တရလာလျှင် သူ ကျေနပ်ရမည်ပဲဖြစ်သည်။

"သော်က"

"ရှင်"

"ကိုကို့ ဂုဏ်သိက္ခာအရ မင်းဘက်က စောင့်ထိန်းစရာရှိတာတွေ စောင့်ထိန်းပါ"

"ဟုတ်ကဲ့ပါ ကိုကို"

သော်က ငြိမ်ပပ်ပိပြားနေတာတွေကိုတော့ သူ့စိတ်ထဲမှာ အံ့ဩနေမိသည်။

မသင်္ကာမိပေ ...

စောစောက သော်က ဘယ်သူနဲ့ စကားတွေ ပြောနေတာလဲ ...

"မင်း ဘာဖြစ်လို့ ကိုကို့အပေါ် ဆန့်ကျင်ဘက်တွေ ပြောနေရတာလဲ"

"ဂျွန်မ နောက်ဆို ကိုကိုနဲ့ ဆန့်ကျင်ဘက်တွေ ဘာမှ မလုပ်တော့ပါဘူး"

"မင်း စကားတွေကို မင်း မှတ်ထားပါ သော်က"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုကို"

"သော်က"

"ရှင်"

"ကိုကိုတို့ အိမ်ထောင်ရေးကို အဆင်ပြေမှုတွေနဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေနဲ့ တည်ဆောက်ချင်တယ်"

ကိုကို့စကားတွေကြောင့် သူမ အပျော်ကြီး ပျော်သွားမိသည်။

သော်ကလည်း ကိုကို့လိုပါပဲ ...

ပျော်ရွှင်ချမ်းမြေ့ဖွယ် အိမ်ထောင်တစ်ခုကို တည်ဆောက်လိုသည်။

ကိုကို့ရင်ခွင်ထဲ တိုးဝင်ဖက်တွယ်ထားချင်၏။

စူးရှတဲ့ အကြည့်တွေကြောင့် သော်က ရင်တွေ တဆတ်ဆတ် တုန်ချင်လာရသည်။

"သော်က"

"ရှင်"

"မနက်စာအတွက် ကိုကို ယူလာတာပါ"

"ကိုကိုက ချက်ပြုတ်တတ်သားပဲနော်"

"ကိုကို့ ဝါသနာလေ၊ ငယ်ငယ်လေးတည်းက သန့်သန့်ရှင်းရှင်း နေတတ်ပြီး စည်းစနစ်ရှိမှ သဘောကျတာ"





"နောက်ဆို သော်ကလည်း ကိုကို့ စည်းစနစ်တွေ လမ်းညွှန်ဆုံးမမှုတွေကို လိုက်နာပါ့မယ်"

သော်ကရယ် ...

စပြီး လက်ထပ်တည်းက မင်းမှာ ဒီလို သဘောထားရှိမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ ...

သော်ကကို ပွေ့ဖက်နမ်းပစ်ချင်ပေမဲ့ သူ့လက်တွေက တွန့်နေမိသည်။

မဟုတ်တာတွေလုပ်ပြီး သော်က အယုံသွင်းနေတာဟု ထင်မိသည်။

စိတ်က မသန့် ...

မင်းရဲ့ အမူအရာတွေ အပြုအမူတွေက တစ်စုံတစ်ခု အမှားအယွင်းတွေ လုပ်ထားလို့ အချိုသတ်နေသလိုပဲ ...

"သော်က"

"ရှင်"

"မင်း အေးအေးဆေးဆေး စားပါ၊ ကိုကို နောက်မှ ပန်းကန်တွေ လာသိမ်းမယ်"

"ကိုကို"

"ပြော"

"အတူတူ စားရအောင်နော်"

"ကိုကို မစားသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုဂို အောက်ထပ်သို့ ပြန်ဆင်းသွားရတော့သည်။

ရှင် ...

ကျွန်မကို မယုံကြည်သေးဘူး မဟုတ်လား ...

စနီးမယားတစ်ယောက်အဖြစ် လက်မခံနိုင်သေးတာ မဟုတ်လား ကိုကိုရယ် ...

မဖြစ်ဘူး ...

ကိုကိုနဲ့ သော်က အတူတူ နေသင့်ပါပြီ။

သော်ကက မိန်းကလေးဆိုတော့ ဘယ်လို စရမလဲ။

ဘာရားခင် လက်ထပ်ထားသေမဲ့ တစ်ယောက်နှင့်တစ်ယောက်က စိမ်းနေသေးသည်။

မရဲကြဲ ...

အရုက်သိက္ခာတွေကို စောင့်ထိန်းနေကြသည်။

ကျွန်မဘက်က ရောင် ကိုကို အထင်လွဲနေဦးမှာပဲ မဟုတ်လား ...

ရှင်းပြချင်တယ် ...

ကိုကိုနဲ့ ကျွန်မ ငြိစွန်းပြီးသားပါဟို့ ...

ရင်ထဲမှာ ပွလောင်နေမိသည်။

သော်ကမှာ ကိုယ်ဝန်ရှိလာရင်တော့ အားလုံး ရှုပ်ထွေးသွားမှာပဲ ဖြစ်၏။

ခြေထောက်က ယောင်နေသည်။





ထမရ ...

ကိုကို့အကြိုက် အိမ်မှုကိစ္စတွေ လုပ်ပေးချင်ပေမဲ့ သော်က ခြေထောက်က ထောက်မရ ...

သေချင်တယ် ...

စားချင်စိတ် မရှိဘဲ နည်းနည်းပါးပါးပဲ စားလိုက်မိသည်။

"မောင်ချစ်စမ်းမောင်က အရမ်းကို ထက်မြက်ပြီး အားကိုးရလောက်တဲ့ ယောက်ျားတစ်ယောက်ပဲ သော်ကရယ်၊ သမီးလေးကို မောင်ချစ်စမ်းမောင် လက်ထဲမှာပဲ စိတ်ချတယ်"

မာမီ ပြောတဲ့ စကားတွေကို ကြားယောင်မိသည်။

ကိုကိုက သော်ကကို အမတည်းက အထင်သေးနေတာပါ။

တစ်ယောက်တည်း အားငယ်စွာဖြင့် သော်က ငိုပစ်ချင်မိသည်။

စောကြာပေါ့ ...

ကိုကို ဘာက်ပြောသည်။

ပန်းကန်တွေ လာသိမ်းဟာပဲဖြစ်၏။

"သော်က"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငိုနေတာလား"

"ဟင်"

"မင်းမှာ ငိုပစ်ချင်လောက်အောင် ကြေကွဲဝမ်းနည်းမှုတွေ ရှိနေလား သော်က"

ကိုကို့ကြောင့်ပါ ...

ကျွန်မကို အထင်သေးနေတဲ့ ကိုကို့စိတ်တွေကို ဘယ်လို ပြုပြင်ပြောင်းလဲပစ်ရမလဲဟင် ...

ကိုကို့ကို သော်က ချစ်နေမိပြီ။

အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဘဝကို ကျွန်မ ခံယူချင်တယ် ...

"မင်း ဘာတွေ ဖြစ်နေလဲ၊ မင်း တစ်ခုခုတော့ ဖြစ်နေတယ် မဟုတ်လား သော်က"

ကိုကို မေးတဲ့ မေးခွန်းတိုင်းကို သော်က ရုတ်တရက် အဖြေမပေးနိုင်ဘဲ ဖြစ်နေရသည်။

ကျွန်မ ရင်ထဲက ပူလောင်သောကတွေကို ဘယ်လို ရင်ဖွင့်ရမလဲ ...

"မင်း မဖြေရင်လည်းနေပါ သော်က၊ မင်း ကိစ္စပဲ"

သူ ပြန်ထွက်လာခဲ့မိသည်။

သော်ကနှင့် ပတ်သက်ပြီး သူ့စိတ်ထဲမှာ မတင်မကျ ဖြစ်ရ၏။





တစ်နေကုန် အခန်းထဲမှာပဲ နေမိသည်။

ညစာကို သူတစ်ယောက်တည်းပဲ စားလိုက်မိ၏။

သော်ကအတွက် အလုပ်သမား တစ်ယောက်တော့ ခေါ်ပေးရမယ် ...

ငယ်ငယ်လေးတည်းက အိမ်မှုကိစ္စတွေ စိတ်မဝင်စားတဲ့ သော်ကကို သူ ပုံစံသွင်းဖို့ ကြိုးစားမိသည်။

သူ လွန်သွားတာလား ...

သော်က ... မင်းကို ချစ်မိနေပြီ။

ငါ့ဘက်ကနေ မင်းကို ချစ်ပါတယ်ပြောဖို့ ဝန်လေးနေမိတယ်။

မင်း ဘာတွေ လုပ်ထားလို့ ငါ့ကို ထူးခြားတဲ့ဆက်ဆံရေးနဲ့ ပြောင်းလဲဆက်ဆံရတာလဲ ...

အိပ်လို့မရ ...

သော်က ခြေထောက်များ နာနေမလား ...

သူ ထပ်သွားကြည့်ဖို့ပင် ဝန်လေးနေမိသည်။

မင်းနဲ့ ကိုကိုက တရားဝင် လက်ထပ်ထားတာပါ သော်ကရယ် ...

"ကျွန်မတို့နှစ်ယောက်က ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်ဘူး၊ ရှင် ရင်ခွင်ထဲမှာ ကျွန်မ ဘဝကို အနှစ်မြှုပ်မခံနိုင်လို့"



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးညမှာပင် သော်က အခန်းပြောင်းသွ…
သည်။

တစ်ယောက်နဲ့ တစ်ယောက် လင်မယားအ…
မပြောက်ခဲ့ကြ။

"ရှင် ကျွန်မကို အထင်သေးနေတာပဲ၊ ဘဝတစ်ခု…
ပုံပြီးအပ်ဖို့ဆိုတာ ကျွန်မဘက်က စဉ်းစားရဦးမှာလေ…

သူနှင့်အပြိုင် မာန်မာနတွေပြခဲ့တဲ့ သော်ကပဲ မဟု…
လား …

အခု …

ဘာဖြစ်လို့ အချိုးတွေက ပြောင်းလဲသွားရတာ…

မတွေးချင် …

သွေးရိုးသားရိုးနဲ့တော့ သော်က အလျှော့ပေး…
မဟုတ် …

သော်က အမူအရာတွေ ပြောင်းလဲလာတာ ထူး…
သည်။

သူ …

အိပ်လို့မရ…

အတွေးတွေနှင့် ရှုပ်ထွေးစွာ ရင်ထဲမှာ နာကျင်…
တော့သည်။

◆ ○ ◆





## အခန်း(၂၀)

သော်က စိတ်တွေ ပူလောင်မှုက အထွတ်အထိပ်သို့ ရောက်လာရသည်။

တစ်လကျော်လာတာတောင် သော်ကရဲ့ မိန်းကလေး ဓမ္မတာ လာနေကျက မလာပေ။

စိတ်ပူသွားရသည်။

သော်ကမှာ ကိုယ်ဝန် ရှိနေပြီလား မသိဘူး …

မြေထောက်ဒဏ်ရာသက်သာလာ၍ အိမ်မှုကိစ္စတွေ လုပ်သည်။

ငြိမ်ဝပ်ပိပြားစွာနေလေ ကိုကိုက မသက်သာလေပဲ။

စိတ်ညစ်လာရသည်။

ကိုကိုနှင့် အဆင်ပြေအောင် ဘယ်လိုပဲ နေပါစေ ကိုကို့ဘက်မှ သံသယ ပိုဝင်လေဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ...

သော်က မျက်နှာအမူအရာတွေကို မထိန်းနိုင်ပေ။

မျက်နှာလေးငယ်နေသည်။

အားငယ်နေ၏။

ကိုကို့ကို ဘယ်လို ရှင်းပြရမလဲ ...

ရှင်းပြရင်လည်း သော်ကကို စိတ်မလုံမလဲဖြစ်လို့ ရှင်းပြသည်ဟု ထင်နေဦးမည်။

အရေးကြီးတာက ...

သော်က မမှတာ မလာတာပဲ ...

ရက်တွေ ကျော်လာတာနှင့်အမျှ သော်က စိတ်တွေ ခံစားရနေရသည်။

မာမီ ...

သော်က ဘယ်လို လုပ်ရမလဲ ...

ကိုကိုက သော်ကကို မယုံကြည်ဖြစ်နေတာပါ။

"သော်က မင်း ဘာတွေ မဟုတ်တာလုပ်ထားလို့ ဒီလောက် အထိ ပြောင်းလဲသွားရတာလဲ"

ကိုကို့စကားသံတွေ ကြားယောင်ပြီး သော်က စိတ်တွေ အညစ်ကြီးညစ်လာရတော့သည်။

သော်က ဘယ်လို ဖြေရှင်းရမလဲ ...

စိတ်ထဲမှာ မောပန်းနွမ်းနယ်နေရသည်။





သေချာနေပါပြီ။

ယောက္ခမကြီးကိုပဲ ဖွင့်ပြောပြလိုက်ရမလား ...

အိပ်ရာက မထချင် ...

သော်က မှားတာပါ။

အစောကြီးတည်းက ဖွင့်ပြောလိုက်ရင် ဒီလောက် အထိမဖြစ် ...

သော်က သတ္တိကြောင်နေလို့ပါ ...

စိတ်ထဲမှာ သောကတွေနှင့် ပူလောင်လာရသည်။

ပြဿနာကို ဘယ်လို ဖြေရှင်းရမလဲ ...

ချစ်စုနဲ့ တိုင်ပင်ရင်လည်း ပိုဆိုးတော့မှာပဲ။

မဖြစ်သေးပါဘူး ...

သော်က ကိုကို့အတွက် မနက်စာကို စီစဉ်ပေးရမယ်။

ထသည်။

လှဲချင်နေ၏။

ကိုကိုနှင့် အစောကြီးတည်းက အဆင်ပြေအောင် နေလိုက်ရင် သော်က ဘယ်လောက်အေးချမ်းမလဲ ...

"သော်က နင် ဒီယောက်ျားကို ကွာရှင်းလိုက်ပါဟာ၊ နင့်ကို အထင်သေးပြီး နှိမ်ချချင်တဲ့ ယောက်ျားတစ် ယောက်ပဲဟာ"

ချစ်စုက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သော်က ယောကျ်ားတစ်ယောက်နဲ့ အဆင်ပြေအောင် မနေဘဲ တုဘက်ပြိုင်ခဲ့တဲ့ အမှားအယွင်းပဲ ...

"သော်က"

"ဟင် ကိုကို"

"မင်း နေမကောင်းဘူးလား"

"ရှင်"

"သော်က မင်း ဘာဖြစ်နေလဲ၊ မင်း အိမ်ထဲမှာနေပြီး အိမ်မှုကိစ္စတွေ လုပ်ရတာ စိတ်ညစ်နေလား"

"ဟင့်အင်း ... စိတ်မညစ်ပါဘူး၊ ကျွန်မ နည်းနည်းနေမကောင်းချင်ဖြစ်နေလို့ပါ"

"ဒါဆို မင်း အနားယူလေ သော်က၊ ကိုကို ဆရာဝန်ခေါ်လိုက်မယ်"

"ဟင့်အင်း ... မခေါ်ပါနဲ့ ကျွန်မ ဘာမှ မဖြစ်ပါဘူး"

သူမ စိတ်ထဲမှာ ဆရာဝန်က စမ်းသပ်စစ်ဆေးမှာ အကြောက်ကြီး ကြောက်နေမိသည်။

ကိုယ်ဝန်ရှိတယ်ဆိုရင် ...

ဘုရားရေ ...

"ကျွန်မ ဆရာဝန်ပြဖို့လောက်အထိ မဖြစ်ပါဘူး ကိုကို။ ဟို ... အသုပ်စားတော့မလား၊ သော်က ပြင်လိုက်မယ်နော်"





"အင်း"

သူ ...

သော်ကကို ကြည့်မိသည်။

တစ်ခုခုတော့ ထူးခြားနေသည်ဟု ထင်မိ၏။

သော်က ဘာတွေ ဖြစ်နေလဲ ...

တစ်နေ့တခြား မှိုင်တွေလာနေသည်ဟု ထင်မိလာရည်။

သူ ...

သော်ကနှင့် လင်မယားအရာ မမြောက်သေးပေ ...

သူ့ရင်ထဲမှာ သော်ကအပေါ် သံယောဇဉ်တွေ နေပေမဲ့ စိတ်ထဲမှာ သော်က တခြားတစ်ယောက်ယောက်နဲ့များ ာက်ပြန်ထားမှုလား ...

အမှုအရာတွေ ပျက်နေသည်။

အင်အားချည့်နဲ့နေတဲ့ သော်က မျက်ဝန်းဖျော့တော့လေးက သော်ကမှာ တစ်ခုခုဖြစ်ပြီဆိုတာ သိသာနေ၏။

"ကိုကို"

"ဟင်"

"စားတော့လေ"

"သော်က"

"သော်က နေမကောင်းရင်လည်း ဆေးခန်းပြရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သော်က ဘာမှ မဖြစ်ပါဘူး ကိုကိုရဲ့၊ နေကောင်းပါတယ်"

သော်က လက်လေးကို သူ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်။

"ဟင်"

"သော်က"

"ရှင်"

"ကိုကို့စိတ်ထဲမှာ သော်က တစ်ခုခု ဖြစ်နေပြီလို့ ထင်တယ်"

သော်ကကို သူ ချစ်နေမိပြီဖြစ်သည်။

ဒါပေမဲ့ ...

သော်က နှလုံးသားတွေထဲမှာ သူ့ကိုမှ ချစ်ပါ့မလား။

အမှားအယွင်းတစ်ခုခု လုပ်ထားသည်ဟု ထင်မိသည်။

"သော်က ကိုကိုနဲ့ နေရတာ စိတ်ဆင်းရဲတယ်ဆိုရင်တော့ ကိုကို့ဘက်ကနေ ကွာရှင်းပြတ်စဲပေးပါ့မယ်"

"ကိုကို"

ကျွန်မမှာ ကိုကို့ ရင်သွေးလေး ရှိပြီထင်တယ် ...

ဘယ်လို လုပ်ရမလဲ ဟင် ...

ကိုကို လက်ခံမှာလား ...

ကျွန်မအပေါ် သံသယတွေဝင်နေတဲ့ ကိုကို့ မျက်လုံးတွေကို ကျွန်မ ကြောက်တယ် ...





"သော်က"

"ဟင်"

"သော်ကအပေါ် ကိုကို သံသယစဥ်ရှိနေပါပြီ"

"ကိုကိုရယ်"

ကျွန်မလည်း ကိုကို့အပေါ် သံသယစဥ်တွယ်တာပြီး အားကိုးတကြီး ချစ်နေမိပါပြီ ကိုကိုရယ် ...

သော်က ဘယ်လို ပြောရမလဲ ...

ကိုကိုနှင့် သော်က မနက်စာ အတူတူစားကြသည်။

အဆင်ပြေနေကြ၏။

"သော်က"

"ရှင်"

"ကိုကို့ဘက်ကပဲ လျှော့ပေးပြီး သော်က ပျော်ရွှင်နိုင်မှုတွေကို ဖြည့်စွမ်းပေးပါမယ်"

သော်က ကိုယ်လုံးလေးကို ဆတ်ခနဲ ဆွဲယူပွေ့ဖက်ထားလိုက်သည်။

မျက်နှာလှလှလေးကို ဖွဖွညင်သာလေး နမ်းနေ၏။

နှုတ်ခမ်းသားလေးကို နမ်းမည်အပြုတွင် သူ့ကိုယ်လုံးက ဆတ်ခနဲ တွန့်သွားတော့သည်။

သော်ကမှာ ပြဿနာတွေ ရှိနေလား ...

သူ့ကို အမိဖမ်းတာများလား ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတစ်ယောက်အနေနှင့် သော်ကအပေါ် နားလည်ခွင့်လွှတ်နိုင်မှုတွေ ပေးစွမ်းနိုင်ပါ့မလား ...

သူ တွန့်ဆုတ်သွားရသည်။

သော်ကနှင့် ဘဝတစ်ခုကို ထာဝရ လက်တွဲတည်ဆောက်နိုင်ဖို့ ညှိနှိုင်းမှုတွေ ပြုလုပ်ရမည်။

"သော်က"

"ကိုကို"

"ကိုကိုနဲ့ သော်က ဘဝတစ်ခုကို လက်တွဲတည်ဆောက်ကြရအောင်နော်"

"ဟုတ်ကဲ့ပါ ကိုကို၊ သော်ကလည်း နောင်တတွေ ရနေပါတယ်"

"ဘာ သော်က ... နောင်တရတယ် ဟုတ်လား၊ ဘာတွေနောင်တရနေရတာလဲ ကွာ"

သော်ကကို အမြဲကာမ်း သံသယပျက်လုံးတွေနဲ့ မေးနေတတ်တဲ့ ကိုကို့ မေးခွန်းတွေကို ဖြေရခက်နေမိတာတော့ အမှန်ပင်။

"ကိုကိုနဲ့ သင့်မြတ်အောင် မနေမိတာကိုပါ"

"ဘာနောင်တရစရာရှိလို့လဲ၊ အခုလည်း ကိုကိုနဲ့ အဆင်ပြေအောင် သော်က ရအောင်နေလို့ရတာပဲ ဟာ"

သော်က ဘယ်လို ရှင်းပြရမလဲ ...





အခုချိန်မှ ပြောရင်ရော ကိုကို ယုံကြည်လက်ခံပါ့မလား ...

"သော်က"

"ဟင်"

"အခု ကိုကိုကလည်း သော်ကကို ချစ်ပြီ၊ သော်ကကလည်း ကိုကို့ကို ချစ်ပြီ မဟုတ်လားဟင်"

"ကိုကို့ကို သော်က ချစ်ပါတယ်"

"သော်ကရယ်"

သော်က ကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားမိသည်။

မင်းမှာသာ ပြဿနာတစ်စုံတစ်ရာ မရှိဘူးဆိုရင် ကိုယ်တို့ အရှမ်းကို ပျော်စရာကောင်းမှာပဲ။

ကိုကို စိတ်ပူတယ် ...

မင်းမှာ စိတ်သောက ရောက်စရာတွေ ရှိနေမှာပဲ။

"သော်က"

"ရှင်"

"ဒီညကစပြီး ကိုကိုနဲ့ သော်က အတူတူ မင်္ဂလာအိပ်ခန်းကြီးထဲမှာ အိပ်ကြမယ်နော်၊ ဒီည ကိုကိုတို့ရဲ့ မင်္ဂလာဦးညပေါ့"

"ကိုကိုကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"လာ နှစ်ယောက်တည်း မင်္ဂလာပွဲ ကျင်းပမယ်၊ ညစာ အတွက် ခြံထဲမှာ ပြင်ဆင်ကြရအောင်နော် သော်က"

"အင်း"

ကိုကို့ရင်ခွင်ထဲမှာပဲ သော်က ဘဝလေးကို ကိုကို့ အလိုဆန္ဒတွေကို လိုက်လျောရင်း နှစ်မြှုပ်လိုက်တော့မယ် ...

သော်က နှောင်တရနေမိ၏။

ကိုကို့ဆန္ဒတွေကလွဲပြီး သော်က ဘဝမှာ ဘာမှ အလေးအနက်ထားစရာ မရှိတော့ပါဘူး ...

"သော်ကဘဝမှာ ကိုကိုပဲ အဓိကပါနော်၊ သော်ကလေ ကိုကို့ ဆန္ဒတွေကိုပဲ ဖြည့်ဆွမ်းပေးချင်ပါတယ်"

"သော်ကရယ်"

နှစ်ယောက်သား ညစာစားပွဲလေးအတွက် ခြံထဲမှာ ပြင်ဆင်ကြသည်။

စားသောက်စရာတွေနှင့် မင်္ဂလာကိတ်လည်း ပြင်ဆင်ထားကြ၏။

ပျော်လိုက်တာ ...

ကိုကိုနဲ့အတူ သော်က ငြိမ်းချမ်းစွာ နေရတော့မယ်။

"သော်က"

"ရှင်"





"သော်ကအပေါ် ကိုကို နားလည်မှုတွေ မပေးစွမ်းနိုင်တာ လည်း ကိုကို့အပြစ်ပါပဲကွာ"

သူမကတော့ အပြည့်အဝ မပျော်နိုင်ဘဲ ဖြစ်နေရ သည်။

စိုးထိတ်နေရ၏။

မတွေးချင်ဘူး ...

ကိုကို့ကို ဖွင့်ပြောလိုက်ရင် ကောင်းမလားပဲ။

နှုတ်က မရဲ ...

အေးချမ်းနေတဲ့ အခြေအနေလေးတစ်ခု ပူလောင် ဆူပွက်သွားမှာပဲ စိုးမိသည်။

ညစာစားပွဲလေးက ပျော်စရာလေးဖြစ်နေ၏။

ကိုကိုက ပြင်ဆင်သည်။

"အရင်က စိတ်သောကရောက်စရာတွေ အားလုံး မေ့ပစ်ပြီး ကိုကိုနဲ့သော်က ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ အိမ်ထောင် လေးတစ်ခုကို တည်ဆောက်ကြမယ်"

ကိုကိုရယ် ...

သော်ကမှာ ကိုယ်ဝန်ရှိလာရင် ဒီလို ပျော်ရွှင်စရာ ကောင်းတဲ့ အခြေအနေလေးက ပျောက်ပျက်သွားမှာလားဟင် ...

ဒီအကြောင်းတွေ ကိုကို့ကို အသိပေးလိုက်တော့ မယ် ...



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲလေး ကျင်းပသည်။

ကိုကိုနှင့် သော်က နှစ်ယောက်တည်းပေမဲ့ ပျော်စရာကောင်းနေ၏။

သော်က ရင်တွေ ခုန်နေသည်။

ကိုကို အရက်တွေ အမူးလွန်ပြီး သော်ကကို အချစ်ကြမ်းကြမ်းတွေနှင့် ပြုမူဆက်ဆံခဲ့၏။

မမေ့နိုင်ပေ ...

ကိုကိုရယ် ...

သော်က ဘယ်လို ဖွင့်ပြောပြရမလဲဟင် ...

ကိုကို့ယုံကြည်မှုတွေကို ဘယ်လို တည့်ဆောက်ရမလဲ။

မင်္ဂလာဦးညမှာ သူမက ကိုကို့ရင်ခွင်ထဲကနေထွက်သွားဖို့ စတင်မန်တီးခဲ့သူသာဖြစ်သည်။

သော်က အမှားပဲ ...

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ယောကျ်ားတစ်ယောက်နှင့် ယှဉ်ပြိုင်ခဲ့မိသည်။

ကိုကို့ရင်ခွင်ထဲမှာ သော်က လူးလွန့်ရင်း ကိုကို့အချစ်တွေကို ခံယူနေခဲ့ရ၏။

မပျော်နိုင်ပေ ...

ကြေကွဲစွာ ငိုကြွေးချင်လာရသည်။





သော်က မပြောရဲဘူး ...

အခုမှ ဘာလို့ ဖွင့်ပြောရလဲလို့ ကိုကို့သံသယတွေကြီးထွားလာနိုင်သည်။

ဘုရားမလို့ သော်ကမှာ ကိုယ်ဝန် မရှိပါစေနဲ့ ...

ကျိတ်ပြီးသာ ဆုတောင်းနေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ဝေ"

"ဝေ"

"အမယ်လေး"

သော်ကတော့ တစ်ခုခု ဖြစ်ပြီဆိုတာ သိလိုက်သည်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ ပိကိုက်ထားမိ၏။

ကိုကို မရှိပေ ...

သော်က တစ်ယောက်တည်း အိမ်မှာ နေမကောင်းဖြစ်နေမိသည်။

ကိုကို့ရှေ့မှာ သော်က ဟန်ဆောင်နေရ၏။

"ဝေ"

"ဝေ"





သော်ကမှာ ကိုယ်ဝန်ရှိနေပြီဖြစ်သည်။

ဘယ်လို လုပ်ရမလဲ ...

"ဝေ"

"ဝေ"

အန်သည်။

သော်က စားချင်သောက်ချင်တဲ့ စိတ်တွေ ပျောက်နေ၏။

အန့်တွေ မခံနိုင် ...

နှုတ်ခမ်းသားလေးတွေက ဖြူရော်နေသည်။

သော်က ဝေဒနာတွေကို တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရ၏။

"သော်က မင်းမှာ ဘာပြဿနာတွေ ဖြစ်နေလဲပြောစမ်းပါ၊ ကိုကို သိချင်တယ်"

သူမ ... ငြင်းခဲ့သည်။

ပြဿနာတွေကို အေးချမ်းစွာ ဖြေရှင်းဖို့ ငြင်းဆန်မိ၏။

ကိုကို မယုံမှာစိုးလို့ပါ။

သော်က ဘာလုပ်ရမလဲ ...

"ဝေ"

"ဝေ"



www.burmeseclassic.com

www.burmeseclassic.com



သော်က မနေနိုင်တော့ ...

စိတ်သောကတွေ ဖိစီးပြီး အိပ်ရာပေါ်မှာ လှဲနေမိသည်။

ကိုကို ရောက်လာမှ ထ၏။

သော်က ဘယ်လို လုပ်ရမလဲ ...

အိမ်မှုကိစ္စတွေ လုပ်ရင်း မူးဝေအော့အန်နေသည်။

"ဝေါ့"

"ဝေါ့"

သော်ကကို ကြည့်ပြီး ကိုကိုက မသင်္ကာတော့ ...

"သော်က ဘာဖြစ်တာလဲ နေမကောင်းဘူးလား၊ ဆေးခန်းပြမှ ဖြစ်မယ်နော်"

"ဟင့်အင်း ... သော်က ဘာမှ မဖြစ်ပါဘူး၊ အနေတလော အိပ်ရေးပျက်လို့ပါ"

"သော်က မင်း တစ်ခုခု ဖြစ်နေတယ် မဟုတ်လား ပြောစမ်း၊ ကိုကို့ကို ဘာလို့ ဟန်ဆောင်နေရတာလဲ"

သူ ...

မပြောနဲ့ ...

စိတ်သောကတွေ အကြီးအကျယ် ဖြစ်နေရသည်။

"ဝေါ့"

"ဝေါ့"





သူမ တစ်ယောက်တည်း ကျိတ်ပြီး အန်လိုက်မိသည်။

မဟာန်နိုင်တော့ ...

သော်က အိပ်ရာပေါ် လဲနေတဲ့အချိန်တွင် ကိုကိုက အမျိုးသမီးဆရာဝန်ကို ခေါ်လာသည်။

စမ်းသပ်စစ်ဆေးပြီးတဲ့ အချိန်မှာတော့ ကိုကို့ထံ သတင်းကောင်းပို့လိုက်၏။

"ချစ်စမ်းမောင် ရှင့်မိန်းမ ကိုယ်ဝန် ရှိနေပြီ"

"ဘာ"

ကိုကို့အသံက အံ့ဩထိတ်လန့်စွာဖြင့် ထွက်ပေါ်လာသည်။

သော်ကလည်း မဟာတ်နိုင်တော့ ...

ဒီလိုကိစ္စမျိုးက ဟန်ဆောင်ဖုန်းကွယ်ထားလို့မှ မရတာပဲ။

ဒေါက်တာ ပြန်သွားတော့ ကိုကို့ ဒေါသတွေက အထွတ်အထိပ်သို့ ရောက်သွားရတော့သည်။

"သော်က ... မင်း ... မင်း"

"ဟို ... သော်က ရှင်းပြပါရစေ ကိုကိုရယ်၊ ဟိုလေ"

"မင်း ... မင်း ဘယ်သူနဲ့ ဖြစ်တာလဲ၊ ပြောစမ်းပါ၊ မင်း ဘယ်သူနဲ့ ဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုသည် တုန်တုန်ယင်ယင်နှင့် ဒေါသတကြီး
ဖြစ်နေသည်။

သော်က ပျော့ခွေပြီး ကျသွားချင်တော့၏။

ဘယ်လို ဖြေရှင်းရမလဲ ...

ကိုကို့ကို ရင်ဆိုင်ဖို့ပဲ ဖြစ်သည်။

"သော်က"

"ရှင်"

"မင်း ဒီကိုယ်ဝန်ကို ဘယ်သူနဲ့ ရတာလဲ"

"ရှင်"

"ပြောလေ၊ မင်းမှာရှိတဲ့ ကိုယ်ဝန်က ဘယ်သူနဲ့ ဖြစ်တာလဲ"

"ကိုကိုနဲ့ပါ"

"ဘာ"

သူမ အမှန်အတိုင်းပဲ ဝန်ခံဖို့ဆုံးဖြတ်လိုက်မိသည်။

"မင်း ... မင်း ... ငါ့ကို မတရားစွပ်စွဲတာပဲ၊ ငါ လက်မခံနိုင်ဘူး၊ အဲဒါ မဖြစ်နိုင်ဘူး၊ ငါနဲ့ မင်း လင်မယားအဖြစ် ပေါင်းသင်းပြောက်တာ တစ်ပတ်တောင် မရှိသေးတာပဲ သော်က"

သော်က ထင်ထားတဲ့အတိုင်း ကိုကိုက လက်မခံ...

ကိုကို့ မျက်ဝန်းတွေက ချက်ချင်း တင်းမာခက်ထန်...
သွားရသည်။





"မဖြစ်နိုင်ဘူး၊ ငါ လက်မခံနိုင်ဘူး၊ မင်း ဒီလို ကိစ္စဖြစ်မယ်ဆိုတာ အစောကြီးတည်းက သိနေပုံပဲ သော်က"

ကိုကို့ကို အဖြစ်မှန်တွေ ရှင်းပြမိသည်။

"သော်က ရက်လို့ပါ ကိုကို၊ အရမ်းရှက်ပြီး ပြောမထွက်တာပါ"

"မဖြစ်နိုင်ဘူး၊ အဲဒီကိစ္စ ငါ လုံးဝ လက်မခံနိုင်ဘူး၊ မင်း ငါ့ကို တရားခံမရှာပါနဲ့"

"ကိုကို"

"ဖယ်စမ်း သော်က၊ မင်း ဘာဖြစ်လို့ ငါ့ကို တရားခံရှာရတာလဲ၊ မင်း ဘယ်သူနဲ့ ရှုပ်ထားလဲ၊ ဒီကိုယ်ဝန်က ဘယ်သူ့နဲ့ ရတာလဲ"

"ကိုကိုနဲ့ တကယ်ပဲ ကိုကိုနဲ့ပါ"

"မဖြစ်နိုင်ဘူး၊ မင်း ... မင်း ... မစွပ်စွဲနဲ့၊ ငါနဲ့ မင်း ဘာမှ မဖြစ်ဘူး၊ မင်း အဲဒီလို ဖြစ်တဲ့ကိစ္စ စောစောက ဘာဖြစ်လို့ မပြောရတာလဲ"

ကိုကို ဒေါသတကြီးနှင့် သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လှုပ်ခါနေသည်။

သော်က အင်အားတွေ ချည့်နဲ့စွာဖြင့် လဲပြိုမတတ်ဖြစ်ရ၏။

"ကိုကိုနဲ့ပါပဲ၊ ကျွန်မ ဘယ်သူနဲ့မှ မဖောက်ပြန်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း၊ မင်းက နေချင်သလိုနေ၊ သွားချင်ရာသွားနေတာပဲ၊ ငါ့ကို ယောက်ျားလို့တောင် အသိအမှတ်ပြုတာမှ မဟုတ်တာပဲ"

"သော်က မလိမ်ပါဘူး ကိုကိုရယ်၊ အဲဒီတုန်းက ကိုကို အရမ်းမူးပြီး လသာဆောင်မှာ လဲနေလို့ သော်က တွဲပြီး အခန်းထဲ ပို့ပေးတာပါ"

"ငါ လက်မခံနိုင်ဘူး၊ မင်း စောစောက ဘာဖြစ်လို့ မပြောရတာလဲ"

"သော်က ရှက်လို့ပါ၊ အဲဒီနောက်ပိုင်း သော်က လိမ်လိမ်မာမာနေဖို့ ဆုံးဖြတ်လိုက်တာပဲ"

"တော်ပြီကွာ"

သူ ...

ထွက်လာခဲ့မိသည်။

အိပ်ခန်းထဲ ပြန်ရောက်လာခဲ့၏။

ဒေါသတွေက ပေါက်ကွဲချင်နေသည်။

"ပုန်း"

"ဒိုင်း"

"ဝုန်း"

မယုံဘူး ...

မင်း လိမ်တာပဲ ...





ငါ လက်မခံဘူး ...

"ကိုကိုနဲ့ပါ၊ သော်က မလိမ်ပါဘူး၊ လသာဆောင်မှာ ကိုကို လဲနေလို့ သော်က တွဲပြီး ပို့ပေးရပါတယ်"

သူ ...

အမူးလွန်တာတော့ အမှန်ပင် ...

ဘာမှ စဉ်းစားမရ ...

"မင်း စောစောက ဘာလို့ မပြောရတာလဲ၊ မင်း ငါနဲ့ အတူတူ မအိပ်ရတာလဲ"

သူနှင့် တုဘက်ပြီး မာန်မာနတွေ ပြိုင်နေသည်။

ထင်ရာစိုင်းနေ၏။

ချစ်ရနှင့် တွဲပြီး လုပ်ချင်တာတွေ လုပ်နေခဲ့သည်။

ငါ့ကို အသုံးချတယ် ...

မင်း အသုံးချတာ မဟုတ်လား ...

အရက်မူးတဲ့နေ့ကို မင်းက အခွင့်အရေးယူလိုက်တာပဲ ...

ငါ ...

မယုံဘူးကွာ ...

သူ့စိတ်ထဲမှာ မသင်္ကာနိုင်ဘဲ ဖြစ်နေရတော့သည်။

"သော်က မင်း ငါ့ကို စိတ်ဒုက္ခရောက်အောင် လုပ်တာပဲ"

သူ ...



www.burmeseclassic.com

www.burmeseclassic.com



ရှက်မိသည်။

တခြားယောကျ်ားတစ်ယောက်နဲ့ ဖြစ်ခဲ့တာကို သူက အဖေ အမည်ခံရမှာလား ...

အရက်မူးတဲ့ညက အဖြစ်အပျက်တွေကို မမှတ်မိတော့။

သော်က အသုံးချတာပဲ ...

အခွင့်အရေး ယူတာပဲ ...

ဒီကလေးကို သူက တာဝန်ယူရမှာလား ...

"ဝုန်း"

"ဒိုင်း"

"ဝုန်း"

တွေ့တဲ့ပစ္စည်းတွေနှင့် နံရံတွေဆီ ပစ်ပေါက်နေမိသည်။

မေမေ ရောက်လာ၏။

သော်က နေမကောင်းဘူးဆို၍ မေမေ လာကြည့်တာပါ။

"သား မင်း ဘာတွေ ဖြစ်နေတာလဲ၊ ဘာတွေ ဒေါကန်နေရတာလဲ"

"မေမေ"

"ပြောလေ သား"





"သော်ကမှာ ကိုယ်ဝန် ရှိနေတယ်"

"အဲဒါ ဘာဖြစ်လဲ သားရယ်၊ ဝမ်းသာစရာပဲဟာ၊ သော်ကလေး နေမကောင်းဘူးဆိုတည်းက ထင်သားပဲ၊ သော်ကရော ဘယ်မှာလဲ"

သားနှင့် သော်က အိမ်ထောင်ရေး အဆင်မပြေဘူးဆိုတာ မိမိ သိသည်။

"သား"

"ဗျာ မေမေ"

"သော်ကမှာ ကိုယ်ဝန်ရှိနေတာကို မင်းက ဒေါသဖြစ်နေတာလား"

"သော်ကရတဲ့ကိုယ်ဝန်က သားနဲ့ ရတာမဟုတ်ဘူး မေမေ"

"ဘာ"

ဒေါ်မြမြ တအံ့တသြ တုန်လှုပ်ချောက်ချားစွာဖြင့် ကြည့်မိသည်။

"မင်း ဘာတွေ ပြောနေတာလဲ ချစ်စမ်းမောင်၊ သော်ကကို မင်း အပြစ်ရှာတာလား၊ သော်ကက အဲဒီလို မိန်းမမျိုး မဟုတ်ဘူးနော်"

"သော်ကနဲ့ သား လင်မယားအရာမြောက်တာ တစ်ပတ်လောက်ပဲ ရှိပါသေးတယ် မေမေ၊ မင်္ဂလာဦးညတည်းက သော်ကနဲ့ အခန်းခွဲအိပ်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် သား"

"သော်ကက နေချင်သလိုနေ၊ သွားချင်ရာသွားနေတာပဲ မေမေ၊ သားနဲ့ အိမ်ထောင်ရေးအဆင်မပြေကြတာ ကြာပါပြီ"

"မဖြစ်နိုင်တာပဲ သား၊ သော်ကဟာ ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းကလေး မဟုတ်ဘူးဆိုတာ ခမေမေ သိပါတယ်"

"ဒီကိုယ်ဝန်က ဘယ်သူနဲ့ ရတာလဲ မေမေ၊ သားနဲ့ မဖြစ်နိုင်ဘူး၊ သား လက်မခံနိုင်ဘူး"

"မင်း လက်ခံရမယ်"

"ဗျာ"

"ဘယ်သူနဲ့မှရကဲ့ ကလေးပဲဖြစ်ဖြစ် မင်း လက်ခံရမယ် သား"

"မေမေ"

"သော်ကကို ဘယ်လိုပဲဖြစ်ဖြစ် မေမေတို့ စောင့်ရှောက်ရမယ်"

ဒေါ်မြမြ ပြောစရာရှိတာကို အပြတ်သားဆုံး ပြောလိုက်မိသည်။

သော်ကကို စောင့်ရှောက်ရမယ် ...

မိမိ ပစ်ထားမိတာပင် အမှားကြီး မှားသွားမိ၏။





"သော်ကကို မေမေ သွားတွေ့မယ်၊ အားမငယ်ဖို့ အားပေးရမယ်၊ သော်က တစ်ခုခု ဖြစ်သွားမှာကို မေမေ လုံးဝ လက်မခံနိုင်ဘူး သား"

ဒေါ်မြမြ ဆုံးဖြတ်ချက်တစ်ခုကို ခိုင်မာစွာ ချလိုက်သည်။

သော်က လိုအပ်နေတဲ့ အကူအညီတွေကို ပေးရမှာပဲ။

"မင်း စောင့်ရှောက်ပါ၊ ပြဿနာတွေကို ငြိမ်းအေးအောင် ဖြေရှင်းပေးပါ သားရယ်၊ မေမေ တောင်းပန်ပါတယ်"

ဒေါသတွေ ပေါက်ကွဲနေတဲ့ သားကို ဖျောင်းဖျနေရသည်။

သော်ကကို တွေ့ပြီး အားပေးရမှာပဲ ...

သူငယ်ချင်းသမီးလေးကို စောင့်ရှောက်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"သော်က"

"မေမေမြ"

"သမီးလေးမှာ ကိုယ်ဝန် ရှိနေပြီဆို"

မေမေမြ ရင်ခွင်ထဲကို သော်က ပြေးဝင်ဖက်တွယ်လိုက်မိသည်။

ကိုကို ဒေါသတွေ ပေါက်ကွဲနေတာ သော်က ကြားနေရ၏။

"သော်က မလိမ်ညာပါဘူး မေမေ၊ တကယ်ပဲ ကိုကို့ ရင်သွေးလေးပါ၊ သော်ကနဲ့ကိုကို အိမ်ထောင်ရေး အဆင်မပြေကြပေမဲ့ ကိုကို အမူးလွန်ပြီး သော်ကနဲ့ ငြိစွန်းကြတာပါ၊ အဲဒါတွေက အမှန်တွေပါပဲ မေမေမြရယ်"





"မေမေမြ ယုံပါတယ်၊ လက်ခံပါတယ် သော်က၊ သမီးလေး ဘာမှ အားမငယ်နဲ့နော်၊ ကျန်းမာအောင်နေ ရင်သွေးလေး အတွက် သော်က အားမွေးရမယ်လေ၊ ဒီရင်သွေးလေးက မေမေမြ မြေးလေးပဲ"

"မေမေမြရယ်"

သော်က ရင်ထဲမှာ အင်အားတွေ တိုးဝင်လာရသည်။

ကိုကို့သွေးပါ ...

သစ္စာဆိုရဲပါတယ် ကိုကိုရယ် ...

သော်က ဒီလောက်အထိတော့ အောက်တန်းမကျသေးပါဘူး ...

"သော်က"

"ရှင်"

"ထ"

"ရှင်"

"မေမေမြတို့ အပြင်ထွက်ကြမယ်၊ သော်ကကို ဆေးခန်းကောင်းကောင်းမှာ သမားတော်ကြီးတွေနဲ့ ပြရမယ်၊ ရင်သွေးလေးကို အထိအနိုက်မခံနိုင်ဘူးလေ"

ကိုကို လက်ခံ ယုံကြည်လာအောင် ဘယ်လို အထောက်အထားတွေပြပြီး ရှင်းရမလဲ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ဘာမှ အားမငယ်နဲ့ကွယ်၊ မေမေမြ အားလုံး ဘာသိန်ယူပါတယ်၊ ကိုကို ပြောတာတွေလည်း သည်းခံလိုက်ပါနော်၊ အမှန်တရားဆိုတာလည်း ရှိပါသေးကယ်၊ တစ်နေ့သား နားလည်လက်ခံလာမှာပါ သမီးရယ်"

သော်က ရပ်ကည့်နိုင်အောင်တော့ ကြိုးစားရမှာပဲ ဖြစ်သည်။

မေမေမြက ဆေးခန်းကို ကိုယ်တိုင် လိုက်ပြပေးခဲ့၏။

"သော်က"

"ရှင်"

"မေမေမြနဲ့ နေမလား"

"ဟင့်အင်း ... ကိုကိုနဲ့ပဲ နေပါမယ်၊ သော်က အနစ်နာခံပြီး ကိုကို့စိတ်ထဲကနေ လက်ခံလာအောင် ကြိုးစားပါ့မယ်"

"သော်က"

"ရှင်"

"ဘာမှ စိတ်ဓာတ်မကျနဲ့၊ ရင်သွေးလေး ကျန်းမာဖို့အတွက် သော်က ဂရုစိုက်နော်၊ မေမေမြ မြေးလေးကို မျှော်လျှော်မျှော်နေမှာ မွေးပေးပါနော်"

"ဟုတ်ကဲ့ပါ"





ရင်သွေးလေးကိုတော့ သော်က ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါဘူး ...

ကြိုးစားမယ် ...

မေမေမြ ပြန်သွားသည်။

သော်က အိမ်မှုကိစ္စတွေကို လုပ်ဖို့အတွက် မီးဖိုခန်းထဲ ဝင်လာခဲ့၏။

ကိုကို့အတွက် ပြင်ဆင်ပေးသည်။

သော်က အများတွေအတွက် သော်က နောင်တရနေမိ၏။

အိမ်ထောင်ရှင် မိန်းကလေးဖြစ်ပြီး နေချင်သလိုနေခဲ့၏။

ယောက်ျားတစ်ယောက်ကို တုဘက်ပြိုင်ခဲ့တာ အမှားပါပဲ။

ကိုကိုရယ် ...

ဒီရင်သွေးလေးက ကိုကို့ ရင်သွေးလေးပါ။

ကိုကို အခန်းထဲမှာ ရှိနေသည်။

စားသောက်စရာတွေ ပြင်ဆင်ပြီး သော်က ကိုကို့အခန်းသို့ လာခဲ့၏။

ကိုကို့ဘက်က ဘယ်လောက်ပဲ အထင်လွဲမှုန်းတီးခဲ့ သော်က အလျှော့ပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့အခန်းရှေ့မှာ ရပ်မိသည်။

ရင်တွေ တုန်လာရ၏။

မေတ္တာဆိုတာ အသွားအပြန် ရှိပါတယ် ဆိုတာ သော်က ယုံကြည်ပါတယ် ...

စိတ်တွေကို တင်းလိုက်မိသည်။

"ကိုကို"

အထဲမှာ ငြိမ်သက်နေသည်။

တံခါးကို စေ့ထား၍ သော်က အသာလေး ဖွင့်လိုက်၏။

"ကိုကို"

"မင်း ဘာလာလုပ်တာလဲ သော်က"

"မနက်စာ စားဖို့ ပြင်ပြီးပါပြီ"

"ငါ မစားဘူး"

သော်က ...

မင်း အခုမှလာပြီး ဘာဖြစ်လို့ အလျှော့ပေးနေရတာလဲ။

အမှားအယွင်းတွေ လုပ်ထားမိလို့ပဲ မဟုတ်လား။

သစ္စာမရှိတဲ့ မိန်းမ ...

ယောကျ်ားအပေါ် မထေမဲ့မြင် လုပ်တဲ့ မိန်းမပဲ။





"သော်က မင်းဟာမင်းနေပါ၊ ငါ့ကို ဘာမှ လာပတ်သက် ဆက်ဆံစရာ မရှိဘူး"

ကျွန်မကတော့ ကိုကို့ကို ပတ်သက်ဆက်ဆံရမှာပဲ။

ကိုကို ကျေနပ်တဲ့အထိ ကျွန်မ အလျှော့ပေးချင်ပါတယ် ...

"ကိုကို ကျွန်မကို ဘယ်လိုပဲ အထင်သေးပါစေ ဒီကိုယ်ဝန်က ကိုကို့ ရင်သွေးလေးဆိုတာ သော်က သစ္စာဆိုပြီး ပြောရဲပါတယ်"

"တိတ်စမ်း၊ မင်း နေချင်သလိုနေတဲ့ မိန်းမပဲ၊ သွားချင်ရာ သွားနေတဲ့ မိန်းမ၊ ငါ မင်းကို မယုံဘူး၊ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး"

"တကယ်ပါ ကိုကို၊ သော်က မလိမ်ပါဘူး၊ တကယ်ပါ ယုံပါ"

"မင်း ထွက်သွားစမ်း၊ ငါ့ဒေါသတွေ မပေါက်ကွဲခင် မင်း ထွက်သွားပါ"

"ကိုကို"

"မင်း ထွက်သွား၊ မင်းကို ငါ ဘာမှ ဆက်မပြောချင်တော့ဘူး သော်က၊ မင်း ထွက်သွား"

သူ ...

လက်မခံနိုင် ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သော်က ဘယ်တော့မှ အလျှော့ပေးတတ်တာ မဟုတ် ...

မာန်မာနတွေနဲ့ မာကျောစွာ နေတဲ့ မိန်းမပဲ ...

"သော်က တောင်းပန်ပါတယ် ကိုကို၊ အရင်က မာန်မာနတွေ ဘယ်လောက်ပဲ ရှိနေပါစေ အခု ကိုကို့ကို အလျှော့ပေးပါတယ် ကိုကို၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ လွယ်ထားရတာက ကိုကို့ရင်သွေးလေး ဖြစ်နေလို့ပါပဲ"

"တော်စမ်း"

"အမှန်တရားတွေပါ ကိုကို၊ သော်က ပြောတာတွေကို ယုံပါနော်"

"မယုံဘူး၊ ငါ လုံးဝ လက်မခံဘူး၊ မင်းက ငါ့ကို ဘာသက်သေအထောက်အထား ပြနိုင်လို့လဲ၊ မင်း အစောကြီးထဲက ဘာလို့ မပြောလဲ"

"သော်က ရှက်လို့ပါ၊ ဒီလို ဖြစ်လာလိမ့်မယ်လို့လည်း မထင်မိလို့ပါ"

"မသိဘူးကွာ၊ ငါ လက်မခံနိုင်ဘူး၊ မင်းကို လက်ထပ်လိုက်မိတာ မှားတာပဲ၊ ငါ အရမ်းစိတ်သောကတွေ ရောက်ရတယ် သော်က၊ မင်းလို မိန်းမဟာစ်ယောက်ကို ငါ လက်မထပ်သင့်ဘူး"

သော်က ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားရတော့သည်။





ပြောရက်လိုက်တာ ကိုကိုရယ် ...

သော်က မှားပါတယ်လို့ တောင်းပန်နေပြီပဲ။

"မင်း ထွက်သွားပါ၊ ငါ့ရှေ့ကနေ မင်း ထွက်သွားပါ"

သော်က အင်အားတွေကို စုစည်းပြီး ပြန်ထွက်လာခဲ့မိသည်။

မီးဖိုခန်းထဲ ပြန်ရောက်လာခဲ့၏။

စားစရာတွေ ပြင်ဆင်ထားပေမဲ့ ကိုကိုက စားမှာ မဟုတ်တော့ ...

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ကျလာသည်။

စိတ်ထိခိုက်ကြေကွဲရလွန်း၍ သော်ကမှာ အင်အားတွေပင် မဲ့နေ၏။

ဘယ်လို လုပ်ရမလဲ ...

မာမီ ...

သော်ကကို ကယ်ပါဦး ...

အမှန်တရားတွေကို သော်က ဘယ်လို အထောက်အထားတွေနဲ့ ရှင်းပြရမလဲဟင် ...

"သော်က မဟောက်ပြန်ပါဘူး ကိုကိုရယ်၊ အမှန်တရားတွေပါနော်၊ သော်ကကို ယုံပါ"

"အဟင့် ... ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်"

"ဟင့်"

သော်က ကြေကွဲစွာဖြင့် တစ်ယောက်တည်း ငိုနေ

သည်။

ကိုကို့ကို ဘယ်လိုမှ ရှင်းပြ၍ မရတော့ပေ။

ဘယ်လို လုပ်ရမလဲ ...

ဒီကနေပဲ သော်က ထွက်သွားရမလား ...

"အမှန်တရားဆိုတာ ရှိပါသေးတယ် သော်ကရယ်၊ မေမေ

က လက်ခံပါတယ်၊ မေမေမြ မြေးလေးကို မေမေ

ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာ မြင်ချင်တယ်"

မေမေမြ စကားတွေကြောင့် သော်က အင်အားတွေ

တက်လာရသည်။

ဟုတ်တယ် ...

သော်ကက အမှန်တရားပဲ ...

ဘာမှ ကြောက်စရာမလိုပါဘူး ...

သော်က စိတ်တွေကို တင်းထားလိုက်မိသည်။

ချစ်စုဆီက ဖုန်းလာ၏။

"သော်က"

"ဟင်"

"ငါ ပြန်တော့မယ်၊ နင့်ကို နှုတ်ဆက်ချင်တယ်ဟာ"





"မဖြစ်ဘူး ချစ်စု"

"ဟင်"

"ငါ အပြင်မထွက်ရတော့ဘူး ချစ်စု"

"နင် ဘာတွေ ဖြစ်နေလဲ၊ ငါ တွေ့ချင်တယ်ဟာ၊ နင့်ကို ဘယ်လိုအကူအညီ ပေးနိုင်မလဲ"

"မလိုပါဘူး ချစ်စု၊ ကိုကိုက ငါ့ကို အပြင်ထွက်တာ မကြိုက်တာပါ၊ ငါ အိမ်ထဲမှာပဲနေတော့မယ်၊ ငါ့အိမ်ထောင်ရေးကို အဆင်ပြေအောင် လုပ်တော့မယ် ချစ်စု"

"နင့်ကို ခုထိ ကိုကိုက အတင်သေးနေတုန်းပဲ မဟုတ်လား သော်က"

"မဟုတ်ပါဘူး"

"သော်က"

"ဟင်"

"ငါ ဘာကူညီရမလဲ"

"မလိုပါဘူးဟာ"

"နင် လိုအပ်ရင် ပြောနော်၊ ငါ ဘယ်လိုကိစ္စမျိုးမဆို နင့်ကို ကူညီမယ်"

ချစ်စု ...

နင် ပြောတော့ရော ကိုကိုက လက်ခံမလား ...



www.burmeseclassic.com

www.burmeseclassic.com



ငါ ကျော်ကျော်ဇင်နဲ့ ဘာမှ မပတ်သက်တာ
ပြောပေးပါ။

"သော်က"

"ဟင်"

"နင် ပြောလေ ဘာကူညီရမလဲ၊ ငါ့ကို နင် မယုံဘူးလား
ကိုကိုက နင့်ကို အထင်လွဲနေတာတွေ ငါ လာရှင်းပြ
ရမလား"

"ဟင့်အင်း"

"နင် ဘာဖြစ်နေတာလဲ"

"ချစ်စုရယ်၊ ငါဘဝနဲ့ငါပါပဲဟာ၊ ငါ့အိမ်ထောင်ရေးကို
ငါ အဆင်ပြေအောင်နေတော့မယ်"

"ကောင်းပါတယ်ဟာ၊ ငါလည်း နင့်ကို မြှောက်မပေး
သင့်ဘူး၊ နင့်ကို ငါ နားလည်ပါတယ်၊ တကယ်လို့ နင့်မှာ
လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ"

"ချစ်စုရယ်"

ချစ်မုဆိုက ထိုစကားမျိုးတွေ ကြားရ၍ သော်က
နည်းနည်း စိတ်အေးသွားရသည်။

"ဝမ်းသာပါတယ် ချစ်စုရယ်၊ နင့်ကို ဘယ်လို အကူအညီ
တောင်းရမလဲဆိုတာတောင် မသိတော့ပါဘူး"

"သော်က"





"ဟင်"

"နင် တစ်ခုခု ဖြစ်နေပြီ မဟုတ်လား"

"ဟင့်အင်း"

သော်က ဖုန်းကို ပိတ်ပစ်လိုက်မိတော့သည်။

❖ ◎ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"သော်က"

"ဟင်"

"မင်း ဘယ်သူ့ဆီ ဖုန်းဆက်နေတာလဲ"

ကိုကို သူမ အနားသို့ ရောက်လာတော့သည်။

ထမင်းစားခန်းမှာ သော်က တသိမ့်သိမ့် ရှိုက်ငိုနေတာ ကိုကို တွေ့သွား၏။

ပြီးတော့ ...

ချစ်စုနှင့် ဖုန်းပြောတာလည်း တွေ့သွားသည်။

"သော်က"

"ဟင်"

"မင်း ဘယ်သူ့ဆီ ဖုန်းဆက်တာလဲ"

"ချစ်စုပါ၊ ကျွန်မဆီကို ဆက်လို့ပါ"





"မင်း ခိုးကြောင်ခိုးဝှက်နဲ့ ဘာဖြစ်လို့ ဖုန်းဆက်နေရတာလဲ"

"မဟုတ်ပါဘူး ကိုကို၊ ချစ်စု ဖုန်းဆက်တာပါ"

"သော်က"

"ရှင်"

"ပြောစမ်း၊ မင်း ဘယ်သူနဲ့ ဆက်သွယ်နေတာလဲ၊ မင်း ဘာတွေ လုပ်နေတာလဲ၊ မင်းကို ဟိုကောင်က လက်ထပ်မယူဘူးလား"

"ကိုကို"

ကိုကို့ဘက်က အဲဒီလောက်အထိပဲ သော်ကကို အထင်အမြင်တွေ သေးနေတာလားဟင် ...

သော်က ဒီလောက်အထိ စိတ်ဓာတ် အောက်တန်း မကျသေးပါဘူး ...

ချစ်စုကို ရှင်းပြခိုင်းရင်လည်း ကိုကိုက လက်ခံမှာ မဟုတ် ...

"ကိုကို့ရင်သွေးလေးပါ၊ ကျွန်မမှာ ပြောစရာ ဒီစကားပဲ ရှိပါတယ်၊ ကိုကို မယုံရင် မေးကြည့်လေ"

"ဘယ်သူ့ကို မေးရမှာလဲ၊ ချစ်စုကိုလား၊ ငါ မယုံဘူး၊ မင်း မဟုတ်တာတွေ လုပ်ပြီး ငါ့ကို မြူဆွယ်ဖြားယောင်းတယ်၊ ထောင်ချောက်ဆင်ပြီး ဖမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆက်မပြောပါနဲ့ကော့ ကိုကို၊ သော်က မကြားချင်ဘူး၊ မပြောပါနဲ့"

သော်က ရှုံးသွပ်စွာဖြင့် အော်ဟစ်ပစ်လိုက်မိသည်။

ကိုကိုရယ် ...

ရက်စက်လိုက်တာ ...

သော်ကအပေါ် တစ်သက်လုံး အထင်သေးနေတော့မှာလား ...

"ငါ့ ရင်သွေးဆိုတာကို ငါ လုံးဝ လက်မခံနိုင်ဘူးနော် သော်က၊ အခု မင်း မုန်းခိုးဆက်နေတယ် မဟုတ်လား သော်က၊ မင်း ဇာတ်ရှုပ်နေတာပဲ"

"တော်ပါတော့ ကိုကို"

"မတော်ဘူးကွာ"

သူ သော်ကကို ချော့ဖို့ အောက်ဆင်းလာတော့ သော်က မုန်းခိုးဆက်နေသည်။

မသက်သာစရာပဲ ...

ချစ်စုက တစ်ဆင့် သော်က တစ်ယောက်ယောက်နှင့် ဆက်သွယ်နေသည်ဟု ထင်မိသည်။

"ငါ့ရင်သွေး မဖြစ်နိုင်ပါဘူး၊ မင်းနဲ့ ငါ ဘာမှ မဖြစ်ခဲ့ဖူးဘူး၊ မင်းက တစ်ခုခု ဖြစ်တော့မယ်ဆိုတာသိလို့ ငါ့ကို သိမ်းသွင်းဖို့ အလျှော့ပေးလာတာပဲ မဟုတ်လား သော်က"





ကိုကို့ကို သော်က ဘယ်လိုမှ ရှင်းပြ၍ မရတော့ပေ။

နဂိုတည်းက အထင်သေးနေတဲ့ ကိုကို့စိတ်အခံရှိနေတာပဲ မဟုတ်လား ...

တဆတ်ဆတ်တုန်ယင်လာတဲ့ နှုတ်ခမ်းသားလေးတွေ မိကိုက်ထားမိသည်။

သော်က ဒီကနေ ထွက်သွားရင် ကောင်းမလား ...

နယ်မှာ ခြံရှိသည်။

သော်က ငယ်စဉ်လေးတည်းက နေလာခဲ့တဲ့ခြံပါ။

ချစ်စုလည်း ရှိသည်။

အဲဒီမှာပဲ သော်က ဘဝကို မြှုပ်နှံလိုက်ရင် ကောင်းမလားပဲ ...

"မင်းကို ဟိုကောင်က လက်မခံလို့ ငါ့အနားမှာ မင်း ကပ်နေတာ မဟုတ်လား"

သူမ ထလိုက်သည်။

ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၍ ယိုင်ခွေကျတော့မတတ်ပင်။

ကိုကိုက ကြည့်နေသည်။

နာကြည်းမုန်းတီးနေတဲ့ မျက်ဝန်းအကြည့်တွေပါ။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ဘာမှ ရှင်းပြနေစရာ မလိုဘူး သော်က၊ ဒါပေမဲ့ မင်းကို ငါ ကွာရှင်းပြတ်စဲလို့မှ မရတာဘဲ၊ မေမေက လက်မခံဘူး၊ မင်း ဘာပဲလုပ်လုပ် ငါ ဒဏ်ခံရတော့မှာပဲ"

ကိုကို ...

ကျွန်မအတွက် ဒဏ်မခံစေရပါဘူးနော် ...

ရင်သွေးလေးက ကိုကို့ ရင်သွေးလေးပါ ...

မျက်ရည်တွေ ပြည့်လာရသည်။

ကိုကို့ရင်သွေးလေးအစစ်ပါဆိုတာ ထပ်ရှင်းမပြချင်တော့ ...

သော်ကကို အထင်သေးနေတဲ့ ကိုကို့ကို ဘယ်လိုပဲ ရှင်းပြ ရှင်းပြ လက်ခံမှာ မဟုတ်ပေ။

"ကိုကို့ကို ကျွန်မ ရှင်းမပြတော့ပါဘူး ဒီရင်သွေးလေးက ကိုကို့ ရင်သွေးပါဆိုတဲ့ စကားကလွဲပြီး ကျွန်မ ဘာမှ ထပ်ပြောစရာ မရှိတော့ပါဘူး ကိုကိုရယ်"

သူမ ...

ကိုကို့ကို ကျောခိုင်းပြီး ထွက်ခွာလာခဲ့မိသည်။

အခန်းထဲ ရောက်လာ၏။

ကိုကို လက်မခံလည်း သော်က မတတ်နိုင်တော့ပါဘူး ...





ရင်သွေးလေးကိုတော့ မွေးဖို့ ဆုံးဖြတ်ထားသည်။

သော်က မဟုတ်တာ လုပ်တာမှ မဟုတ်ဘဲ ...

ကိုကို့ရင်သွေးလေး အစစ်အမှန်ဆိုတာ သော်က အသိဆုံးပဲ။

"ဝုန်း"

"ဒိုင်း"

ကိုကို့အခန်းဆီက ဒေါသပေါက်ကွဲသံတွေ ကြားလိုက်ရသည်။

တဆတ်ဆတ် တုန်ယင်နေတဲ့ နှုတ်ခမ်းလေးကို သွားလေးဖြင့် ဖိကိုက်ထိန်းချုပ်ထား၏။

"သော်က ကိုကို့ကို မမုန်းပါဘူး၊ တကယ်ဆို သော်ကဘက်က အရှုံးတိုက်ခဲ့တာပဲ၊ ကိုကို့ကို ဆန့်ကျင်ခဲ့တဲ့ အမှားတွေပါ၊ သော်က ဘယ်ယောကျ်ားနဲ့မှ မဖောက်ပြန်ပါဘူး၊ မပတ်သက် မဆက်ဆံပါဘူး ကိုကိုရယ်"

သော်က ဘာပြောရမှာလဲ ...

ဘယ်လို ရှင်းပြရမှာလဲ ...

ကိုကို လုံးဝ လက်မခံဘူးဆိုတာ သော်က သိလိုက်သည်။

ရင်ထဲမှာ နာကျင်လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဂန် ရှိကာစမှာ သော်က မစားချင် မသောက်ချင် ဖြစ်ပြီး အင်အားတွေ မဲ့နေရသည်။

မတတ်နိုင်ဘူးလေ ...

သော်က နေမယ် ...

ရင်သွေးလေးကို မွေးမယ် ...

ကိုကို ဘယ်လောက်ပဲ ကျွန်မကို အထင်သေးမုန်းတီးနေပါစေ သော်က ကြံကြံခံမယ် ...

စိတ်မလျှော့ဘူး ...

သော်က အခန်းထဲမှာ တစ်ယောက်တည်း ငြိမ်သက်နေမိသည်။

ကိုကို့ရဲ့ ဒေါသတွေ ပေါက်ကွဲနေတဲ့ အသံတွေကို ကြားနေရသည်။

မကြားချင်ပါဘူး ...

သော်က မရပ်တည်နိုင်တော့ဘူး ...

ငိုနေမိသည်။

ရင်သွေးလေးကို အားမငယ်စေချင်ပေ ...

မေမေမြကတော့ သော်ကကို အားပေးနှစ်သိမ့်သည်။

အကူအညီ ပေး၏။

ဆေးခန်းတွေကို လိုက်ပို့သည်။

ကိုကို့ကိုလည်း စောင်ရှောက်ဖို့ပဲ ပြောနေ၏။





သော်ကကတော့ ကိုကိုနှင့် ကင်းအောင် နေမိသည်။

လုပ်ပေးစရာရှိတာတွေ လုပ်ပေး၏။

ကိုကို ...

အရက်တွေ သောက်သည်။

သော်က စိတ်ဆင်းရဲစွာဖြင့် မြင်တွေ့နေရ၏။

"ကိုကို"

"သွားစမ်း၊ မင်း ဘာလာလုပ်တာလဲ သော်က၊ ထွက်သွား"

"အရက်တွေ မသောက်ပါနဲ့ ကိုကို"

"ဘာဖြစ်လဲ၊ ငါ့ဟာငါ အရက်သောက်တာ ဘာဖြစ်လဲ သော်က၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး၊ မင်း ထွက်သွားပါ"

"မသွားဘူး ကိုကို၊ ဒီလောက်အထိ သော်က မကြည့်ရက်ဘူး၊ သော်က ရှိနေလို့ ကိုကို စိတ်သောကတွေ ရောက်နေတာ မဟုတ်လား"

သော်က ကိုယ်ဝန်က တဖြည်းဖြည်း ရင့်ပြီး မွေးလုမွေးခင် ဖြစ်နေသည်။

နုတ်ခမ်းသားလေးတွေကို ဖိကိုက်ထားရင်း မျက်ရည်တွေ ပြည့်နေတဲ့ မျက်ဝန်းတွေနှင့် ကြည့်မိ၏။

ကိုကို ပျက်စီးနေပြီ။

အရက်တွေ အလွန်အကျွံ သောက်လာပြီး လုပ်ငန်းတွေလည်း မလုပ်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ဘဝကို သော်က ဒီလောက်အထိ မနှစ်ရက်တော့ပါဘူး၊ သော်က ဒီကနေ ထွက်သွားပါတော့မယ်"

"ဘာကွ"

"ကျွန်မ ကိုကို့ကို ကွာရှင်းပေးမှာပါ၊ အရင်က ရင်သွေးလေးကို မွှားမြင်ပြီးမှ ကျွန်မ ကွာရှင်းမလို့ပါ၊ အခုတော့ ကျွန်မ ဒီက ဆင်းသွားပါတော့မယ်"

သော်က ဆုံးဖြတ်လိုက်သည်။

အရာအားလုံးကို သော်က အရှုံးပေးလိုက်တာ အကောင်းဆုံးပါပဲ။

တဖြည်းဖြည်းတော့ အဖြစ်မှန်တွေကို သိနားလည်လာမှာပါ။

"အရက်တွေ မသောက်ပါနဲ့တော့၊ ကျွန်မ ထွက်သွားရင် ကိုကို ဘဝသစ်ကို ပြန်စလို့ရပါပြီ"

သူ ...

သော်ကကို ကြည့်မိသည်။

မူးနေ၏။

ဒီမိန်းမ ...

သူ့ကို ဘာဖြစ်လို့ အရှက်သိက္ခာတွေမဲ့အောင် လုပ်ရတာလဲ ...

စိတ်ဒုက္ခတွေ ပေးနေသည်။





သူမမှာ ရှိနေတဲ့ ကိုယ်ဝန်ကိုလည်း သူ့ကိုယ်ဝန်ဟု မှတ်စွဲတာ နည်းနည်းမှ မကျေနပ်မိပေ။

အမှန်ကို မင်း ဝန်ခံစမ်းပါ။

ဘာဖြစ်လို့ ဝန်မခံရတာလဲ ...

"သော်က"

"ဟင်"

"ဒီကိုယ်ဝန်က ဘယ်သူ့နဲ့ ရတာလဲ၊ ငါနဲ့တော့ လုံးဝ မဖြစ်နိုင်ဘူးနော်၊ မင်း ဝန်ခံပါ၊ ငါ ခွင့်လွှတ်တယ်၊ မင်းကို ငါ စောင့်ရှောက်မှာပါ သော်က"

သူမကို ဆုပ်ကိုင်ထားတဲ့ ကိုကို့လက်တွေကို ဖယ်ရှားပစ်လိုက်မိသည်။

"ကျွန်မကို အဲဒီလောက်အထိ မစော်ကားပါနဲ့ ကိုကို၊ ကျွန်မမှာ ပြောစရာစကား မရှိတော့ပါဘူး၊ ကျွန်မမှာ ဝန်ခံစရာ ဘာမှ မရှိပါဘူး"

ကိုကို့ရင်သွေးလေးကို ကျွန်မ ဘယ်သူနဲ့ ရတာပါလို့ ဝန်ခံရမလဲ ...

မဖြစ်နိုင်တာပဲ ...

ဒါ ...

ကိုကို့ရင်သွေးလေးပဲ ...

ယုံပါ ကိုကိုဆိုတဲ့ စကားကလွဲပြီး ပြောစရာမရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို အရက်မသောက်ပါနဲ့တော့၊ ကျွန်မ ထွက်သွားပါတော့မယ်၊ ကိုကို့ကိုလည်း ကွာရှင်းပေးမှာပါ"

မေမေက သော်ကကို ကွာရှင်းဖို့ လက်မခံပေ။

သူကရော ...

ဒုက္ခပါပဲကွာ ...

ငါ ...

ဘာလုပ်ရမလဲ ...

"မင်း ... မင်း ဘာဖြစ်လို့ ဝန်မခံချင်ရတာလဲ၊ ငါ့ကိုမှ ဘာဖြစ်လို့ စွပ်စွဲချင်နေရတာလဲ"

သူ ...

သော်ကတစ်ကိုယ်လုံးကို စိစိညက်ညက်ကြေအောင် လှုပ်ခါယမ်းပစ်ချင်လာမိသည်။

ဒေါသတွေ ပေါက်ကွဲချင်လာရ၏။

မင်း ဘာဖြစ်လို့ ဝန်မခံရတာလဲ ...

မဖြစ်နိုင်ဘူး ...

ငါကိုယ်ဝန်ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး သော်က၊ လက်မခံဘူးကွာ ...

သော်က ထွက်သွားမယ် ဆိုတော့လည်း သူ့စိတ်ထဲမှာ စိတ်ပူသွားခဲ့သည်။





"သော်ကကို စောင့်ရှောက်ပေးပါ သားရယ်၊ ငယ်ငယ်လေးတည်းက အလိုလိုက်ထားတော့ နည်းနည်းဆိုးချင်တယ်"

မျက်ရည်တွေ ပြည့်နေတဲ့ မျက်ဝန်းတွေနှင့် ရင်ဆိုင်လိုက်ရသည်။

မဖြစ်ချင်ပေ ...

"မင်း သွားတော့၊ မင်း ငါ့ကို ထပ်ဒုက္ခမပေးပါနဲ့၊ မင်း ဒီမှာပဲနေပါ၊ မေမေက ငါ့ကို တစ်ခုခုအပြစ်တင်မှာ ငါ မလိုလားဘူး၊ မင်း ထွက်မသွားနဲ့"

သူ ...

အရက် ဆက်သောက်သည်။

လောကကြီးကို မေ့ပစ်ချင်မိ၏။

သူ့ကျမှ ဘာဖြစ်လို့ ဒီလို အဖြစ်မျိုးတွေနဲ့ ကြုံနေရတာလဲ ...

သော်ကရဲ့ ရှိုက်သံလေးက သူနှင့် အဝေးဆုံးကို ရောက်သွားတော့သည်။

❖ ✪ ❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၄)

သူ ...

မနက်အိပ်ရာမှထတဲ့အချိန်တွင် သော်က မရှိတော့။

တစ်တိုက်လုံးကို လိုက်ရှာပေမဲ့ သော်ကကို မတွေ့ရတော့ ...

သူမ အခန်းထဲ ဝင်ကြည့်တော့ စာတစ်စောင်ပဲ ရေးထားသည်။

"ကိုကို ...

သော်က ထွက်သွားပါပြီ ...

ဘာမှ စိတ်မပူပါနဲ့ ...

ကိုကို့ဘဝ ပျက်သွားမှာကို သော်က မကြည့်ရက်လို့ပါ။ သော်က ကျောင်းစာရျပ်မှာ လက်မှတ်ထိုးပြီး ကိုကို့ဆီ ပို့ပေးလိုက်ပါမယ် ...

သော်က"





"တောက်"

သူ ...

စိတ်ပူသွားရသည်။

ဘယ်မှာ သွားရှာရမလဲ ...

မေမေကတော့ သူ့ကို အပြစ်တင်တော့မှာ သေချာသည်။

ကိုယ်ဝန်အရင့်အမာကြီးနှင့် သော်က ဘယ်သွားနေတာလဲ ...

သူ ဥပေက္ခာပြုထားဖို့ကျတော့လည်း မဖြစ်နိုင်ပေ။

သော်ကအပေါ် သံယောဇဉ် တွယ်မိနေသည်။

ဒါပေမဲ့ ...

ကိုယ်ဝန်နှင့် ပတ်သက်ပြီး သူ့ကို စွပ်စွဲတာပဲ မကျေမနပ် ဖြစ်မိသည်။

ဘယ်သူ့ကိုယ်ဝန်လဲ ...

မင်း ဘာဖြစ်လို့ ဝန်မခံချင်ရတာလဲ သော်က ...

မေမေ့ကို အသိပေးလို့ မဖြစ်သေးဘူး ...

သူ တစ်ယောက်တည်း သော်ကကို ကျိတ်ရှာမှဖြစ်မည်။

ကိုယ်ဝန်အတွက် သော်ကကို မကျေမနပ်ပေမဲ့ သော်က ဒုက္ခရောက်သွားမှာတော့ စိုးပူမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သော်က မင်း ဘာဖြစ်လို့ ထွက်သွားရတာလဲ၊ ကိုယ်ဝန် အရင့်အမာကြီးနဲ့ကွာ"

သူ ...

နောင်တရမိသည်။

သော်ကအပေါ် ဒီလောက်ထိ မရက်စက်သင့်ဟု ထင်မိ၏။

သူကိုယ်တိုင်ကလည်း သော်ကအပေါ် မာန်မာနတွေ နှင့် ဖိနှိပ်ချုပ်ချယ်ဖို့ ကြိုးစားခဲ့မိသည်။

သော်ကက ငယ်တဲ့ သူဆိုတော့ အမှားအယွင်းတွေ ဖြစ်မှာပဲပေါ့။

BURMESE CLASSIC .com

ဘယ်မှာ ရှာရမလဲ ...

အရင်ဆုံး ...

သော်က နေတဲ့ နယ်ကို သူ လိုက်သွားမိသည်။

ချစ်စုနဲ့ တွေ့၏။

"ဘာပြောတယ် ကိုကို၊ သော်ကမှာ ကိုယ်ဝန်ကြီးနဲ့ ဟုတ်လား၊ သော်က ကိုကိုကလွဲပြီး တခြားဘယ်သူနဲ့မှ မပတ်သက် မဆက်ဆံပါဘူး၊ ချစ်စု အာမခံပါတယ်နော်"

သော်ကမှာ ကိုယ်ဝန် အရင့်အမာကြီးနဲ့ ဆိုတော့ ချစ်စုလည်း စိတ်ပူသွားမိသည်။





"သော်က ချစ်စုဆီ မလာပါဘူး ကိုကို၊ ကိုကိုက မကြိုက် လို့ထင်တယ်၊ သော်က အမှားတွေ လုပ်တာက ချစ်စု ခေါ်ရာနောက် လိုက်တာတစ်ခုပါပဲ ကိုကို၊ သော်က အပေါ် အထင်သေး နှိမ်ချတယ်ထင်ပြီး ချစ်စုက ဇွ အတင်း မြှောက်ပေးမိတာပါ"

"ချစ်စု"

"ရှင်"

"မင်းတို့နဲ့ ပတ်သက်ခဲ့တဲ့ ယောက်ျားက ဘယ်သူလဲ"

"ကျော်ကျော်ခင်ပါ၊ မကြာခင် ချစ်စုနဲ့ မင်္ဂလာဆောင်တော့ မယ်လေ၊ လူကြီးချင်းတောင် စေ့စပ်ထားပြီးပြီ"

"ဘာပြောတယ်"

"စောစောပိုင်းကတော့ သော်ကကို အပျိုထင်ပြီး ကျော်ကျော် ခင်က စိတ်ဝင်စားတာပါ၊ နောက်မှ ချစ်စုက အိမ်ထောင် ရှိကြောင်း ပြောလိုက်တာပါ"

သူ အထင်လွဲနေတာတွေ အားလုံး မှားသွားပြီလား။

"ပထမတော့ သော်ကက ချစ်စု ဆန္ဒတွေကို လိုက်လိုက် လျောလျော ရှိတယ်၊ နောက်ပိုင်း ကိုကို ကျေနပ်အောင်နေ ဖို့ သော်က ကြိုးစားတော့မယ်တဲ့၊ ချစ်စုနဲ့ လုံးဝ မတွေ့ တော့ဘူး၊ အပြင်ခေါ်လို့လည်း မရတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချစ်စုက ကျော်ကျော်ဇင်ဆိုတဲ့ လူနှင့် မိတ်ဆက်ပေးသည်။

သူက အဖြစ်အပျက်တွေအားလုံးကို ပြောပြလိုက်ထ ။

"ကျွန်တော်နဲ့ သော်ကာ တွေ့တောင် မတွေ့ပါဘူး ကိုကို၊ သော်ကာက ဣန္ဒြေသိက္ခာကြီးမားတဲ့ မိန်းကလေးတစ်ယောက်ပါ"

သူ ...

ဘာဆက်ပြောရမှန်းပင် မသိတော့ပေ။

"သော်ကာကို အထင်မလွဲပါနဲ့ ကိုကို၊ အပြင်ထွက်တာက လည်း ချစ်စု အတင်းခေါ်လို့ပါ၊ သော်ကာက အရှက် အကြောက် အရှမ်းကြီးပါတယ်"

သော်ကာအတွက် စိတ်အပူကြီး ပူသွားမိသည်။

သူငယ်ချင်းတွေနှင့်လည်း သော်ကာ မဆက်သွယ်ပေ။

"သော်ကာ ပတ်သက်တာ ကျွန်တော်တစ်ယောက်ပဲ ရှိပါတယ်၊ ခင်ဗျား မသက်ာရင် မွေးလာတဲ့ ကလေးကို သွေးစစ်ကြည့်ပေါ့၊ ကျွန်တော်က အေဘီသွေးပါ ကိုကို"

ကျော်ကျော်ဇင်က သွေးအမျိုးအစား စစ်ထားတဲ့ စာရွက်လေးကို ပြသည်။





"သော်ကာအတွက် အရှမ်းစိတ်ပူတယ် ကိုကို၊ ချစ်စုတို့ ဘယ်မှာ သွားရှာကြမလဲ"

သူ ...

ဘာမှ မပြောတတ်တော့ ...

သော်ကာ ...

မင်း ဘယ်ရောက်နေလဲ ...

ကိုကို မှားပါတယ် ...

ယောက်ျားမပီသတဲ့ ယောက်ျားပါ။

"ချစ်စုတို့လည်း ရှာကြပါ၊ ကိုကိုလည်း ရှာမယ်၊ ကိုကို တောင်းပန်ပါတယ် ချစ်စု၊ ကိုကို့ဘက်က ဒီလောက်အထိ သဘောထားမသေးသင့်ပါဘူး"

သူ ...

ပြန်လာခဲ့သည်။

သော်ကာကို ဘယ်လိုမှ ရှာဖွေစုံစမ်းလို့မရဘဲ ဖြစ်နေ၏။

မေမေ့ကိုလည်း အသိမပေးရဲ ...

"ရင်သွေးလေးက ကိုကို့ရင်သွေးလေးပါ ဆိုတာကလွဲပြီး ကျွန်မမှာ ဘာမှ ပြောစရာမရှိတော့ပါဘူး ကိုကို"

သော်ကာ ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါသတွေ ပေါက်ကွဲပြီး တုံ့ပြန်ခဲ့မိ၏။

"ကိုကို အရက်တွေ အမူးလွန်ပြီး လသာဆောင်မှာ အိပ်ပျော်နေလို့ ကျွန်မ အခန်းထဲအထိ တွဲပို့ရပါတယ်၊ အဲဒီညမှာပဲ ကိုကိုက သော်ကကို"

သူ အရက်မူးလွန်တဲ့ ညကို တွေးမိနေသည်။

မနက်မိုးလင်းတော့ သူ့အိပ်ခန်းထဲ ပြန်ရောက်နေ၏။

သော်က ပို့ထားတာပဲ ...

အဲဒီညတစ်ညပဲ သူ အရက်မူးလွန်းသွားခဲ့တော့သည်။

ကျန်တဲ့ ညတွေက သိပ်မမူး ...

အသိရှိနေသည်။

အမူးလွန်တဲ့ ညက အဖြစ်အပျက်တွေကို မမှတ်မိတော့ ...

"နောက်ပိုင်း သော်ကကို ခေါ်လို့မရတော့ဘူး၊ အိမ်ထောင်ရှင်မကောင်းတစ်ယောက် ပီသအောင်ပဲ နေတော့မယ်တဲ့"

ချစ်စု ပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

နောက်ပြီး ...





သူ့အိပ်ခန်းရှင်းတော့လည်း ခုတင်အောက်မှ သော်က ထိုးတတ်တဲ့ ဆံထိုးလေးတစ်ခုကို တွေ့လိုက်ရတော့သည်။

ရက်တွေ ကြာပြီးဖြစ်၍ ဖုန်တွေပင် အထပ်ထပ်တက်နေ၏။

သူ သန့်ရှင်းရေးမလုပ်တာ ကြာပြီဖြစ်သည်။

စိတ်ညစ်ပြီး အခန်းကို ပစ်ထားမိ၏။

"ကိုကို ကျွန်မကို မစော်ကားပါနဲ့၊ ကျွန်မ အဲဒီလောက်အထိ အောက်တန်းမကျဘူး"

သော်က အပေါ် သူ ရက်စက်လိုက်ပြီ ဆိုတာ သူ သိလိုက်သည်။

ဒီဆံထိုးလေး သူ့အခန်းထဲ အရင်တည်းက သော်က ရောက်ခဲ့ကြောင်း သိသာထင်ရှားနေ၏။

သူ မှားပြီ ...

သော်ကအပေါ် အထင်သေးပြီး သူ ထင်ချင်သလို ထင်ခဲ့မိသည်။

ဥပေက္ခာတွေ ပြုခဲ့၏။

လက်ထပ်ပြီးတည်းက သူ့ပုံစံခွက်ထဲ သွင်းဖို့ ကြိုးစားခဲ့မိသည်။

မင်းရဲ့ ဆန္ဒတွေကို အမြဲတမ်း မသိကျိုးကျွံပြုချင်တာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်ရမလဲ ...

သော်ကကို ဘယ်မှာ သွားရှာရတော့မှာလဲ ...

ကိုယ်ဝန် အရင့်အမာကြီးနဲ့ သော်က တစ်ခုခု ဖြစ်သွားရင် သူ ဘယ်လိုမှ ဖြေလို့ရတော့မှာ မဟုတ်ပေ။

တွေးလေ စိတ်ပူလေဖြစ်ပြီး နေရာအနှံ့ ရှာမိသည်။

မတွေ့ပေ။

နောက်ဆုံးတော့ မေမေ့ကိုပဲ ဖွင့်ပြောလိုက်ရတော့သည်။

"သော်ကကို ဘယ်လို ရှာရမလဲ မေမေ၊ ကျွန်တော် အရမ်းစိတ်ပူနေတယ်၊ သော်က တစ်ခုခုဖြစ်သွားရင် ကျွန်တော် ဘယ်လိုမှ ဖြေနိုင်တော့မှာ မဟုတ်ပါဘူး"

"မင်းပဲ အထင်သေးနေတာ မဟုတ်လား၊ သော်ကကို ကွာရှင်းပြတ်စဲချင်နေတာ မဟုတ်လား"

"သား တောင်းပန်ပါတယ် မေမေ၊ သော်ကအပေါ် သား အများကြီး အမှားတွေလုပ်ခဲ့မိတာပါ၊ သား သော်ကကို ဘယ်လို ရှာရမလဲဟင်၊ အကြံပေးပါဦး မေမေ"

"သား"

"မေမေ"

"မင်း သော်ကို ချစ်သွားပြီလား"





"ချစ်တယ် မေမေ၊ ကျွန်တော် လက်ထပ်ပြီး အတူတူ နေတည်းက သော်ကကို ချစ်မိသွားတာပါ၊ ဒါပေမဲ့ မာမာ ကျောကျော နေတတ်တဲ့ သော်က အကျင့်စရိုက်တွေကြောင့် အမြင်ကတ်မိတာပါ"

"မင်း သော်က အပေါ် ချစ်တယ် ဆိုရင်တော့ သော်က ရှိတဲ့နေရာကို မေမေ ပြောပြမယ်"

"ဗျာ ... မေမေ သိတယ် ဟုတ်လား၊ သော်ကက ဘယ်မှာ ရှိတာလဲ ပြောပါ"

သူ စိတ်လှုပ်ရှားပြီး မေမေ့ကို အလောတကြီး မေးမိသည်။

"သော်က ဆေးခန်းမှာပါ၊ မင်း ရင်သွေးလေး မွေးပြီးပြီ၊ မင်းနဲ့ ချွတ်စွပ်တူတဲ့ သားလေးပဲ၊ သွေးအမျိုးအစားက လည်း အိုသွေးလေ သား၊ မင်း သံသယကင်းအောင် မေမေ စစ်ကြည့်ခဲ့တာလေ"

"ဟုတ်လား မေမေ၊ တကယ်လားဟင်၊ ကျွန်တော် သွားမယ်၊ အားပေးရမယ်၊ သော်က ကျေနပ်တဲ့အထိ ကျွန်တော် တောင်းပန်မယ်"

သော်ကကို မေမေက တမင် ဖွက်ထားခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်သွေးလေး မွေးပြီတဲ့ ...

ဝမ်းသာလိုက်တာ ...

သော်က ရှိနေတဲ့ ဆေးခန်းကို သူ ရောက်လာခဲ့သည်။

အခန်းကို ဖွင့်ပြီး အပြေးအလွှား ဝင်လာခဲ့မိ၏။

"သော်က"

"ဟင် ... ကိုကို"

အခန်းထဲမှာ ရှိနေတဲ့ သူနာပြုဆရာမလေးက အပြင်ထွက်သွားသည်။

"သော်ကရယ် ... ကိုကို ရှာလိုက်ရတာ၊ ချစ်နုတို့ဆီလည်း ရောက်တယ်၊ သော်ကကို ဘယ်မှာမှ မတွေ့လို့ ကိုကို အရမ်းစိတ်ပူနေတာ"

"ကိုကို လိုက်ရှာနေတဲ့အကြောင်း မေမေက ပြောပါတယ်၊ သော်က ချစ်စုဆီ သွားပြီး အကူအညီ တောင်းတော့ ချစ်စုက မေမေ့ဆီ အကြောင်းကြားလို့ မေမေက လာခေါ်တာလေ"

"သော်ကရယ်"

သော်က လက်လေးကို သူ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။





ဗိုက်ခွဲမွေးထား၍ သော်က သိပ်ပြီး မလှုပ်နိုင်ပေ။

"ကိုကို တောင်းပန်ပါတယ်ကွာ၊ ကိုကို့ရင်သွေးလေးကို သော်က ဗိုက်ခွဲမွေးနေတဲ့အချိန်မှာ ကိုကို မရှိခဲ့ဘူးလေ"

"ကိုကို"

"ဟင်"

"သော်ကအပေါ် အထင်မလွဲတော့ဘူးပေါ့နော်"

"ကိုကို မှားပါတယ်ကွာ၊ တောင်းပန်ပါတယ်၊ သော်က အပေါ် ကိုကိုလည်း မာန်မာနတွေနဲ့ ဆက်ဆံခဲ့တာပဲ မဟုတ်လားကွာ၊ ကိုကို့ ရင်သွေးလေးရော"

ဘေးမှာ ပုခက်လေးနှင့် သိပ်ထားတဲ့ ရင်သွေးလေးကို မွေ့ယူချီထားမိသည်။

"တကယ့်ကို ကိုကိုနဲ့တူတဲ့ သားလေးပဲ၊ အရမ်းချစ်စရာကောင်းတာပဲကွာ"

သော်က ပြုံးနေသည်။

အခုမှ သူရယ် သော်ကရယ် သားလေးရယ် ပျော်ရွှင်ချမ်းမြေ့စရာကောင်းတဲ့ မိသားစုလေးတစ်ခုကို တည်ဆောက်နိုင်တော့မည်ဖြစ်၏။

"နောက်ဆိုရင် သော်က ဘယ်တော့မှ စိတ်ညစ်စရာတွေ မရှိတော့ပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေတဲ့ သော်က နှုတ်ခမ်းလေးကို အသာအယာ နမ်းမိသည်။

သော်ကလည်း ရင်ထဲမှာ ပျော်ရွှင်ချမ်းမြေ့သွားရ၏။

တစ်ယောက်လက်ကို တစ်ယောက် တင်းကျပ်စွာ ဆုပ်ကိုင်ထားမိတော့သည်။

BURMESE CLASSIC .com

စာကလုံးကို ချစ်ခင်လေးစားစွာဖြင့်
ကျေးဇူးသယ်ကြာ
တင်ပြလိုက်ပါလို

မိကိုဋ္ဌးဝင်



www.burmeseclassic.com